ကြေးမုံ

The Mirror
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ စနေနေ့ (23-2-2013) (၇၄၀၅)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဘရူနိုင်းဒါရူဆလမ်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၏ (၂၉)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘုရင် ဆူလ်တန် ဟာဂျီ ဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင် ဝါဒူလာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. V.S Seshadri အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက မိမိအနေဖြင့် တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဝိုင်းဝန်းပံ့ပိုး ကူညီပေးခဲ့သည့်အတွက် အစစအရာရာ အဆင်ပြေချောမွေ့အောင်မြင်ခဲ့ပါကြောင်း၊ ထို့အတွက် အလွန်ကျေးဇူးဥပကာရ တင်ရှိပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်းသိရှိရသည်။

(သတင်းစဉ်)

ခေတ်မီအခြေခံအဆောက်အအုံ တည်ဆောက်မှုအတွက် ဂျပန်နည်းပညာ အဆင့်မြင့်ကွန်ကရစ်ပြားများ ထုတ်လုပ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

တန်ဖိုးနည်းအိမ်ရာစီမံကိန်း နှောင့်နှေးကြန့်ကြာမှုမရှိစေရန်နှင့် အများပြည်သူ လက်ငင်းလိုအပ်နေသော ခေတ်မီအခြေခံအဆောက်အအုံများ အချိန်တိုအတွင်း အမြန်တည်ဆောက် အကောင်အထည်ဖော်ရန်အတွက် မြန်မာနိုင်ငံ MAGA MANUFACTURING Co., Ltd. နှင့် ဂျပန်နိုင်ငံ NIPPON CONCRETE INDUSTRIES Co., Ltd. တို့ အဆင့်မြင့် နည်းပညာပူးပေါင်း ဆက်သွယ် သဘောတူစာချွန်လွှာလက်မှတ်ရေးထိုးပွဲကို ဖေဖော်ဝါရီ ၁၀ရက်တွင် ပြုလုပ်ခဲ့ကြောင်း မာဃကုမ္ပဏီ အော်ပရေးရှင်း ဒါရိုက်တာ ဦးကျော်ကျော်ဦး၏ ရှင်းလင်းမှုအရ သိရသည်။

ဂျပန်အဆင့်မြင့်နည်းပညာ စာချွန်လွှာရေးထိုးခြင်းနှင့် ပတ်သက်၍ စာနယ်ဇင်း ရှင်းလင်းပွဲပြုလုပ်ရခြင်းမှာ

စာမျက်နှာ ၅ ကော်လံ ၅ သို့ ❖

ပနားမားတူးမြောင်းတိုးချဲ့ရာမှ ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိ

ပနားမားစီးတီး ဖေဖော်ဝါရီ ၂၂

ပနားမားတူးမြောင်းတိုးချဲ့ရေးစီမံကိန်းတစ်ရပ်ကို အကောင်အထည်ဖော်ရာမှ နှစ်ပေါင်း သန်း ၂၀ သက်တမ်းရှိ ကျောက်ဖြစ်ရုပ်ကြွင်း အမြောက်အမြားကို ရှာဖွေတွေ့ရှိရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဖေဖော်ဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

လွန်ခဲ့သည့် နှစ်ပေါင်း သန်း ၂၀ က မြောက်အမေရိကတိုက်၏ တောင်ဘက်စွန်းဒေသ၌ နေထိုင်ကျက်စားခဲ့သော သတ္တဝါအမျိုးမျိုးနှင့် သက်ဆိုင်နေသည့် ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိရခြင်းသည် သိပ္ပံပညာရှင်များအတွက် ရှေးဟောင်း ရတနာသိုက်တစ်ခုကို ရှာဖွေတွေ့ရှိရပုံမျိုးဖြစ်သည်။

ပနားမားတူးမြောင်းကို လွန်ခဲ့သည့် နှစ် ၁၀၀ ခန့်က တည်ဆောက်ခဲ့စဉ်က ပနားမားနိုင်ငံ၏ အတိတ်သမိုင်းကြောင်းနှင့် သက်ဆိုင်နေသော ကျောက်ဖြစ်ရုပ်ကြွင်းအမြောက်အမြားနှင့် ဘူမိဗေဒဆိုင်ရာ သဲလွန်စများကို ရှာဖွေတွေ့ရှိခဲ့သည်။

ပနားမားတူးမြောင်းတိုးချဲ့ရေးစီမံကိန်းကို ဒေါ်လာ ၅ ဒသမ ၆ သန်း အကုန်အကျခံကာ ဆောင်ရွက်လျက်ရှိရာမှ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိရကြောင်း ပနားမားနိုင်ငံရှိ စံမစ်ဆိုးနီးယန်း သုတေသနသိပ္ပံမှ ဒါရိုက်တာ ဘာမင်ဂမ်က ပြောကြားသည်။

သိပ္ပံပညာရှင်များ နောက်ဆုံးတွေ့ရှိရသော ကျောက်ဖြစ်ရုပ်ကြွင်းတစ်ခုမှာ ရှေးဟောင်းသစ်ကုလားအုတ်တစ်ကောင်၏ ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်သည်။

သုတေသီများသည် မကြာသေးမီက ပနားမားတူးမြောင်းဒေသ၌ တူးဖော်မှု

ဘာသာပြန် သတင်းလုလင်

အများအပြားကို ပြုလုပ်ခဲ့ရာတွင် ရှေးဟောင်းတိရစ္ဆာန် အမျိုးမျိုး၏ ကျောက်ဖြစ်ရုပ်ကြွင်းများကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ သစ်ကုလားအုတ်များ၊ မြင်းများ၊ ဝက်ဝံများနှင့် သက်ဆိုင်နေသော ရုပ်ကြွင်းများကို လေ့လာခွင့်ရရှိခဲ့ခြင်းဖြင့် အမေရိကတိုက် စတင်ဖွဲ့စည်းခဲ့ပုံကို သိရှိလေ့လာနိုင်မည်ဟု သုတေသီများက မျှော်လင့်ကြသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ❍



ပနားမားတူးမြောင်း တိုးချဲ့ရေးစီမံကိန်းဆောင်ရွက်ရာမှ ရှာဖွေတွေ့ရှိရသော သစ်ကုလားအုတ်ကျောက်ဖြစ်ရုပ်ကြွင်းကို တွေ့ရစဉ်။

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ချင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်၊
မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကို ရရန် အနည်းဆုံး (၃) နှစ်ကြာပါသည်၊

ကျွန်မကသစ်တောတက္ကသိုလ်ကျောင်းသူတစ်ယောက်ဖြစ်ပြီး သစ်တောကြိုးဝိုင်းများသို့သွားကာ လက်တွေ့လေ့လာကွင်းဆင်းမှုများကို ရက်ပေါင်းများစွာပြုလုပ်ရပါသည်။နေဒဏ်၊ လေဒဏ်တို့ကြောင့် တောဆင်းပြီးသည့်အခါတိုင်း အသားအရေနှင့်ပတ်သတ်၍ အလွန်စိတ်ဆင်းရဲမိပါသည်။ ကျွန်မတို့ကိုအုပ်ချုပ်သည့်ဆရာမကတော့ သနပ်ခါးဖွေးဖွေးလေးနဲ့ အရင်လိုပဲကြည်ကောင်းနေပါသည်။ ဆရာမ့်နားကပ်ကာလျှို့ဝှက်ချက်ကိုမေးကြည့်တော့ "ဆရာမမှာဘာလျှို့ဝှက်ချက်မှမရှိပါဘူး။ ရွှေပြည်နန်းကုံးကော်ဝတ်ဆံသနပ်ခါးပဲ ပုံမှန်လိမ်းတာ(၃)နှစ်လောက်တော့ရှိပြီ။ အစတုန်းကfieldထဲကိုလာတိုင်း အသားအရေတွေပျက်စီးလိုက်တာ။ ဆရာမ့်မိတ်ဆွေဆရာဝန်တစ်ယောက်ကို အကြံဉာဏ်တောင်းတော့ သူကရွှေပြည်နန်းကိုညွှန်းလို့သုံးဖြစ်သွားတာ။ ပုံမှန်လိမ်းရင် အသားအရေလည်းပိုကောင်းလာပြီး နေဒဏ်၊လေဒဏ်လဲခံနိုင်တယ်။"လို့ပြောပြခဲ့ပါတယ်။ ခုတော့ ရွှေပြည်နန်းကြောင့် အသားအရေနဲ့ပတ်သတ်တဲ့ စိတ်ညစ်စရာတွေမဖြစ်တော့ပါဘူး။ ရွှေပြည်နန်းမသုံးဘူးသေးတဲ့သူတွေအားလုံးကိုလည်းစေတနာအပြည့်နဲ့တိုက်တွန်းလိုက်ပါတယ်။ သုံးဖူးအောင်သုံးကြည့်ကြပါလို့။

မြန်မာနိုင်ငံရဲ့ အကောင်းဆုံးထဲကတစ်ခု

မဆုရည်လွင် (စတုတ္ထနှစ်) သစ်တောတက္ကသိုလ်၊ တောင်တွင်ကြီးမြို့နယ်၊ မကွေးတိုင်း။
ထပ်ဆင့်တောက်စ်သူ-ဓောင်သန်းဇော် (Final Part 2) ဆေးတက္ကသိုလ်၊ မကွေးတိုင်း။

ကြေးမုံ စာတည်းရှုထောင့် ၂၃-၂-၂၀၁၃ (စနေနေ့)

စွမ်းအင်ပြန်လည်ပြည့်ဖြိုး

စွမ်းအင်သည် လူသားအားလုံးအတွက် မရှိမဖြစ်လိုအပ်သောအရာဖြစ်သည်။ ကမ္ဘာတွင် လူသားများတစ်နေ့တခြား တိုးပွားလာမှုနှင့်အတူ လူသားတို့လိုအပ်ချက်ဖြစ်သည့် စွမ်းအင်အရင်းအမြစ်ဖြည့်ဆည်းပေးမှုမှာ တစ်နေ့တခြား မြင့်မားလာသည်။

မြန်မာတို့၏ လူမှုဘဝပုံစံ၌ စွမ်းအင်ကို ယာဉ်၊ စက်တို့တွင် အသုံးပြုမှုများသည်ကို တွေ့ရသည်။ စွမ်းအင်ကဏ္ဍအနေဖြင့် ထိုယာဉ်၊ စက်တို့ဖြင့် မပြီးဘဲ လူသုံးလျှပ်စစ်ကဏ္ဍတွင်ပါ နေ့စဉ်လိုအပ်ချက်အဖြစ် သုံးစွဲလာသောကြောင့် အလေးထားဆောင်ရွက်ဖွယ်ဖြစ်လာခဲ့သည်။

ထို့ကြောင့် ဇန်နဝါရီ ၉ ရက်က နိုင်ငံတော်စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒုတိယသမ္မတ ဦးဆောင်သော အမျိုးသားစွမ်းအင်စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းခဲ့ပေသည်။

တစ်ဖန် လွှတ်တော်အနေဖြင့်လည်း နိုင်ငံတော်၏ လတ်တလောကြုံတွေ့ရင်ဆိုင်နေရသော အကျပ်အတည်းသာမက ရေရှည်နှစ်ပေါင်းများစွာ မျိုးဆက်သစ်များ၏ အနာဂတ်ဘဝများကိုပါ လွှမ်းခြုံနိုင်စေမည့် အမျိုးသားစွမ်းအင် လုံခြုံရေးမဟာဗျူဟာတစ်ရပ်ကို ရေးဆွဲအကောင်အထည်ဖော်ရန် အချက်ကို ထည့်သွင်းရေးဆွဲထားပြီး အဆင့်လိုက် အကောင်အထည်ဖော်မည်ဟု ကြားသိရသဖြင့် အများပြည်သူအတွက် ဝမ်းမြောက်မိပါသည်။

စွမ်းအင်ဟူသည် ကုန်ဆုံးသွားသောပစ္စည်းဖြစ်၍ ကမ္ဘာလောကကြီးအတွက် စိုးရိမ်ပူပန်ဖွယ်ဖြစ်လာပေသည်။ ထို့ကြောင့် ထိုအကျပ်အတည်းကိုဖြေရှင်းနိုင်ရန်အတွက် ကမ္ဘာ့နိုင်ငံများက နည်းလမ်းပေါင်းစုံ တီထွင်ကြံဆလုပ်ကိုင်လာကြသည်။

မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့အရေးသာမက မြန်မာ့အရေးပါဖြစ်လာ၍ ယခုကဲ့သို့ ကြိုးပမ်းလုပ်ဆောင်လာမှုများကို ကြိုဆိုရမည်ဖြစ်သလို သက်ဆိုင်သူအားလုံးတို့ကလည်း လုပ်ငန်းများအောင်မြင်အောင် တက်တက်ကြွကြွလုပ်ဆောင်ကြရမည်ဖြစ်သည်။

လူမှုဘဝနယ်ပယ်တွင် လောင်စာစွမ်းအင်ကဏ္ဍသည်လည်း အရေးပါသည့်အချက်ဖြစ်သည်။ ယခုအခါ မြို့နေလူတန်းစားများအဖို့ လောင်စာစွမ်းအင်ကို လျှပ်စစ်စွမ်းအားအဖြစ် ရယူသုံးစွဲနေကြသကဲ့သို့ လူအများစုနေထိုင်ရာ ကျေးလက်ဒေသများတွင်မူ ထင်း၊ မီးသွေးများကိုသာ သုံးစွဲနေကြဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ထိုသို့သုံးစွဲကြခြင်းကြောင့် လျှပ်စစ်စွမ်းအင်ကို လိုသည်ထက် ပိုမိုထုတ်လုပ်နေရပြီး ထင်း၊ မီးသွေးအတွက် သစ်ပင်စွမ်းအင်ရယူသုံးစွဲနေရဆဲဖြစ်၍ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လျက်ရှိသည်။

ထို့ကြောင့် ထင်း၊ မီးသွေးအစားထိုးနိုင်ရန်အတွက် ရေနံဓာတ်ငွေ့ရည်တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူး၊ ရောင်းချသည့်လုပ်ငန်းဆောင်ရွက်ရန်၊ အရောင်းဆိုင်သစ်များတည်ဆောက်ရန်၊ စခန်းသစ်များနှင့် ဓာတ်ငွေ့ရည်ဆိပ်ကမ်းအသစ်များတည်ဆောက်ရန် အစီအစဉ်များပြုလုပ်နေသည်ကိုလည်း တွေ့ရပါသည်။

စက်မောင်းဆီနှင့်ပတ်သက်၍ အစားထိုးလောင်စာ သုံးစွဲနိုင်ရေးအတွက် စီအင်န်ဂျီဆိုင်များ ဖွင့်လှစ်ရောင်းချခြင်း၊ ယာဉ်များကို အစားထိုးပြောင်းလဲတပ်ဆင်ခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိရာ ပိုမိုထိရောက်စွာ တိုးချဲ့ဆောင်ရွက်ပေးသွားနိုင်ရန် လိုလားလျက်ရှိသည်။

ထိုမျှနှင့်ပင်မပြီးဘဲ နည်းပညာနှင့်ပစ္စည်းကို အသုံးပြု၍ သဘာဝကပေးသော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တို့ကို နိုင်ငံတကာအကူအညီဖြင့် ဆက်လက်ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ရေအား၊ လေအား၊ နေရောင်ခြည်အား၊ ဘူမိအပူစွမ်းအားတို့သည် ရေနံစွမ်းအားတို့ထက် ပိုမိုထိရောက်သော သဘာဝပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည်။ ထိုစွမ်းအင်များကို ပိုမိုကျယ်ပြန့်စွာ ထုတ်ယူသုံးစွဲကြဖို့ လိုအပ်မည်ဖြစ်သည်။

အစိုးရ၊ အသင်းအဖွဲ့၊ လူမှုအဖွဲ့အစည်း၊ နိုင်ငံခြားဖက်စပ်သာမက တစ်ဦးချင်းအလိုက်ပါ နည်းလမ်းပေါင်းစုံဖြင့် ပိုမိုကြိုးပမ်းအားထုတ်ကြခြင်းဖြင့် စွမ်းအင်ခြိုးခြံချွေတာရေးနှင့် စွမ်းအင်ကို အကျိုးရှိရှိ ထိရောက်စွာ အသုံးချနိုင်ရေးအတွက် အလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့မှသာ အနာဂတ်လူမှုဘဝ ရေရှည်လိုအပ်ချက်ဖြစ်သည့် စွမ်းအင်ကဏ္ဍနှင့် လျှပ်စစ်ကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာပြီး ပြည်သူလူထု၏ လူမှုစီးပွားဘဝသာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများပါ ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ပါသည်။ ။

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ် ဖွင့်လှစ်နိုင်ရေးဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်တွင် သင်ကြားမည့် ဘာသာရပ်ကိစ္စများ၊ တက္ကသိုလ်အတွက် လိုအပ်သော ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများ၊ ကျွမ်းကျင်ပညာရှင်များ၊ Internet Facilities များ၊ အခြား Infrastructure များ စသည့်ကိစ္စရပ်များနှင့် အချိန်မီတက္ကသိုလ်ဖွင့်လှစ်နိုင်ရေးကိစ္စများကို အိန္ဒိယသမ္မတနိုင်ငံ၏ အထောက်အပံ့ဖြင့် မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်အား မန္တလေးမြို့၌ ဖွင့်လှစ်နိုင်ရေးအတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးနှင့် အိန္ဒိယသမ္မတနိုင်ငံမှ ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ် Mr. S. Ramadorai ဦးဆောင်သော Task Force Team အဖွဲ့တို့သည် ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ တွေ့ဆုံဆွေးနွေးကြသည်။

မြန်မာသတင်းအချက်အလက်နှင့် နည်းပညာတက္ကသိုလ်၌ ဘွဲ့ကြိုနှင့် ဘွဲ့လွန်ဆိုင်ရာ သင်တန်းများ ဖွင့်လှစ်သင်ကြားသွားမည့်အပြင် တက္ကသိုလ်၏ အဓိကလုပ်ဆောင်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် Research Centre for e-Commerce and e-Governance, Centre for Communication, English and Soft Skills, Centre for Network Management, Centre for Corporate Professional Development နှင့် Centre for Community Learning Management စသည့် ဌာနကြီးများကိုပါ ထည့်သွင်းဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကျေးလက်ဒေသများအရောက် အခမဲ့ဆေးဝါးကုသ

ရေတာရှည် ဖေဖော်ဝါရီ ၂၂

မြို့ပြနှင့်ဝေးကွာသည့် ကျေးလက်ဒေသများရှိ ပြည်သူများအား ဆွာမြို့ ဇီဝိတဒါန အခမဲ့ဆေးကုသခန်းမှ ဒေါက်တာမောင်မောင်ထွေး၊ မြို့နယ်တိုင်းရင်းဆေးကုသရေးဦးစီးဌာနမှ ဒေါ်နှင်းနှင်းနှင့် ဆွာမြို့သွေးအလှူရှင်များအသင်း၊ မြို့မိမြို့ဖများ ပါဝင်သောအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီခွဲမှစ၍ ဆွာမြို့ စစ်တောင်းမြစ် တစ်ဖက်ကမ်းရှိ စည်ပိုင်းကျေးရွာ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် အခမဲ့ဆေးဝါးများ ကုသပေးခဲ့ကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

စည်ပိုင်းကျေးရွာ၊ ရှမ်းစုကျေးရွာ၊ သဖန်းစင်ကျေးရွာ၊ ကျွန်းကုန်းကျေးရွာ၊ ပိတောက်ကုန်းကျေးရွာများနှင့် အနီးဝန်းကျင်ဒေသများမှ လာရောက်ပြသ၍ အနောက်တိုင်းဆေး၊ တိုင်းရင်းဆေးများဖြင့် စုစုပေါင်း လူနာ ၅၀၀ ကျော် ကုသပေးနိုင်ခဲ့ကြောင်း သိရသည်။

ကိုလွင် (ဆွာ)

ဒသမအကြိမ်မြောက် စုပေါင်းထမနဲဆွမ်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ ရေ-မီး-ဆွမ်း-ဆေး အလှူတော်နှင့် ဗုဒ္ဓတစ်ထောင် မင်းကွန်းတောင် စီမံကိန်းကြီး၏ပဓာန ဦးဆောင်ဆရာတော် ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တဓမ္မသာရ (ဒီယဘာဏက) အရှင်မြတ်အား အမှူးထား၍ မင်းကွန်းတောင်ရိုး မဟာသံဃိကဓမ္မသာရ ရေ-မီး-ဆွမ်း-ဆေး အလှူတော်အဖွဲ့ကြီး၏ ဒသမအကြိမ်မြောက် စုပေါင်းထမနဲ ဆွမ်းလှူဒါန်းပွဲကြီးကို ၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၆ရက် (မတ် ၃ ရက်) (တနင်္ဂနွေနေ့)တွင် သာကေတမြို့နယ် ၇/အနောက်ရပ်ကွက် အောင်ချမ်းသာ (မြေနီ)လမ်းရှိ မင်းကွန်းဓမ္မသာရ ပရိယတ္တိစာသင်တိုက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့နံနက် ၅ နာရီတွင် သံဃာတော် အပါး ၁၀၀၀ ကျော်အား ထမနဲဆွမ်း လောင်းလှူမည်ဖြစ်ပြီး နံနက် ၇ နာရီမှစ၍ ဧည့်ပရိသတ်တို့အား ဧည့်ခံကျွေးမွေးမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ထမနဲ တစ်ဒယ်လျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် မင်းကွန်းဓမ္မသာရ ပရိယတ္တိစာသင်တိုက် ဖုန်း- ၄၅၀၆၅၈၊ ၀၉-၅၁၁၄၆၀၉၊ ၄၅၀၈၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ပြည်တွင်းရေးရာ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ အမေရိကန်နိုင်ငံ The Carter Center မှ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အမေရိကန်နိုင်ငံ The Carter Center မှ ဒီမိုကရေစီအစီအစဉ်ညွှန်ကြားရေးမှူး Dr. David Carroll ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။(ယာပုံ)

ထိုသို့တွေ့ဆုံရာတွင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးစားဆောင်ရွက်နေမှု၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်နေမှု၊ ရွေးကောက်ပွဲကျင်းပရာတွင် တရားမျှတရေးနှင့် လွတ်လပ်မှုရှိရေးအတွက်အတွေ့အကြုံများဖလှယ်ရေးအပေါ် ဆွေးနွေးပြောကြားရာ ဧည့်သည်တော်က ရွေးကောက်ပွဲတွင် စောင့်ကြည့်လေ့လာမှုများနှင့် ကမ္ဘာ့အဆင့်မီရွေးကောက်ပွဲများ ကျင်းပသည့် ပုံစံစနစ်များအား ပြန်လည်ဆွေးနွေးပြောကြား၍ နှစ်ဦးနှစ်ဖက် ရင်းနှီးချစ်ခင်စွာ အမြင်ချင်းဖလှယ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဒေါက်တာမြင့်ကြည်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့် ဦးဝင်းကို၊ ကော်မရှင်အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ (သတင်းစဉ်)



နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်သူ့လွှတ်တော် နိုင်ငံတကာဆက်ဆံရေးကော်မတီ ဥက္ကဋ္ဌ ဦးလှမြင့်ဦးအား Canadian Parliamentary Center ဥက္ကဋ္ဌ Mr. Jean-Paul Ruszkowski ဦးဆောင်သော ကနေဒါ အထက်လွှတ်တော်နှင့် အောက်လွှတ်တော်မှ ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အဆောင်အမှတ် (၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး လွှတ်တော်များက လက်ရှိဆောင်ရွက်နေသည့် ဥပဒေပြုရေး၊ ဘတ်ဂျက်စိစစ်ရေးလုပ်ငန်းများ၊ လွှတ်တော်အစည်းအဝေးများ ကျင်းပခြင်းဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ နှစ်နိုင်ငံလွှတ်တော်များအကြား ပူးပေါင်းဆောင်ရွက်ရေး လုပ်ငန်းအစီအစဉ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ (သတင်းစဉ်)

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ထိုင်းနိုင်ငံလွှတ်တော် (House of Representative) နိုင်ငံခြားဆက်ဆံရေးကော်မတီဥက္ကဋ္ဌ Mr. Sunai Chulpong Satorn ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာမျိုးသက်နှင့် ဗဟိုအလုပ်အမှုဆောင်များသည် ဖေဖော်ဝါရီ ၁၈ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ တွေ့ဆုံကြပြီး မြန်မာ- ထိုင်း ချစ်ကြည်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မှုခင်းကျဆင်းရေး အသိပညာပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသော ပြည်သူများ မှုခင်းဖြစ်ရပ်မှန်များ သိရှိတွေ့မြင်ပြီး မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင်တစ်ဝိုက်တွင် ထူးခြားဖြစ်စဉ်တွေ့ရှိပါက အချိန်နှင့်တစ်ပြေးညီ ပြစ်မှုဆိုင်ရာဥပဒေအရ ပြည်သူနှင့်ရဲ ကြည်ဖြူစွာလက်တွဲဖော်ထုတ်ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၏ ညွှန်ကြားချက်များနှင့်အညီ အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံး၏ စီစဉ်မှုဖြင့် မြောက်ဥက္ကလာပမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးကြပ်၍ ပြည်သူများအား မှုခင်းဖြစ်ရပ်မှန် ဗီဒီယိုခွေပြသရှင်းလင်းခြင်း "မှုခင်းကျဆင်းရေး အသိပညာပေး" လုပ်ငန်းကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် (၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (ထွန်းဝင်း)

မြန်ပြည်တစ်ခွင်သာစေချင် မီးတွင် မပေါ့နှင့်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၃-၂-၂၀၁၃ (စနေနေ့)

၅း၀၀	"မိဘနှင့်နောင်တ" တရားတော် (ချောင်းဦးဆရာတော် ဒေါက်တာ အရှင်ကိတ္တိသာရ)
၈း၂၅	Kid's Show
၉း၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေညင်းလေးရဲ့ ပျော်ရွှင်မှု" (အပိုင်း-၂၈)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၁း၅၀	အနုပညာမိုးကောင်းကင်
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "The Sign of Love" (Season-2) (အချစ်သင်္ကေတ)(အပိုင်း - ၁၉)

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၁၅	Fulham - Stoke	(ESPN)
၉း၃၀	Arsenal - Aston Villa	(Star Sports)
၉း၃၀	QPR - Man U	(ESPN) (MRTV -4)

Spain Laliga ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Zaragoza - Valencia	(Star Sports)

နံနက်ပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၃၀	Deportivo - Real Madird	(Star Sports)
၃း၃၀	Barcelona - Sevilla	(Star Sports)

* ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်အားထိန်းညှိမည်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

စွမ်းအင်ဝန်ကြီးဌာန ရတနာဓာတ်ငွေ့ ကမ်းလွန်တွင်းတူးစင်၏ ကမ်းလွန်ပလက်ဖောင်းတွင် အရေးပေါ်ပြုပြင်ရေးလုပ်ငန်းများကို ဖေဖော်ဝါရီ ၂၄ ရက် (၀၀း၀၁)နာရီမှ ဖေဖော်ဝါရီ ၂၅ ရက် (၂၃း၅၉) နာရီအထိ ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီးဌာနမှ ညှိနှိုင်းလာခဲ့ရာ စွမ်းအင်ဝန်ကြီးဌာနမှ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်ငွေ့ ရေနွေးငွေ့စက်ရုံများဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ လက်ရှိပေးပို့နေသော သဘာဝဓာတ်ငွေ့ ကုဗပေ သန်း ၁၄၅ အနက် ကုဗပေ ၁၃၄ သန်းလျော့ပြီး ကုဗပေ ၁၁ သန်းသာ ရရှိနိုင်မည်ဖြစ်သည်။

ထိုသို့ သဘာဝဓာတ်ငွေ့ လျော့နည်းရရှိမှုကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိသဘာဝဓာတ်ငွေ့သုံး စက်ရုံလေးရုံမှ ဓာတ်ငွေ့တာဘိုင်စက် ခုနစ်လုံးနှင့် ရွှေတောင်၊ မော်လမြိုင်၊ သထုံတို့မှ ဓာတ်ငွေ့တာဘိုင်စက် ခြောက်လုံး စုစုပေါင်း ၁၃လုံး ခေတ္တရပ်တန့်ထားရမည်ဖြစ်ပြီး လက်ရှိဓာတ်အားထုတ်လုပ်မှု ၃၁၀ မဂ္ဂါဝပ်မှ ၂၀၅ မဂ္ဂါဝပ်ခန့် လျော့နည်းပြီး ၁၀၅ မဂ္ဂါဝပ်ခန့်သာ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။

ယင်းသို့ ဓာတ်အားထုတ်လုပ်မှု လျော့နည်းသွားသည့်အတွက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ များမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို တိုးမြှင့်ဖြည့်ဆည်းမောင်းနှင်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး အချို့နေရာများတွင် အလှည့်ကျဝန်အားလျှော့ချ၍ ဓာတ်အားပို့လွှတ်ခြင်းများကိုဝန်အားထိန်းညှိဆောင်ရွက်သွားမည် ဖြစ်ကြောင်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

PUN HLAING HOSPITAL
ISO 9001:2008
ISO 14001:2004
နှာခေါင်းနှင့်ပတ်သက်သော ရောဂါများကို မှန်ပြောင်းဖြင့်ခွဲစိတ်ကုသမှုအစီအစဉ်
Endoscopic Sinus Surgery
နာတာရှည်ထိပ်ကပ်နာများ၊ နှာခေါင်းအတွင်းရှိ အဖုအကျိတ်များ၊ အလွန်အမင်းနှာခေါင်းသွေးယိုမှုများနှင့် ဦးခေါင်းခွံအောက်ခြေရှိ အဖုအကျိတ်များကို မှန်ပြောင်းဖြင့်အနုစိတ်ခွဲစိတ်ကုသခြင်း စသည်တို့ အပါအဝင်အခြားနှာခေါင်းနှင့်ပတ်သက်သောရောဂါများကို
မြန်မာနိုင်ငံ နှင့် စင်ကာပူ နိုင်ငံမှ အထူးကုဆရာဝန်ကြီး တို့ပူးပေါင်း၍ ဖေဖော်ဝါရီလ ၂၈ ရက်မှ မတ်လ ၃ ရက်နေ့အထိ
ပန်းလှိုင်ဆေးရုံကြီးတွင်လာရောက်ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်းသတင်းကောင်းပါးအပ်ပါသည်။
ဆက်သွယ်ရန် – ရန်ကုန် (၀၁) ၆၈၄၃၂၃၊ (၀၉) ၄၂၁ ၀၄၂ ၆၇၉၊ (၀၁) ၂၄၃၀၁၀ / မန္တလေး (၀၉) ၄၃၂၀၇၇၈၁

ဆီးရီးယားနိုင်ငံအရေးတွင် အမေရိကန်က စံနှစ်မျိုးကျင့်သုံးဟု ရုရှားစွပ်စွဲ

ဆီးရီးယားနိုင်ငံ မြို့တော်ဒမတ်စကတ်၌ အစိုးရထောက်ခံသူများက ရုရှားနိုင်ငံအား ထောက်ခံကြောင်း ဆန္ဒပြနေကြစဉ်။

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၂

အမေရိကန် ပြည်ထောင်စုသည် ဆီးရီးယားနိုင်ငံအပေါ်တွင် စံနှစ်မျိုးရှိသည့်မူဝါဒကို ကျင့်သုံးနေကြောင်း ရုရှားနိုင်ငံက စွပ်စွဲလိုက်ပြီး ဒမတ်စကတ်မြို့တွင်ဖြစ်ပွားခဲ့သော ကားဗုံးဖောက်ခွဲမှုတစ်ရပ်နှင့် ပတ်သက်သည့် ကုလသမဂ္ဂလုံခြုံရေး ကောင်စီ၏ထုတ်ပြန်ချက်တစ်ရပ်ကိုလည်း ပြစ်တင်ရှုတ်ချခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

ဖေဖော်ဝါရီ ၂၁ ရက်က ဒမတ်စကတ်မြို့လယ်ရှိ လူစည်ကားသော လမ်းမကြီးတစ်နေရာတွင် ဖြစ်ပွားခဲ့သော ကားဗုံးပေါက်ကွဲမှုကြောင့် လူ ၅၃ဦးသေဆုံးခဲ့ရပြီး ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ အနီးရှိ ရုရှားသံရုံးတွင်လည်း အပျက်အစီးများ ဖြစ်ပေါ်ခဲ့ရသည်။

ဆီးရီးယားနိုင်ငံအတွင်း၌ လှုပ်ရှားဆောင်ရွက်နေသည့် အကြမ်းဖက်သမားများ၏ လုပ်ဆောင်မှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ်ပါဝင်နေသည့်အမေရိကန်ပြည်ထောင်စုအနေဖြင့် တစ်စုံတစ်ရာ ရှုတ်ချပြောဆိုခြင်းမရှိသည့်အတွက် မိမိတို့စိတ်အနှောင့်အယှက် ဖြစ်ရကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗ်ရော့စ်က တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးမှုအပြီးတွင် ကျင်းပသော ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ မိမိတို့နှင့်လုပ်ဖော်ကိုင်ဖက် အမေရိကန်နိုင်ငံက အကြမ်းဖက်သမားတို့၏ လှုပ်ရှားဆောင်ရွက်မှုများအပေါ် ဝေဖန်ရှုတ်ချရမည့် အခြေခံစည်းမျဉ်းကို သွေဖည်၍ စံနှစ်မျိုး ကျင့်သုံးခြင်းသည် အလွန်ဘေးအန္တရာယ်ကြီးသော ယိမ်းယိုင်မှုဖြစ်သည်ဟုယုံကြည်ကြောင်း၊ ယင်းအခြေခံစည်းမျဉ်းသည် နိုင်ငံတကာလူ့အဖွဲ့အစည်းအတွက် အကြမ်းဖက်သမားတို့၏ လှုပ်ရှားဆောင်ရွက်မှုကို ဆန့်ကျင်ရေးအတွက် စည်းလုံးညီညွတ်မှုကို လုံခြုံစိတ်ချရစေကြောင်း ၎င်းက ပြောကြားသည်။ **အေပီ။**

အာဖဂန်၌ဖမ်းဆီးထားသောစစ်သွေးကြွခေါင်းဆောင်ကို လွှဲပြောင်းပေးအပ်ရန် ပါကစ္စတန်တောင်းဆို

အစ္စလာမ္မာဘတ် ဖေဖော်ဝါရီ ၂၂

ယခုရက်သတ္တပတ်တွင် အာဖဂန်အာဏာပိုင်များက ဖမ်းဆီးခဲ့သော ပါကစ္စတန် တာလီဘန်အထက်တန်းခေါင်းဆောင်တစ်ဦးကို လွှဲပြောင်းပေးအပ်ရန် ပါကစ္စတန်နိုင်ငံက တောင်းဆိုလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနက ဖော်ပြသည်။

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်းတွင် ပါကစ္စတန်တာလီဘန် ဒုတိယအကြီးအကဲဟောင်း မော်လ်ဗီဖာကျူမူဟာမက်ကို ထိန်းသိမ်းခဲ့သည်ဟု အာဖဂန်ထောက်လှမ်းရေးအရာရှိများက သတင်းဌာနသို့ အတည်ပြုပြောကြားသည်။

ထွက်ပြေးခဲ့

ဖာတာသည် ၂၀၀၈ခုနှစ်တွင် ၎င်းနေထိုင်ရာဒေသအတွင်း အစိုးရတပ်ဖွဲ့က စစ်ဆင်ရေးဆင်နွှဲမှုကြောင့် အာဖရန်နစ္စတန်နိုင်ငံသို့ ထွက်ပြေးခဲ့သည်။ ၎င်းသည် ဘာဂျာမျိုးနွယ်စုဒေသရှိ တာလီဘန်ခေါင်းဆောင်တစ်ဦးဖြစ်သည်။

ဖာတာသည် ဘာဂျာဒေသ၌ ပါကစ္စတန်တပ်ဖွဲ့ကို တိုက်ခိုက်မှုများ ပြုလုပ်ရာတွင် နောက်ကွယ်မှ ကြိုးကိုင်နေသူဟု ယူဆရသည်။

အကြမ်းဖက်မှုများကြောင့် ဖာတာအား ပြန်လည်လွှဲပြောင်းပေးရန် ပါကစ္စတန်အစိုးရက တောင်းဆိုခဲ့သည်ဟု နိုင်ငံခြားရေးဌာန ပြောရေးဆိုခွင့်ရှိသူ မိုဇမ်ခန်က ပြောကြားသည်။ **ဆင်ဟွာ။**

အိန္ဒိယနိုင်ငံ ဟိုက်ဒြာဘတ်မြို့ဆင်ခြေဖုံး၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် တွေ့ရစဉ်။

အိန္ဒိယနိုင်ငံ ဟိုက်ဒြာဘတ်မြို့၌ ဗုံးများပေါက်ကွဲ လူ ၂၀ ထက်မနည်းသေဆုံးပြီး ၅၀ ကျော်ဒဏ်ရာရ

ဟိုက်ဒြာဘတ် ဖေဖော်ဝါရီ ၂၂

အိန္ဒိယနိုင်ငံ ဟိုက်ဒြာဘတ်မြို့ရှိ လူနေသိပ်သည်းသောဆင်ခြေဖုံးဒေသတစ်နေရာတွင် ဗုံးပေါက်ကွဲခဲ့ရာ လူ ၂၀ထက်မနည်းသေဆုံးပြီး လူ ၅၀ ကျော်ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ဖေဖော်ဝါရီ ၂၁ရက်တွင် ပြောကြားသည်။

အကြမ်းဖက် တိုက်ခိုက်မှုလုပ်ရပ်အတွက် တာဝန်ရှိသူများကို အပြစ်ပေးအရေးယူသွားမည်ဖြစ်ကြောင်းဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ပြောကြားသည်။

မကြာသေးမီက ခွဲထွက်ရေးဝါဒီတစ်ဦးကို သေဒဏ်ပြစ်ဒဏ်ချမှတ်ခဲ့မှုနှင့်ပတ်သက်၍ ကက်ရှ်မီးယားဒေသတွင် ကန့်ကွက်ဆန္ဒပြမှုများဖြစ်ပွားခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း၌ လုံခြုံရေးအရ တပ်လှန့်ထားချိန်တွင် ဗုံးပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဟိုက်ဒြာဘတ်မြို့ရှိ ဟိန္ဒူဘာသာဝင်များနေထိုင်ရာရပ်ကွက်တစ်ခုတွင် ဗုံးများပေါက်ခွဲခဲ့ခြင်းဖြစ်သည်။ ဟိုက်ဒြာဘတ်မြို့သည် အိန္ဒိယနိုင်ငံ၏ သတင်းအချက်အလက် နည်းပညာဆိုင်ရာစက်မှုလုပ်ငန်းများ အခြေစိုက်ရာဒေသဖြစ်သည်။

ရိုက်တာ။

ဖိလစ်ပိုင်တောင်ပိုင်းတွင် ရေလွှမ်းမိုးခြင်းနှင့် မြေပြိုခြင်းများဖြစ်ပွား လေးဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

မနီလာ ဖေဖော်ဝါရီ ၂၂

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်းများ ဖြစ်ပွားသဖြင့် လူလေးဦး သေဆုံးပြီး လေးဦးဒဏ်ရာရရှိကြောင်း ဖိလစ်ပိုင်နိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ် လျှော့ပါးရေးနှင့် စီမံခန့်ခွဲရေးဌာနက ဖေဖော်ဝါရီ ၂၂ရက်တွင်ပြောကြားသည်။

ရေလွှမ်းမိုးမှုကြောင့် ဖိလစ်ပိုင်တောင်ပိုင်း၌ လူနှစ်ဦးလည်း ပျောက်ဆုံးလျက်ရှိကြောင်း ယင်းဌာနကပြောကြားသည်။

မင်ဒါနာအိုဒေသတွင် ရေလွှမ်းမိုးခြင်း၊ မြေပြိုခြင်းကြောင့် ပြည်သူ ၁၈၃၉၆ဦး ရွှေ့ပြောင်းပေးလိုက်ရကြောင်း၊ ပြည်နယ်အများအပြားရှိ လူနေအိမ် ၈၇ လုံး ပျက်စီးသွားကြောင်း၊ ရေလွှမ်းမိုးမှုဒဏ်ခံကြရသော မိသားစုများအတွက် အစားအစာနှင့် အထောက်အပံ့ အကူအညီများအား အရေးပေါ် ကယ်ဆယ်ရေးဌာနများက အမေရိကန်ဒေါ်လာ ၁ဒသမ ၆၈သန်းဖိုး ပေးအပ်ခဲ့ကြောင်း ဖိလစ်ပိုင်အစိုးရက ပြောကြားသည်။

ဆင်ဟွာ။

UNIQUE STAR TRAVELS & TOURS

PROMOTION (၃)ဦးဝယ်လျှင် + (၁)ဦး အခမဲ့

. တောင်ကြီး၊ အင်းလေး	Feb 25/Mar 1,23	(185,000)
. ပုဂံ(စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ	Feb 23/Mar 1,23	(175,000)
. ပုဂံ+မန္တလေး၊ပြင်ဦးလွင်	Feb 23/Mar 1,23	(175,000)
. ပုဂံ+ရွှေစက်တော်	Feb 23/ Mar 1,23	(175,000)
. အလောင်းတော်ကဿပ	Feb 23/Mar 1,23	(195,000)
. ချောင်းသာ HOTEL MAX	Mar 24	(75,000)
. ချောင်းသာ (15,000)/ ငွေဆောင် (20,000)/ ကျိုက်ထီးရိုး		(12,000)

No(5), Asia Plaza. 391 372, 391 373, 708 353, 705 723, 09 514 8079.
09 7310 9133, 09 7310 9144, 09 7310 9155, 09 7310 9166.

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက သက်ဆိုင်ရာကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ကော်မရှင်အဖွဲ့ဝင်များမှ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာကြသူများက အထွေထွေ ဆွေးနွေးကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဘရူနိုင်းနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျရောက်သော ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၏ (၂၉)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး မင်းသား ဟာဂျီ မိုဟာမက် ဘိုလ်ကီးယား ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံနှင့် The Carter Center တို့အကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် အမေရိကန်နိုင်ငံ The Carter Center မှ ဒီမိုကရေစီ အစီအစဉ် ညွှန်ကြားရေးမှူး Dr. David Carroll တို့သည် ယနေ့နံနက် ၈ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် The Carter Center တို့အကြား ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ပြည်သူများသို့ အသိပေးတင်ပြချက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ သတင်းအချက်အလက်နှင့် နည်းပညာဌာနမှ ရန်ကုန်မြို့ ဟံသာဝတီရှိ ISP CORE NETWORK UPF grade ပြုလုပ်ဆောင်ရွက်ခြင်းကို ၂၄-၂-၂၀၁၃ ရက် (တနင်္ဂနွေနေ့) နံနက် ၂ နာရီမှ နံနက် ၅ နာရီအထိ အောက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်မည့် အစီအစဉ် အချိန်များတွင် ယှဉ်တွဲဖော်ပြပါအတိုင်း ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးမြို့တို့တွင် အင်တာနက်သုံးစွဲမှုနှင့် အီးမေးလ်သုံးစွဲမှုတို့သည် နံနက်စောစောပိုင်းအချိန်များတွင် ၁၅ မိနစ်ခန့် ယာယီပြတ်တောက်မည်ဖြစ်ပါကြောင်း အသိပေးတင်ပြအပ်ပါသည်။

နေ့စွဲ	လုပ်ငန်းဆောင်ရွက်မည့်အချိန်	လုပ်ငန်းဆောင်ရွက်မှု	ပြတ်တောက်အချိန်နှင့် ပြတ်တောက်မည့် Service
၂၄-၂-၂၀၁၃ တနင်္ဂနွေနေ့	နံနက် (၂း၀၀) နာရီ	Edge Router (ER) Cisco 7609 ကို Catalyst 6509 ဖြင့် အစားထိုးလဲလှယ်ခြင်း	၁၅ မိနစ် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး အင်တာနက်သုံးစွဲမှု ယာယီပြတ်တောက်မည်။
	နံနက် (၃း၀၀) နာရီ	Main Firewalls (HA) ပြောင်းရွှေ့ချိတ်ဆက်ခြင်း	(၁၅)မိနစ် ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေး အီးမေးလ်သုံးစွဲမှု ယာယီပြတ်တောက်မည်။
	နံနက် (၃ း ၃၀) နာရီ	Border Router အသစ်(၁) လုံး တပ်ဆင်ခြင်း	ပြတ်တောက်မှုမရှိပါ။
	နံနက် (၅း၀၀) နာရီ	Edge Router အသစ်(၁)လုံး တပ်ဆင်ခြင်း တစ်ခါတစ်ရံ Load Balalcerအသစ်(၁)လုံး တပ်ဆင်ခြင်း Bluecoat အသစ်(၂)လုံးတပ်ဆင်ခြင်း Firewall အသစ်(၂)လုံး တပ်ဆင်ခြင်း DNS အသစ်(၂)လုံး တပ်ဆင်ခြင်း NAT Gateway အသစ်တည်ဆောက်ခြင်း Transparent Proxy ပြုလုပ်ခြင်း	တစ်ခါတစ်ရံ Network Stable မဖြစ်ခြင်းမျိုး ကြုံတွေ့နိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

○ ရွှေဖုံးမှ

ပနားမားတူးမြောင်းသည် ကာရစ်ဘီယန်ပင်လယ်မှတစ်ဆင့် အတ္တလန္တိတ်သမုဒ္ဒရာကို ပစိဖိတ်သမုဒ္ဒရာနှင့် ဆက်သွယ်ပေါင်းကူးပေးသည့် အရေးပါသော တူးမြောင်းဖြစ်သည်။ ကုန်းမြေထုနှစ်ခုကို ဆက်သွယ်ပေးသော ပနားမားကျွန်းဆက်ကိုဖြတ်ကာ တူးမြောင်းကို ဖောက်လုပ်ထားသည်။ ၄၈ မိုင်အရှည်ရှိ ပနားမားတူးမြောင်းအတွင်း ကုန်သင်္ဘောကြီးများ လွယ်ကူစွာ ဝင်ထွက်နိုင်ရန် တူးမြောင်းအကျယ်ကို တိုးချဲ့လျက်ရှိသည်။

ပနားမားတူးမြောင်းတိုးချဲ့ရေးစီမံကိန်းကို ၂၀၁၄ ခုနှစ် ဆောင်းဦးပေါက်ထက် နောက်မကျဘဲ အပြီးဆောင်ရွက်မည်ဖြစ်သည်။**(ပီအာအိုင်)**

❖ ခေတ်မီအခြေခံအဆောက်အအုံမှ

မာဃကုန်ထုတ်လုပ်မှု ကုမ္ပဏီသည် လွန်ခဲ့သော ၁၀ စုနှစ်ခန့်လောက်က မြို့ပြလိုအပ်ချက်ဖြစ်သည့် လျှပ်စစ်ဓာတ်တိုင်များနှင့် လမ်းပန်းဆက်သွယ်မှု၌ အဓိကလိုအပ်သော လမ်းဖြတ်မြေအောက်သုံး ရေလွှဲအဆင့်မြင့်ကွန်ကရစ်ပိုက်အမျိုးမျိုးကို ထုတ်လုပ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ ပါဝင်ပူးပေါင်း၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၎င်းအပြင် ယနေ့တိုင်းရင်းသား ကုန်ထုတ်စီးပွားရေး တဖြည်းဖြည်းမြင့်မားကျယ်ပြန့်လာမှုနှင့် အတူ နိုင်ငံတော်၏ တန်ဖိုးနည်းအိမ်ရာ စီမံကိန်း လက်ငင်းအကောင်အထည်ဖော်မှု၌ မြို့ပြအခြေခံအဆောက်အအုံများ အမြန်ဆုံးပေါ်ထွန်းလာရေးအတွက် မာဃကုန်ထုတ်လုပ်ရေး ကုမ္ပဏီက ခေတ်မီအခြေခံအဆောက်အအုံ တည်ဆောက်မှုတွင် လျှပ်စစ်အမြန်ပြီးစီးနိုင်မည့် အရည်အသွေးမြင့် အသင့်ပြုလုပ်ပြီး ကွန်ကရစ်ကြမ်းခင်း (INSTALLATION OF PRECOST SLABS) နှင့် အဆောက်အအုံနံရံကာနိုင်သည့် အရည်အသွေးမြင့် ကွန်ကရစ်နံရံသုံးအပြားများကို တန်ဖိုးနည်းအိမ်ရာများအတွက် ထုတ်လုပ်လျက်ရှိသည်။

အဆိုပါ အသင့်ပြုလုပ်ပြီး ကွန်ကရစ်နံရံပြားနှင့် ကွန်ကရစ်ကြမ်းခင်းတို့သည် အဆင့်မြင့်ဘိလပ်မြေနှင့် အရည်အသွေးမြင့်သံချောင်းများ သုံးထားသည့်အတွက် ရေရှည်ခိုင်ခံ့ခြင်း၊ ဈေးနှုန်းချိုသာခြင်း၊ အစိမ်းရောင်စီးပွားရေးကို လုံးဝအထောက်အကူပြုခြင်း၊ တည်ဆောက်မှုလျင်မြန်ခြင်း၊ လိုအပ်သောအရွယ်အစားကို မှာကြားနိုင်ခြင်း စသည်တို့ ရှင်းလင်းမှုအရ သိရသည်။ ၎င်းအပြင် အသင့်ပြုလုပ်ထားသော ကြမ်းခင်းနှင့် အိမ်သုံးနံရံသုံးခြင်းဖြင့် နံရံအုတ်စီလုပ်ငန်း လုံးဝဆောင်ရွက်စရာမလိုကြောင်းနှင့် ငလျင်ဒဏ်အထိုက်အလျောက် ခံနိုင်ရည်ရှိသော အရည်အသွေးမြင့်သံချောင်းများ ထည့်သွင်းထားကြောင်း သိရသည်။

(စောသိန်းဝင်း)

အမျိုးသားရေးကြိုးစားပေး SEA Games ပြိုင်ပွဲကြီးအောင်မြင်ရေး

(၂၇)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပနိုင်ရေးသည် မျက်မှောက်ကာလ နိုင်ငံသားတိုင်း၏ ပခုံးပေါ်သို့ ကျရောက်လာသော ဂုဏ်ယူဖွယ် သမိုင်းပေးတာဝန်ကြီးပင်ဖြစ်ရာ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့် အမျိုးသားရေးအားမာန်တို့ကို အခြေခံ၍ ယင်းသမိုင်းပေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားရမည်ဖြစ်သည်။ ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို ဒီဇင်ဘာလ ၁၁ ရက်နေ့မှ ၂၂ ရက်နေ့အထိ မြန်မာနိုင်ငံတွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ရာ အောင်မြင်စွာကျင်းပနိုင်ရေးနှင့်အတူ ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများအားလုံး အောင်နိုင်ရေးသည်လည်း အလွန်တရာအရေးကြီးလှပါသည်။ မြန်မာ့အားကစားသမိုင်းတွင် (၄၄)နှစ်ကြာမှ ဤအားကစားပွဲကြီးကို အိမ်ရှင်နိုင်ငံအဖြစ် ပြန်လည်ကျင်းပနိုင်ခဲ့ခြင်းဖြစ်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှုများနှင့်အတူ နိုင်ငံတကာမျက်နှာစာတွင် မိမိနိုင်ငံနှင့်ထိုက်တန်သည့် တစ်နေရာ ပြန်လည်ရရှိလာပြီဖြစ်သော နိုင်ငံတော်၏ပုံရိပ်သစ်အား ထုဆစ်ပုံဖော်မော်ကြွားပြသနိုင်သည့် အခွင့်အလမ်းကောင်းကြီးတစ်ရပ်လည်းဖြစ်ပေသည်။ ထိုသို့ အရေးကြီးသောလုပ်ငန်းကြီးတစ်ခုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးမှာ နိုင်ငံတော်အကြီးအကဲများနှင့် အားကစားဝန်ကြီးဌာနမှ စီမံဆောင်ရွက်ပေးရုံမျှဖြင့် ပြီးပြည့်စုံမည်မဟုတ်ပေ။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားပေါင်းစုံ ပြည်သူလူထုတစ်ရပ်လုံး၏ တာဝန်ဖြစ်သည်။ “လှည်းနေလှေအောင်း၊ မြင်းဇောင်းမကျန်” ဆိုသကဲ့သို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထုတစ်ရပ်လုံးက စိတ်အားထက်သန်စွာဖြင့် ပူးပေါင်းပါဝင်ကြိုးစားမှသာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရန်၊ နိုင်ငံ၏ ဂုဏ်သိက္ခာမြင့်မားလာစေရန် ရည်ရွယ်လျက် ခံယူချက်မှန်ကန်စွာဖြင့် အားမာန်အပြည့်လုံ့လစိုက်ထုတ်ကြိုးပမ်းဆောင်ရွက်ကြမည်ဆိုလျှင် “မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့” ဟူသော ဆောင်ပုဒ်နှင့်အညီ “ကမ္ဘာမှာ မြန်မာဟေ့” ဟု ကြွေးကြော်နိုင်ကြမည်ဖြစ်ပါသည်။

၂၀၁၃ ခုနှစ် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ပထမအဆင့်ရရှိသည်အထိ ထူးကဲစွာ အောင်မြင်မှုရရှိရေးအတွက် ရည်မှန်းချက်ချမှတ်ပြီး ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရှိရပေသည်။ အကြမ်းဖျင်းစီမံချက်၏ အပိုင်း(၃)ပိုင်းဖြစ်သော လူရွေးချယ်ရေး၊ လေ့ကျင့်ရေး၊ အောင်နိုင်ရေးနှင့် ကာလ(၄)ခုဖြစ်သော ပထမအဆင့် လူရွေးချယ်ရေး၊ ဒုတိယအဆင့်လေ့ကျင့်ရေး၊ တတိယအဆင့် လေ့ကျင့်ရေး၊စတုတ္ထအဆင့်ပြိုင်ပွဲဝင်ကာလဟူ၍ သတ်မှတ်ကာ အားကစားဝန်ကြီးဌာနမှ စီမံချက်များရေးဆွဲဆောင်ရွက်နေသည်ကို လေ့လာသိရှိရပေသည်။

လူရွေးချယ်ရေး၌ ထူးချွန်ထက်မြက်၍ အလားအလာရှိသော လူငယ်သွေးသစ် အားကစားသမားများကို ရှာဖွေဖော်ထုတ်ရာတွင်

- တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊နယ်စပ်စသော ကျေးလက်များပါမကျန် အားကစားနည်းအလိုက်ထူးချွန်ထက်မြက်သည့် လူငယ်များကို အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အားကစားအဖွဲ့ချုပ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ တာဝန်ခံဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ ဥက္ကဋ္ဌများ၏ အကူအညီဖြင့် ရယူဆောင်ရွက်ခြင်း
- အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်/ကောလိပ်များမှ ထူးချွန်အားကစားသမားများကို အားကစားနှင့် ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီ၏ အကူအညီရယူကာ ရွေးချယ်ခြင်း
- တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ နယ်စပ်ဒေသများပါမကျန် သွေးသစ်ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်းစေလွှတ်ရှာဖွေစုဆောင်းခြင်း
- တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စက်ရုံ၊ အလုပ်ရုံများ၊ လုပ်ငန်းအဖွဲ့အစည်းများမှ အလားအလာရှိသော အားကစားသမားများကို ရှာဖွေဖော်ထုတ်ရွေးချယ်စေခြင်း
- အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)နှင့် (မန္တလေး)တို့တွင်လည်း ထူးချွန်ထက်မြက်၍ အရည်အသွေးရှိသော လူငယ်လက်ရွေးစင် အားကစားသမားများကို လေ့ကျင့်မွေးထုတ်စေခြင်း

၎င်းအပြင် မျိုးဆက်သစ်လူငယ် အားကစားသမားများပေါ်ထွက်လာစေရန်နှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အောင်မြင်မှုများရရှိစေရန် အဆင့်မီနိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ကလပ်အသင်း(၁၆)သင်း ပါဝင်စေပြီး C သုံးလုံးခေါ် ပထမအကြိမ် Champion Challenge Cup Tournament (၂၀၁၁)ပြိုင်ပွဲကို ၂-၉-၂၀၁၁ ရက်မှ ၂၈-၉-၂၀၁၁ ရက်အထိ အားကစားနည်း ၁၀ မျိုးဖြင့် လည်းကောင်း၊ ဒုတိယအကြိမ် Champion Challenge Cup ပြိုင်ပွဲကို ၁၂-၆-၂၀၁၂ ရက်မှ ၂၇-၇-၂၀၁၂ ရက်အထိ အားကစားနည်း ၂၈မျိုးဖြင့်လည်းကောင်း ကျင်းပခဲ့ပြီး ကျား ၃၁၄ဦး၊ မ ၂၃၉ ဦးနှင့် ပြိုင်ပွဲနှစ်ခုမှ စုစုပေါင်းဦးရေ ၇၁၀ ဦးကို ရွေးချယ်ခဲ့သည်ဟု သိရှိရပေသည်။ အားကစားအဖွဲ့ချုပ်များမှ ရွေးချယ်ထားသော အဖွဲ့ချုပ်လက်ရွေးစင်များနှင့် C သုံးလုံးပြိုင်ပွဲမှ ရွေးချယ်ထားသော မျိုးဆက်သစ်အားကစားသမားများအား နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် လေ့ကျင့်စေလျက်ရှိပါသည်။ နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)တွင် အဓိကရည်ရွယ်ချက် (၃)ရပ်ဖြစ်သော

(၁) အားကစားသမားကောင်းများပေါ်ထွက်ရေး
(၂) နည်းပြကောင်းများပေါ်ထွက်ရေး
(၃) ဒိုင်၊ ဂျူရီကောင်းများပေါ်ထွက်ရေး ဟူသော

ရည်ရွယ်ချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(Gold Camp)ရှိ အားကစားနည်း ၂၈ နည်းမှ အုပ်ချုပ်သူ၊ နည်းပြ၊ အားကစားသမားအင်အား ၉၅၅ ဦးအား နံနက် ၆း၁၅ နာရီမှ ည ၂း၄၅ နာရီအထိ တစ်နေ့တာလေ့ကျင့်ရေးဇယားများရေးဆွဲ၍ စနစ်တကျလေ့ကျင့်စေလျက်ရှိပါသည်။ အားကစားအောင်မြင်မှုအတွက် လေ့ကျင့်ရေးသည် အခြေခံအုတ်မြစ်ဖြစ်သည့်အပြင် လေ့ကျင့်မှုအရည်အသွေးပေါ် မူတည်၍ ပြိုင်ပွဲအနိုင်/အရှုံးနှင့် အောင်မြင်မှုများကို ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ပါ၍ အချိန်ကာလသတ်မှတ်၍ အဆင့်မီနည်းပြများဖြင့် ခွန်အား၊ သက်လုံ၊ ကြံ့ခိုင်မှု၊ ခံနိုင်ရည်ရှိမှု၊ လျင်မြန်မှုများကို စံနှုန်းပြည့်ရရှိသည်အထိ လေ့ကျင့်ပေးခြင်း၊ ပြိုင်ပွဲဝင်ကာလတွင်လည်း အားကစားဆိုင်ရာ နောက်ဆုံးပေါ်နည်းစနစ်၊ နည်းဗျူဟာနှင့် နည်းပရိယာယ်များ လေ့ကျင့်သင်ကြားပေးနိုင်ရေးအတွက် ပြည်ပမှ အဆင့်မီ နည်းပြများငှားရမ်းခေါ်ယူလေ့ကျင့်ခြင်း၊ အလားအလာရှိသော အားကစားသမားများကို ပြည်ပသို့ စေလွှတ်လေ့ကျင့်စေခြင်းဖြင့် ပြိုင်ဘက်၊ လေ့ကျင့်ဖက်ကောင်းများဖြင့် ယှဉ်ပြိုင်လေ့ကျင့်ခွင့်ရရှိခြင်းအပြင် ပြိုင်ပွဲအတွေ့အကြုံနှင့် ဗဟုသုတများကျယ်ပြန့်လာပြီး ယုံကြည်မှုပိုမိုရရှိကာ အောင်မြင်မှုများ ပိုမိုရရှိစေနိုင်မည် ဖြစ်ပေသည်။

အောင်နိုင်ရေးစီမံချက်အရ အားကစားအဖွဲ့ချုပ်အလိုက် အားကစားအဆင့်အတန်းသိသိသာသာ တိုးတက်မြင့်မားအောင်ဆောင်ရွက်ခြင်း၊ နည်းစနစ်အကြံပြုကော်မတီများဖွဲ့စည်း၍ နိုင်ငံတကာသို့စေလွှတ်၍ လည်းကောင်း၊ အဖွဲ့အစည်းများအား ဖိတ်ကြား၍လည်းကောင်း အကြံဉာဏ်များရယူခြင်း၊ အားကစားလေ့လာ စောင့်ကြည့်ရေးအဖွဲ့ (Sport Watch)များဖြင့် ယှဉ်ပြိုင်ဘက်နိုင်ငံများ၏ သတင်းအချက်အလက်များ ရယူစုဆောင်းခြင်း၊ နိုင်ငံတကာအဆင့်မီအားကစားကွင်း၊ အားကစားရုံများစီစဉ်ပေးပြီး အားကစားအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာ ထောက်ပံ့ပေးခြင်း၊ အားကစားသမားကို ထောက်ပံ့ကြေးနှင့် နေထိုင်စားသောက်စရိတ်များ ပြည့်စုံလုံလောက်အောင် ထောက်ပံ့ပေးခြင်း၊ အားကစားသမားများ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်မြင့်မားရေးဆောင်ရွက်ပေးခြင်း၊ အောင်နိုင်ရေးအတွက် မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီ၊ အခြားလုပ်ငန်းဌာနစုများ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ အားကစားဆေးဘက်ဆိုင်ရာကော်မတီတို့ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခြင်းတို့သည်လည်း အောင်မြင်မှု၏ အခန်းကဏ္ဍတစ်ခုဖြစ်ပေသည်။

ပြိုင်ပွဲကြီးအောင်မြင်စွာကျင်းပခြင်းဖြင့် နိုင်ငံတော်၏ ဂုဏ်သိက္ခာမြှင့်တင်ရာ၌ Volunteer များ၏ အခန်းကဏ္ဍသည်လည်း လွန်စွာအရေးပါပါသည်။ အားကစားဝန်ကြီးဌာနအနေဖြင့် ပြိုင်ပွဲကြီးတွင် တာဝန်ထမ်းဆောင်နိုင်ရေးအတွက် ဆက်ဆံရေးအရာရှိများနှင့် လုပ်အားပေးလူငယ်အရာရှိများကို တစ်နိုင်ငံလုံးသို့ လျှောက်လွှာခေါ်ယူရွေးချယ်စေပြီး သင်တန်းများဖွင့်လှစ်သင်ကြားပေးလျက် ရှိပါသည်။ အမျိုးသားရေးလုပ်ငန်းတာဝန်ဖြစ်သည့် SEA Games

စုစုစံ

ပြိုင်ပွဲကြီးတွင် နိုင်ငံသားအားလုံး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ အသိပညာရှင်၊ အတတ်ပညာရှင်မရွေး ကျရာကဏ္ဍကို မိမိဆန္ဒဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လိုသည့် Volunteerism ကို နားလည်သဘောပေါက်စွာဖြင့် ၄၄ နှစ်ကြာတွင် တစ်ကျော့ပြန် ကျင်းပခွင့်ရသည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး၌ မြန်မာနိုင်ငံသားတို့၏ စရိုက်လက္ခဏာဖြစ်သည့် ယဉ်ကျေးမှု၊ ရိုးသားဖြူစင်မှု၊ ဧည့်ဝတ်ကျေပွန်မှု၊ ဖော်ရွေပျူငှာမှု၊ စည်းလုံးမှု၊ တက်ကြွမှုတို့ဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပေသည်။

ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးတွင် ပြိုင်ပွဲကျင်းပမည့် အားကစားကွင်း/အားကစားရုံအားလုံးတို့သည် အရှေ့တောင်အာရှနိုင်ငံများရှိ အားကစားကွင်း/အားကစားရုံများ၏ စံချိန်ထက်မနိမ့်စေဘဲ တည်ဆောက်ရေးလုပ်ငန်းများကို တည်ဆောက်လျက်ရှိပါသည်။ နေပြည်တော်တွင် တည်ဆောက်နေသော ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ၊ ဝဏ္ဏသိဒ္ဓိရေကူးကန်၊ မြားပစ်အားကစားကွင်း၊ ဇေယျာသီရိဘောလုံးကွင်း၊ ဇေယျာသီရိအားကစားရုံ၊ ဇေယျာသီရိရေကူးကန်၊ လေ့လှော်ပြိုင်ပွဲကျင်းပမည့် ငလိုက်ဆည်၊ စက်ဘီးပြိုင်ပွဲကျင်းပမည့် (Mount Pleasant) ဟိုတယ်အနီးရှိ ဖိုးဆောင်းတောင်တို့တွင် အားကစားနည်း ၁၈ မျိုးတို့ကို ကျင်းပရန် လျာထားပြီး ရန်ကုန်မြို့ရှိအားကစားကွင်း၊ အားကစားရုံများဖြစ်သော လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၊ အမျိုးသားအားကစားပြိုင်ပွဲရုံ(၂) (လှိုင်)၊ ဒဂုံ(မြောက်)သေနတ်ပစ်ကွင်း၊ ရန်ကုန်တက္ကသိုလ်တင်းနစ်ကွင်း၊ ကျုံးကြီးလမ်း ကြက်တောင်ရုံ၊ သိမ်ဖြူအားကစားရုံ၊ မြန်မာကွန်ဗင်းရှင်းစင်တာ (ရန်ကုန်)၊ Central Hotel တို့တွင် အားကစားနည်း ၁၀ မျိုးကို ကျင်းပပြုလုပ်ရန် သတ်မှတ်လျာထားသည်ဟု သိရှိရပေသည်။

ဤကဲ့သို့ (၂၇)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာဆပ်ကော်မတီများနှင့် တာဝန်ရှိသူများအားလုံးက တက်ညီလက်ညီဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေသလို နိုင်ငံသူနိုင်ငံသားတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပေသည်။ နိုင်ငံ့အားကစား ဖွံ့ဖြိုးတိုးတက်ခြင်းသည် မြန်မာတစ်မျိုးသားလုံး၏ သွေးစည်းမှုနှင့် ဂုဏ်သိက္ခာကိုလည်း မြှင့်တင်ပေးရာရောက်မည်ဖြစ်ခြင်းကြောင့် အားကစား ကြိုတင်ပြင်ဆင်ရေးနှင့် အောင်မြင်ရေးလုပ်ငန်းများတွင် လူထုတစ်ရပ်လုံး၏ အကျယ်ပြန့်ဆုံးပူးပေါင်းပါဝင်မှုကို အားပေးလှုံ့ဆော်သွားရန်လိုပေသည်။ သန်း ၆၀ ရှိသော မြန်မာတစ်နိုင်ငံလုံးရှိ လူထုကြီး တက်ကြွစွာပါဝင်လာနိုင်ရေးအတွက် အားကစားဝန်ကြီးဌာနမှ SEA Games ပြိုင်ပွဲကြီးတွင် အသုံးပြုမည့်အထိမ်းအမှတ်တံဆိပ် Logo နှင့် လာဘ်ကောင်ရုပ် (Mascto)တို့ကို ပြိုင်ပွဲ ပြုလုပ်ရွေးချယ်အတည်ပြုကာ အားကစားလှုပ်ရှားမှု ပုံများရေးဆွဲခြင်း၊ ဗီနိုင်းထုတ်ခြင်းများပြုလုပ်၍ အားကစားဆောင်ပုဒ်များနှင့်အတူ နေပြည်တော်နှင့်ရန်ကုန်တို့ရှိ အချက်အချာကျသော နေရာများ၌ အများပြည်သူများ စိတ်ပါဝင်စားလာစေရန် Bill Board များစိုက်ထူပေးခြင်း၊ လမ်းများတွင် Street Banner များ ချိတ်ဆွဲခြင်း၊ လာဘ်ကောင်ရုပ်လေးများကို အသုံးအဆောင်ပစ္စည်းများ ပြုလုပ်စေခြင်းဖြင့် လည်းကောင်း၊ Theam Song၊ Marching၊ Song၊ Dance Music စသည့် သီချင်းအမျိုးအစားအလိုက် သီချင်းများ၊ ရေးစပ်သီကုံးခြင်းပြိုင်ပွဲများ ပြုလုပ်ရွေးချယ်ခဲ့သည်ကိုလည်း တွေ့ရပေသည်။ ဆုရသီချင်းများအား သီချင်းရွေးချယ်ရေးကော်မတီဖွဲ့စည်းပြီး ရွေးချယ်အတည်ပြုကာ “ဖိတ်ခေါ်ပြီ”၊ “မြန်မာနိုင်ပြီ”၊ “မြန်မာပြည်သား”၊ “အာရှမြန်မာ”၊ “အားကစားစွမ်းရည်၊“Win the Day ” တေးသီချင်းတို့ကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ Myanmar International၊ မြဝတီရုပ်မြင်သံကြား၊ Sky Net တို့မှ ထုတ်လွှင့်သည်ကို တွေ့ရှိရသည့်အပြင် အားကစားနည်းအလိုက် လေ့ကျင့်နေမှုများကိုလည်း ထုတ်လွှင့်ပြသပေးလျက်ရှိသည်ကို တွေ့ရှိရသည့်အခါတိုင်းတွင် မိမိကိုယ်တိုင် အားကစားတွင် ပါဝင်ယှဉ်ပြိုင်လိုစိတ်များ တဖွားဖွားပေါ်ပေါက်လာပြီး ငယ်ရွယ်စဉ်ဘဝကို ပြန်လည်ရောက်ရှိသွားသလို ခံစားမိပါသည်။

၎င်းအပြင် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲကြိုတင်ပြင်ဆင်မှု ဦးဆောင်ကော်မတီမှ ကြီးမှူး၍ ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီမှလည်း မြန်မာနိုင်ငံ၏ ဂုဏ်ဒြပ်ကို ထင်ဟပ်တောက်ပစေရန်အတွက် ဆီးဂိမ်းဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနားတွင် တင့်တယ်ထည်ဝါသော သရုပ်ဖော်ပြကွက်များ တင်ဆက်နိုင်ရေး ကြိုတင်လေ့ကျင့်နေကြပြီဖြစ်သည်။ မြူးကြွသောတေးဂီတသံစဉ်၊ စုပေါင်းညီညာစွာ လှုပ်ရှားနေသူများ၊ တူညီဝတ်စုံဖြင့် ဘယ်ညာယိမ်းနွဲ့ကကွက်သရုပ်ဖော်နေဟန်၊ အချက်ပေးသံ၊ ပြိုင်တူလက်ခုပ်တီးသံတို့ဖြင့် နေပြည်တော် ရွာတော်ရှိ စုပေါင်းလေ့ကျင့်ရေး သတ်မှတ်နေရာ၌ လေ့ကျင့်နေသည်ကိုလည်း အများပြည်သူများမှ ဖတ်ရှုသိမြင်နေပြီ ဖြစ်ပေသည်။ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ရှိသည့် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ပညာကျောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ဆရာမများ၊ ဆင့်ပွားနည်းပြများဖြင့် သင်ကြားစေခဲ့ပြီး ယခုကဲ့သို့ စုပေါင်း၍ ပြန်လည်လေ့ကျင့်နေခြင်းဖြစ်ပေသည်။

အထက်တွင်ဖော်ပြခဲ့သလို ကဏ္ဍအလိုက် အားကြိုးမာန်တက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နေသလို အားပေးကြည့်ရှုကြမည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ပြည်သူများကလည်း နိုင်ငံကြီးသားပီသရေးအတွက် တရားမျှတစွာ အားပေးကြည့်ရှုခြင်း၊ ဥပဒေကိုလေးစားလိုက်နာခြင်း၊ ယဉ်ကျေးခြင်း၊ ရိုးသားဖြူစင်ခြင်း၊ ချစ်ခင်ရင်းနှီးခြင်း၊ ခွင့်လွှတ်ခြင်းနှင့် ပရဟိတစိတ်ထားခြင်းဟူသောအခြေခံတန်ဖိုးများကို နားလည်သဘောပေါက်စွာဖြင့် မြန်မာ့လူမှုအဖွဲ့အစည်းကို မြှင့်တင်ပေးရန်လိုကြောင်း၊ လူထု၏ စိတ်ဓာတ်၊ အသိပညာနှင့် ယဉ်ကျေးမှုအဆင့်၊ ဥပဒေဆိုင်ရာအသိနှင့် အားကစားပွဲ လှုပ်ရှားမှုကြီးအတွင်း ပြည်သူလူထု၏ ပါဝင်ဆင်နွှဲမှုအတိုင်းအတာသည် အားကစားပွဲကြီး အောင်မြင်မှုအတွက် တိုက်ရိုက်အရေးပါလှပေသည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် (GREEN, CLEAN AND FRIENDSHIP) ဖြစ်ရေး၊ သန့်ရှင်းစွာဖြင့် ယှဉ်ပြိုင်သော အားကစားပွဲဖြစ်ရေး၊ ချစ်ကြည်ရင်းနှီးမှုဖြင့် ယှဉ်ပြိုင်သောအားကစားပွဲဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရမည့်အပြင် မြန်မာနိုင်ငံလူထုတစ်ရပ်လုံးတက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်ရေးအတွက် လှုံ့ဆော်အားပေးရေး၊ အားကစားသမားများအတွက် အကောင်းဆုံးအခြေအနေများ ဖန်တီးထောက်ပံ့ပေးထားသည့် ပြိုင်ပွဲများအဖြစ် ကျင်းပနိုင်ရေး၊ ဝန်ဆောင်မှုအားလုံးအသုံးပြုသူများအတွက် လွယ်ကူအဆင်ပြေစေရေး၊ မြန်မာ့ယဉ်ကျေးမှု၏ လေးနက်သိမ်မွေ့မှုနှင့် ချစ်ခင်နှစ်လိုဖွယ်ရှိမှုကို ဖော်ကျူးနိုင်သော ဖျော်ဖြေရေးအစီအစဉ်များအား ကမ္ဘာသိအောင် တင်ဆက်နိုင်ရေး၊ အားကစားပွဲကြီးဘေးကင်းလုံခြုံမှုရှိစေရေး၊ ဖွဲ့စည်းခြင်း/စီမံခန့်ခွဲခြင်းနှင့် ဈေးကွက်တင်ခြင်း ကဏ္ဍများတွင် စီးပွားရေးနှင့် လူမှုရေးအရ အကျိုးဖြစ်ထွန်းမှုအရှိဆုံးဖြစ်စေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုတွန်းအားကို အရှိန်မြှင့်တင်ပြီး ကျင်းပရာမြို့ကြီးများ တစ်ခွင် အထူးတလည်အောင်မြင်မှု၏ သင်္ကေတများကိုလည်း ပြသနိုင်ရေး၊ အားကစားဆိုင်ရာ တည်ဆောက်ရေးစီမံချက်များသည် နိုင်ငံတော်၏ ပုံရိပ်သစ်အား ဖန်တီးဖော်ဆောင်လျက်ရှိသည့်အတွက် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေးနှင့် တံခါးဖွင့် မူဝါဒတို့ကို သယ်ဆောင်ပေးသည့် ယာဉ်များဖြစ်စေရေးစသည်ဖြင့် လုပ်ငန်းလမ်းညွှန်မှုများ၊ ရည်မှန်းချက်များဖြင့် အားကစားပြိုင်ပွဲကြီးကို ခမ်းခမ်းနားနားအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကော်မတီများအလိုက် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရည်အသွေးမီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် ကော်မတီအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပေသည်။

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီး အောင်မြင်ခမ်းနားစွာ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော်၏ ဂုဏ်ဒြပ်ကို အဆင့်မြှင့်တင်ပေးခြင်းပင်ဖြစ်ပေရာ နိုင်ငံ့ဂုဏ်ကိုဆောင်နိုင်ရန်အတွက် ဖွဲ့စည်းထားသော ဆပ်ကော်မတီများ၊ ဝန်ကြီးဌာနအသီးသီးများ၊ ရွေးချယ်ထားသော အားကစားသမားများ၊ ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူလူထုများ၊ အဖွဲ့အစည်းများသည် ကျရာကဏ္ဍများအလိုက် သော်လည်းကောင်း၊ မိမိ၏ ပင်ကိုနိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ မိမိနိုင်ငံ၏ နိုင်ငံအားကစားအောင်မြင်မှုရရှိရေးကို တက်ညီလက်ညီဖြင့် အင်တိုက်အားတိုက် မခိုမကပ်ဘဲ နိုင်ငံတော် အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ဤသမိုင်းပေးတာဝန်ဖြစ်သော အမျိုးသားရေးကို ကြိုးစားဆောင်ရွက်ရင်းဖြင့် နိုင်ငံ့ဂုဏ်ကို ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

အခြေခံဥပဒေကပေးမထားသော ဖြည့်စွက်ခြင်းတွင် ထပ်မံပြီးဖြည့်စွက်ခြင်းမှာ လုပ်ပိုင်ခွင့်ကိုချဲ့ယူသည့် သဘောသက်ရောက်

နေပြည်တော်   ဖေဖော်ဝါရီ   ၂၂

ပြည်သူ့လွှတ်တော်အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းကကျင်းပရာ ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၏ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-က အရစွဲဆိုထားသောအမှုများကို ကျေအေးရုပ်သိမ်းခွင့်မပြုသည်မှာ မှန်ကန်ခြင်းရှိ/မရှိနှင့်ထိုသို့တားမြစ်ထားခြင်းသည် တည်ဆဲဥပဒေနှင့်ညီညွတ်မှုရှိ/မရှိသိရှိလိုကြောင်း မေးမြန်းချက်အပေါ် ပန်းဘဲတန်းမဲဆန္ဒနယ်မှ ဦးအောင်ဆန်းက ကိုယ်စားမေးမြန်းရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်အောင်က မေးခွန်းပါပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄-ကသည် အရမ်း သို့မဟုတ် ပေါ့လျော့စွာပြုမှုကြောင့် လူသေစေမှုအတွက် ပြဋ္ဌာန်းထားခြင်းဖြစ်ပြီး ထောင်ဒဏ်(၇)နှစ်ချမှတ်နိုင်သည့်ပြစ်မှုဖြစ်ကာ သေစေတန်ရာသည်ကို သိလျက်ကျူးလွန်လျှင် ထောင်ဒဏ်(၁၀)နှစ်ထိ တိုးမြှင့်ချမှတ်နိုင်သည့်ပြစ်မှုဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဇံမြင့်က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၄-ကအရစွဲဆိုသော ယာဉ်တိုက်မှုများသည် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၄၅(၁)(၂)အရ ကျေအေးခွင့်ရှိသောအမှုမဟုတ်သည့်အတွက် အမှုကျေအေးခွင့် မရနိုင်ပါကြောင်း၊ ကျေအေးခွင့်မရသည့်အမှုများကို ရုပ်သိမ်းခွင့်လျှောက်ထားနိုင်ပါကြောင်း၊ ရာဇဝတ်မှုများသည် အများပြည်သူကို ထိခိုက်နစ်နာစေသည့် ပြစ်မှုများဖြစ်သဖြင့် ကာယကံရှင်က ရုပ်သိမ်းလိုရုံမျှဖြင့် ရုပ်သိမ်းခွင့်မပြုနိုင်ခြင်းဖြစ်ပါကြောင်း၊ တရားစွဲအဖွဲ့အစည်းကသာ ရုပ်သိမ်းခွင့်လျှောက်ထားနိုင်ပါကြောင်း ဆက်လက်ဖြေကြားခဲ့သည်။

နည်းဥပဒေအတည်ပြုခြင်းကဏ္ဍ၌ **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနည်းဥပဒေများ**နှင့် စပ်လျဉ်း၍ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က နည်းဥပဒေ ၁၅၉၊ ၁၅၈(င) အရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေဆွေးနွေးခြင်းကို ရွှေ့ဆိုင်းပေးရန် အဆိုတင်သွင်းလိုပါကြောင်း၊ အရေးကြီးသည့် ဥပဒေရေးဆိုင်ရာ မူပြဿနာများရှိနေပါကြောင်း၊ **ယခုပြင်ဆင်ထားသည့် အချက်(၆၃)ချက်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၃၇(ခ)အရ ဤနည်းဥပဒေသည် မူလဥပဒေပြဋ္ဌာန်းချက်နှင့် မည်သည့်အချက်က ညီညွတ်မှုမရှိကြောင်းကို ကျိုးကြောင်းဖော်ပြထားခြင်းမရှိပါကြောင်း၊ မူလဥပဒေပြဋ္ဌာန်းချက်နှင့် မညီညွတ်မှသာလျှင် ပြင်ဆင်နိုင်မည်၊ ပယ်ဖျက်နိုင်မည်ဖြစ်ပါကြောင်း၊ အခြေခံဥပဒေ၌ ဖြည့်စွက်နိုင်သည်ဆိုခြင်းမှာ မပါရှိပါကြောင်း၊ အခြေခံဥပဒေတွင် ဖြည့်စွက်ချက်ပေးမထားပါကြောင်း၊ အခြေခံဥပဒေက ပေးမထားသော ဖြည့်စွက်ခြင်းတွင် ထပ်မံပြီး ဖြည့်စွက်ခြင်းမှာ လုပ်ပိုင်ခွင့်ကိုချဲ့ယူသည့် သဘောသက်ရောက်ပါကြောင်း၊** ယင်းမှာ မိမိတို့လွှတ်တော်အတွက် နောင်အစဉ်လာ မကောင်းနိုင်ပါကြောင်း၊ ထို့ကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုင်းပြည်အကျိုးအတွက် တင်ပြချင်သည်မှာ နည်းဥပဒေ (၆၃)ခု၏ ပြဋ္ဌာန်းချက်အများစုသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ကွဲလွဲကြောင်းဖော်ပြပြီးမှသာ ပြင်ဆင်သင့်ပါကြောင်း၊ ဤဥပဒေကို နိုင်ငံနှင့်နိုင်ငံသားများအတွက် အလွန်အရေးကြီးသဖြင့် သက်ဆိုင်ရာလွှတ်တော်ကော်မတီများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စိတ်ပါဝင်စားစွာပြောဆိုနိုင်မည့်ပုဂ္ဂိုလ်များဖြင့် ပြန်လည်ညှိနှိုင်းရန် လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေနှင့်ပတ်သက်ပြီး ဆွေးနွေးခြင်းကိုရွှေ့ဆိုင်းပေးရန် လေးလေးနက်နက် တင်ပြလိုပါကြောင်းဖြင့် အဆိုတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေ၌ နည်းဥပဒေကိုပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းသာပါရှိသည်၊ အစားထိုးခြင်းမပါရှိဆိုသည်နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက် မှန်၊ မမှန် ပြန်သုံးသပ်ရန်လိုပါကြောင်း၊ ထို့ပြင် ဤဥပဒေသည် အရေးကြီးသည်၊ ထို့ကြောင့် ရက်ရွှေ့ဆိုင်းပြီးဆောင်ရွက်သင့်သည် ဆိုသည့် အချက်(၂)ချက်ကို ဦးသိန်းညွန့်က ဆွေးနွေးခဲ့ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မကိုက်ညီဘူးဟုဆိုခြင်းမှာ ဦးသိန်းညွန့်၏ အဆိုသာဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် လောလောဆယ်တွင် လက်ခံနိုင်စရာအကြောင်း မရှိပါကြောင်း၊ သက်ဆိုင်ရာပညာရှင်များက ဆက်လက်ပြီး ဆောင်ရွက်ရမည့်ကိစ္စဖြစ်ပါကြောင်း၊ ထို့ပြင် ရွှေ့ဆိုင်းရန်ဟုဆိုရာတွင် ယနေ့ဆွေးနွေးရင်းဖြင့် ရွှေ့ဆိုင်းစရာများရှိသည်ဆိုပါက တင်ပြစေလိုပါကြောင်း၊ ယခုအကြောင်းပြချက်မှာ လုံလောက်မှုမရှိပါကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဥပဒေကြမ်းကော်မတီက ဆက်လက်ဆွေးနွေးတင်ပြရန်ဖိတ်ခေါ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြင်ဆင်ချက် အဆိုတင်သွင်းထားသည့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး နည်းဥပဒေများတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေနှင့်စပ်လျဉ်း၍ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က ၎င်း၏အမြင်ကိုပြောကြားရာတွင် "ပြည်ထောင်စုလွှတ်တော်ကနေ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြီးခဲ့တဲ့ နိုဝင်ဘာလ ၂ ရက်နေ့က အတည်ပြုပြဋ္ဌာန်းခဲ့ပါတယ်။ အဲဒီဥပဒေမှာကိုက နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ဖို့ကို အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနကို လွှဲအပ်ထားပြီး ဖြစ်ပါတယ်။ ယခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့မှာ နည်းဥပဒေများလည်း ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ထုတ်ပြန်ထားတဲ့ ဥပဒေနဲ့ပတ်သက်ပြီး ကျွန်တော့်အမြင်(၂)ချက်ကို ပြောချင်ပါတယ်။ ပြင်ဆင်မယ်ဆိုရင် မူလဥပဒေပြဋ္ဌာန်းချက်နဲ့ ကွဲလွဲမှုရှိ/မရှိ၊ ကွဲလွဲတယ်ဆိုရင် ဒီနည်းဥပဒေပြင်တာကို ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။ ကျွန်တော့်အမြင်ပြောရရင်လည်း ခုနက ဒုတိယဝန်ကြီးဆွေးနွေးသွားတဲ့ (၄၉) ရာခိုင်

အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်။ (သတင်းစဉ်)

နှုန်း၊ (၈၀)ရာခိုင်နှုန်းအထိ ရင်းနှီးမြှုပ်နှံသူကို ကန့်သတ်ထားတဲ့၊ တားမြစ်ထားတဲ့လုပ်ငန်းတွေမှာ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းရဲ့ သဘောတူညီချက်နဲ့ ရင်းနှီးမြှုပ်နှံနိုင်တယ်လို့ ပေးပြီးသားဖြစ်ပါတယ်။ အဲဒီတော့ (၈၀) ရာခိုင်နှုန်းပဲ သတ်မှတ်သတ်မှတ်၊ ဒါဟာ မူလဥပဒေနဲ့ မကွဲလွဲဘူးလို့ ယူဆသတ်မှတ်နိုင်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေဟာ မူလကတည်းက ဥပဒေမှာ ဘယ်နေရာမှာ ကန့်သတ်ထားတယ်။ ဘယ်မှာဖွင့်ထားတယ်ဆိုတာ ပါပြီးသားဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ အခြေခံဥပဒေမှာပါတဲ့ စကားလုံးကိုဖွင့်ဆိုတဲ့အခါမှာ နည်းဥပဒေ၊ ဥပဒေနဲ့မဆန့်ကျင်ရင် ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းပြုနိုင်တယ်လို့ ပုဒ်မ ၁၃၇(ခ)မှာ ဖွင့်ပေးထားတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ပြင်ဆင်တာ၊ ပြဋ္ဌာန်းထားတဲ့အပိုဒ်ကို လိုတိုးပိုလျှော့လုပ်တာ၊ ဒါကိုအသစ်ဖြည့်စွက်နိုင်တာ ကျွန်တော်က ပြင်ဆင်တယ်ဆိုတဲ့အထဲမှာ ကျွန်တော့်က မသတ်မှတ်ပါဘူး။ အခြေခံဥပဒေနဲ့ပြဋ္ဌာန်းချက်နဲ့ကွဲလွဲမှာကို ကျွန်တော့်အနေနဲ့ စိုးရိမ်ပါတယ်။

အချုပ်ပြောရရင် နိုင်ငံသား၊ နိုင်ငံခြားသားဥပဒေ၊ နည်းဥပဒေသာမက လုပ်ထုံးလုပ်နည်းများဟာ သတ်မှတ်ထားပြီးသား ဖြစ်ပါတယ်။ နည်းဥပဒေတွေကို အချိန်ကုန်ခံပြီးကြိုးပမ်းခဲ့တာ နိုင်ငံသားများ ကောင်းဖို့ပါပဲ။ ဆင်းရဲသားပြည်သူများကို အဓိကထားတယ်လို့ ဖွင့်ဆိုပါတယ်။ လူတစ်ဦး၊ လူတစ်စုကနေ နိုင်ငံသားအနေအထားယူပြီးတော့ လုပ်ပိုင်ခွင့်ချဲ့တာကို ကျွန်တော့်အနေနဲ့ သဘောမတူပါဘူး။ ဒါကြောင့်လည်း ခုနက ပွင့်ပွင့်လင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ဆင်းရဲမွဲတေပြီး နိမ့်ကျတဲ့ပြည်သူအများစုကို ကိုယ်စားပြုတဲ့ နိုင်ငံသားများအကျိုးစီးပွားခံစားရဖို့ ဥပဒေသမားဟာ ဥပဒေနဲ့ပတ်သက်လာရင် ပိုပြီးတော့ အလေးတယူဆောင်ရွက်သင့်တယ်ထင်လို့ အဲဒီရည်ရွယ်ချက်နဲ့ ယခုဥပဒေကို အချိန်တိုအတွင်းမှာ လုပ်မယ့်အစား လွှတ်တော်ကော်မတီတွေရော၊ သက်ဆိုင်ရာဝန်ကြီးဌာနတွေ၊ ကျွမ်းကျင်ပုဂ္ဂိုလ်တွေပါဝင်ပြီး ယခု ဆဋ္ဌမအကြိမ်လွှတ်တော်အတွင်းမှာပင် ပြန်ပြင်ဖို့၊ လောလောဆယ်ရွှေ့ပေးဖို့တင်တာပါ။ လွှတ်တော်နည်းဥပဒေမှာ လွှတ်တော်ဥက္ကဋ္ဌရဲ့ ခွင့်ပြုချက်ဖြင့်သာ ရွှေ့နိုင်တာဖြစ်လို့ ဥက္ကဋ္ဌရဲ့

သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်။ (သတင်းစဉ်)

ဆုံးဖြတ်မှုကို လက်ခံပါတယ်"ဟု ပြောပြခဲ့သည်။

အဆိုပါနည်းဥပဒေများနှင့် ပတ်သက်၍ ဒုတိယဝန်ကြီး **ဦးဆက်အောင်**က "ကျွန်တော်တို့က နိုင်ငံတကာမှာရှိနေတဲ့ လုပ်ထုံးလုပ်နည်းတွေ၊ တခြားနိုင်ငံတွေ၊ နိုင်ငံပေါင်းစုံကဟာတွေနဲ့ယှဉ်ပြီးတော့ ပြောသွားတာပေါ့နော်။ ကျွန်တော်ကိုယ်တိုင် ဒီရင်းနှီးမြှုပ်နှံမှုနဲ့ ပတ်သက်ပြီးတော့ ဗီယက်နမ်အပါအဝင် နိုင်ငံပေါင်း(၁၂)နိုင်ငံမှာ အများကြီး လုပ်ခဲ့ပြီးသွားပြီ။ ကျွန်တော်တို့ကတော့ အဲဒီအတွေ့အကြုံတွေနဲ့ ယှဉ်ပြီးတော့ ညှိညှိနှိုင်းနှိုင်းပဲ လုပ်ချင်တယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုတာ ယှဉ်ပြိုင်နေရတာကိုး။ တခြားနိုင်ငံတွေမှာ လုံးဝမရှိတဲ့ဟာကို ကျွန်တော်တို့က ငါတစ်ကောကောပြီးတော့ ငါလုပ်တယ်ကွဆိုပြီးလုပ်ရင် ဘယ်လိုမှ ယှဉ်ပြိုင်နိုင်တော့မှာမဟုတ်ဘူး။ ကျွန်တော်တို့က ဒါရမှ၊ ဒါရမှဆိုတာမျိုး လုံးဝမရှိဘူး။ ညှိညှိ နှိုင်းနှိုင်းဖြစ်ချင်တယ်။ ကျွန်တော်တို့ရဲ့ရပ်တည်ချက်က လယ်ဧကအနည်းငယ်သာ ပိုင်ဆိုင်ထားတဲ့ လယ်သမားတွေအတွက် ဖြစ်ပါတယ်။ ဥပမာဆိုရင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဝင်လာရင် ငါးဧက၊ ခြောက်ဧကလောက်ပဲရှိတဲ့ လယ်သမားတွေလည်း နိုင်ငံခြားသားနဲ့ ဖက်စပ်လုပ်နိုင်တယ်။ ထိုင်းမှာဆိုလည်း အဲဒီလိုပဲ။ နိုင်ငံတကာမှာလည်း အဲဒီလိုလုပ်နေတာပဲ။ ကျွန်တော်တို့က(၄၉)ရာခိုင်နှုန်း ကန့်သတ်ချက်သာလုပ်လိုက်မယ်ဆိုရင်(၁၀)ဧကပိုင်တဲ့ လယ်သမားတွေ၊ ဧက (၂၀) ပိုင်တဲ့လယ်သမားတွေ ဘယ်တော့မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနဲ့ ဖက်စပ်လုပ်နိုင်တော့မှာ မဟုတ်ဘူး။ ဧကပေါင်းသိန်းနဲ့ချီ၊ သန်းနဲ့ချီပိုင်တဲ့လူတွေသာ လုပ်နိုင်တော့မှာ။ အဲဒါက လူနည်းစုလေ။ ကျွန်တော်တို့ကတော့ အကုန်လုံး ဘယ်သူ့မှ မခွဲခြားပါဘူး။ ကျွန်တော်တို့ဆီမှာရှိတဲ့ လူအများစုက ဧကအနည်းငယ်ပိုင်တဲ့ လူတွေက များတယ်လေ။ သူတို့တွေအတွက် နိုင်ငံခြားသားနဲ့ ဖက်စပ်လုပ်နိုင်မယ့်အခွင့်အလမ်းကို ရစေချင်တယ်။ ကျွန်တော်တို့က လုပ်သာကိုင်သာဖြစ်အောင် အကြံပေးတာပါ။

ဒီဥပဒေဟာပြည့်စုံပြီလားဆိုတော့ကျွန်တော်တို့မဖြစ်သေးပါဘူး။ ဥပမာဆိုရင် ဗီယက်နမ်နိုင်ငံရဲ့ ၂၀၀၅ ခုနှစ် ဥပဒေနဲ့ယှဉ်လိုက်၊ ဘယ်ဘက်ကမှ ကျွန်တော်တို့က မသာပါဘူး။ အကောင်းဆုံးမဖြစ်ပေမယ့်လည်း အကုန်လုံး လုပ်သာကိုင်သာရှိမယ့် အသေးစားနဲ့အလတ်စားလုပ်ငန်းတွေရော၊ လယ်ဧကအနည်းငယ်သာပိုင်တဲ့ လယ်သမားတွေရော စီးပွားရေးတိုးတက်မှုကြီးမှာ အကုန်လုံးပါဝင်စေချင်တာလေးတစ်ခုပါပဲ။

ဥပဒေ ဆိုတာကတော့ ပြင်နေရတာပဲလေ။ တစ်ခါပြဋ္ဌာန်းပြီး တစ်သက်လုံးလုပ်ရမယ်ဆိုပြီးတော့လည်း မဟုတ်ပါဘူး။ တခြားနိုင်ငံတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုဥပဒေဆိုတာ နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါ ပြင်နေတာပဲ။

ဥပဒေကို အတည်ပြုဖို့အတွက် ရက်ပေါင်းကိုးဆယ်ဆိုတာ တခြားဥပဒေတွေနဲ့ ယှဉ်ရင်တော့ ကြာနေပါသေးတယ်။ ဒါပေမယ့် ကျွန်တော်တို့ဆီမှာ နည်းပညာတွေ မစုံလင်သေးတဲ့အတွက် ရင်းနှီးမြှုပ်နှံမှုတွေကို ချိန်ထိုးသုံးသပ်ရာမှာ အချိန်ပိုကြာနိုင်ပါတယ်။ နည်းပညာတွေစုံလာပြီဆိုရင်တော့ ဒီထက်ပိုမြန်လာမယ့် သဘောရှိပါတယ်"ဟု ပြောပြခဲ့သည်။

အစည်းအဝေးကို အစီအစဉ်(၇)ခုဖြင့်ဆောင်ရွက်ခဲ့ပြီး အစည်းအဝေး(၂၀)ရက်မြောက်နေ့ ကျင်းပမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပထမအကြိမ်ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

လွှတ်တော်များသို့ လာရောက်လေ့လာကြည့်ရှု

နေပြည်တော်   ဖေဖော်ဝါရီ   ၂၂

MDRI ၏ ၁/၂၀၁၃ CSIS Postgraduate Certificate in Peace, Democracy, and Development သင်တန်းမှ အုပ်ချုပ်သူနှင့် သင်တန်းသား သင်တန်းသူ ၁၀၇ ဦး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်နှင့် ရေတာရှည်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင် ၂၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီး မြို့နယ်ပေါင်းစုံမှ အမျိုးသမီးလုပ်ငန်းအဖွဲ့ဝင် ၄၃ ဦးတို့သည် ယနေ့နံနက် ၁၀ နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့ ကျင်းပနေပုံကို လေ့လာပြီး လွှတ်တော်အဆောက်အအုံများသို့ လှည့်လည်ကြည့်ရှု၍ ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

တိုင်းရင်းသားလူငယ်များ ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်များဖြစ်လာရန် နိုင်ငံတစ်ဝန်းလုံး၌ ယဉ်ကျေးလိမ္မာသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ယနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ကို အစီအစဉ်(၁၅) ခုဖြင့်ကျင်းပပြီး မေးခွန်း(၅)ခု မေးမြန်းဖြေကြားခြင်း၊ အစီရင်ခံစာ(၂)ခုတင်သွင်းခြင်း၊ အဆို(၁)ခုဆွေးနွေးခြင်း၊ အတည်ပြုခြင်းနှင့် အဆို(၂)ခုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေး၌ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဆွန်ဒုတ်ကျင့်က ကော်မတီ၏အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ယင်းအစီရင်ခံစာတွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုသင့်သည်ဟု သဘောရရှိပါကြောင်း ပါရှိသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်းက ပြည်သူ့လွှတ်တော်က အတည်ပြုပြီးပေးပို့လာသော ၁၉၄၅ ခုနှစ်၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူ အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အစီရင်ခံစာ တင်သွင်းရာတွင် လက်ရှိအခြေအနေတွင် မူလဥပဒေပါ ကာလသတ်မှတ်ချက်သည် နှစ်ပေါင်းများစွာ ကျော်လွန်သွားပြီဖြစ်၍ ရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများအား ပစ္စည်းထိန်းထံမှ ပြန်လည်တောင်းခံနိုင်ခွင့် ဆိတ်သုဉ်းသွားပြီဟု ဆိုနိုင်ပါကြောင်း၊ ထို့အပြင် ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ခေတ်ကာလ အခြေအနေနှင့် ဆီလျော်မှုမရှိတော့ခြင်း၊ အချိန်ကာလကြာမြင့်စွာ ကျင့်သုံးမှုမရှိခြင်း၊ နောင်အနာဂတ်ကာလတွင်လည်း ဆက်လက်ကျင့်သုံးရန် အကြောင်းမရှိခြင်းတို့ကြောင့် ယင်းအက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုနိုင်ပါရန် ထောက်ခံ တင်ပြပါကြောင်းဖြင့် တင်သွင်းသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးမြင့်ထွန်း အစီရင်ခံစာတင်သွင်းစဉ်။ (သတင်းစဉ်)


အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးဆွန်ဒုတ်ကျင့် အစီရင်ခံစာ တင်သွင်းစဉ်။(သတင်းစဉ်)

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၉)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တင်သွင်းထားသည့် နယ်စပ်နှင့် တောင်တန်းဒေသများတွင် အနာဂတ်ဖွံ့ဖြိုးရေးအတွက် ကျေးလက်ဗဟိုပြုလူငယ်ပျိုးခင်း သင်တန်းကျောင်း စတင်ဖွင့်လှစ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၄)ဦးတို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေးက လူငယ်ပျိုးခင်းသင်တန်းများဖွင့်လှစ်၍ တိုင်းရင်းသားလူငယ်များအား အခြေခံပညာနှင့် အဆင့်မြင့်ပညာရပ်များ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များ အခမဲ့သင်ကြားပေးခြင်းအားဖြင့် နယ်စပ်နှင့် တောင်တန်းဒေသများ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများဖော်ဆောင်ပေးနေသည့် အထောက်အကူပြု လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း) ၁၀၅ မိုင်ဒေသနှင့် ကရင်ပြည်နယ် ပိုင်ကျုံဒေသတို့တွင် သာသနာပြုလေ့ကျင့်ရေးကျောင်းများကိုလည်း ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတို့တွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း၊ တိုင်းရင်းသားလူငယ်များအားလုံး အသိဉာဏ်မြင့်မား၍ ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်များဖြစ်ပေါ်လာစေရန် နယ်စပ်နှင့် တောင်တန်းဒေသများသာမက မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ယဉ်ကျေးလိမ္မာသင်တန်းများကို စဉ်ဆက်မပြတ်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယခုအဆိုသည် နယ်စပ်နှင့် တောင်တန်းဒေသ အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်၊ ရိုးရာယဉ်ကျေးမှုအမွေ ထိန်းသိမ်းစောင့်ရှောက်တတ်သော စိတ်ဓာတ်၊ တိုင်းရင်းသား လူမျိုးအချင်းချင်း ရင်းနှီးတတ်သော စိတ်ဓာတ်မြင့်မားသည့် ပညာတတ်တိုင်းရင်းသားလူငယ်လူရွယ်များ ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ပေးနေသည့် အထောက်အကူပြု လုပ်ငန်းစဉ်ကြီးတစ်ခုဖြစ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး သင်ထောက်ကူဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲ နေပြည်တော် ပျဉ်းမနားမြို့၌ ကျင်းပ

ပျဉ်းမနား ဖေဖော်ဝါရီ ၂၂

နေပြည်တော် ပျဉ်းမနားမြို့၌ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်း ဘာသာရပ်ဆိုင်ရာ အထောက်အကူပြု ဟောပြောပွဲနှင့် စာအုပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် ငွေဆောင်အဆင့်မြင့် ရုပ်ရှင်ရုံ၌ ကျင်းပသည်။**(အောက်ပုံ)**

ဟောပြောပွဲတွင် ဘာသာရပ်ဆိုင်ရာ အထူးပြုဆရာ ၁၀ ဦးက ကျောင်းသား ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာ အတွေ့အကြုံများအား ဟောပြောသည်။ ဟောပြောပွဲကို အရှေ့ရှာပညာရပ်ဝန်းမှ ပထမအကြိမ်ကျင်းပခြင်းဖြစ်ပြီး စေတနာရှင် အလှူရှင်များ လှူဒါန်းသော စာမေးပွဲအထောက်အကူပြု မှတ်စုစာအုပ်နှင့် ခန့်မှန်းမေးခွန်းစာအုပ် ဘာသာစုံ အစုံ ၁၀၀၀ အား ဟောပြောပွဲသို့ တက်ရောက်လာသော ပျဉ်းမနားမြို့နယ်အတွင်းရှိ အထကကျောင်း ခုနစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများအား ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)နာယက အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်က တိုင်းပြည်တစ်ပြည် တိုးတက်ဖွံ့ဖြိုးလာစေရန်အတွက် ၎င်းနိုင်ငံ၏ ပညာရေးကဏ္ဍ တိုးတက်ဖွံ့ဖြိုးရေးမှာ အရေးကြီးပြီး အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ ပို့ချပေးသည့် လုပ်ငန်းစဉ်မှာ ကျောင်းသူကျောင်းသားများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါ၍ မိမိအနေဖြင့်များစွာ ဂုဏ်ယူကျေးဇူးတင်လျက်ရှိပါကြောင်းကို ဂုဏ်ပြုလွှာပေးပို့ခဲ့သည်။

မြို့နယ် ပညာရေးကော်မတီမှ တာဝန်ရှိသူ ဦးပြည့်စုံက"ကျွန်တော်တို့ ဒီကော်မတီကို ဥက္ကဋ္ဌအဖြစ် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်တင့်က တာဝန်ယူထားပြီး ကျွန်တော်အပါအဝင် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားပါတယ်။ ဒီလှူဒါန်းပွဲနဲ့ဟောပြောပွဲကို ပျဉ်းမနားမြို့နယ်အတွင်းရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် စာစစ်အတွေ့အကြုံရှိ ဝါရင့်ဆရာကြီးများထံ အနီးကပ်လမ်းညွှန်မှုခံယူခွင့်ရရှိပြီး တက္ကသိုလ်ဝင်စာမေးပွဲကို အခက်အခဲမရှိ လွယ်ကူစွာ ဖြေဆိုအောင်မြင်နိုင်ရေး၊ စာမေးပွဲဖြေဆိုရန် နီးကပ်လာသည့်အချိန်၌ ကျောင်းသားများ၏ စိတ်ခွန်အားကို တိုးပွားစေရေး၊ ကျေနပ်ပျော်ရွှင်စေရေး၊ စာမေးပွဲခန်းအတွင်းသို့ ရဲဝံ့တက်ကြွစွာသွားရောက်ဖြေဆိုနိုင်ရေး၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သော အတွေးအခေါ် ရင့်သန်လာစေရေး၊ အသိအမြင်ကျယ်ပြန့်လာစေရေးနှင့် အောင်ချက်မြင့်မားရေး စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပရခြင်းဖြစ်ကြောင်း" ပြောကြားသည်။

သတင်း
အောင်ကျော်ဝင်း
ဓာတ်ပုံ - ခင်မောင်ဝင်း

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား အိန္ဒိယနိုင်ငံသံအမတ်ကြီး တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းအား တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri သည် ယနေ့နံနက် ၉ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အိန္ဒိယနိုင်ငံ အစိုးရအထောက်အပံ့ဖြင့် ချင်းပြည်နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့၌ ဆောင်ရွက်မည့် ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံ အဆောက်အအုံများ ဆောက်လုပ်ရေး၊ ရခိုင်ပြည်နယ်အတွင်း နှစ်ဖက်လူ့အဖွဲ့အစည်းအတွက် ပညာရေးထောက်ပံ့မှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ပူးပေါင်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အိန္ဒိယနိုင်ငံ သံအမတ်ကြီးက အိန္ဒိယနိုင်ငံအနေဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အထိ တစ်နှစ်လျှင် အမေရိကန် ဒေါ်လာ ငါးသန်းဖြင့် စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ သန်းဖိုးရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထောက်ပံ့ပေးအပ်မည့် စီမံကိန်းအတွက် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လိုသည့် လုပ်ငန်းများကို သိရှိလိုပါကြောင်း ပြောကြားရာ ပြည်ထောင်စုဝန်ကြီးက ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ချင်းပြည်နယ်တွင် မူလတန်းကျောင်း ၁၁ ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ကိုးခု၊ ပေ ၁၅၀ အထက် တံတား ငါးစင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် မူလတန်းကျောင်း ၁၀ ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ရှစ်ခုနှင့် ပေ ၁၀၀ အထက် တံတားသုံးစင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၂-၂၀၁၃ (စနေနေ့)

၇း၀၃ တရားတော်
၇း၄၅ သာယာသီကြွေး
ခေတ်ဆန်းတေး
၁၁း၁၅ ကာတွန်းအစီအစဉ်
"ကမ္ဘာကျော်အိပ်ရာဝင်ပုံပြင်များ"
အပိုင်း(၄၇)
၁၁း၄၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင်
"လုပ်ဇာတ်ကြီး"
ရဲအောင်၊မင်းသွေး၊
မေသက်ခိုင်နှင့်
သရုပ်ဆောင်များ
[ဒါရိုက်တာ-မီးပွား]
၁း၅၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ဒဏ်ရာများနဲ့ချစ်သူ"
အပိုင်း(၂၃)
၄း၅၅ ချစ်သူစုံတွဲတူယှဉ်၍
၅း၃၀ ရွှေလမ်းငွေလမ်းသူဌေးလမ်း
၆း၃၅ ထူးခြားဆန်းပြား
ကမ္ဘာတစ်လွှား
၇း၅၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန်"
အပိုင်း (၈)
၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-**Between Heaven and Hell** (အပိုင်း-၁)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
"နှုတ်ဖျားထက်ကသစ္စာ"
အပိုင်း(၆၃)

❒ ကျောဖုံးမှ

ကျန်ရှိသည့် အားကစားနည်းများကို ရန်ကုန်မြို့၊ မန္တ
တိုင်းဒေသကြီး ငွေဆောင်တို့၌ နေရာများခွဲ၍ ကျင်းပ
အားကစားနည်းအလိုက် အားကစားသမား ၁၄၀၀ ခန့်
ပေးလျက်ရှိပြီး ဆန်ခါတင်အားကစားသမား ၇၀၀
အားပြည့်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ပြော

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မ
အဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်
မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကရာတေးဒို
သိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊
(Petanque ရိုးရာ ကျောက်ဒိုးပစ်) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ
မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံစားပွဲ
မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘိလိယက်
မြန်မာနိုင်ငံရှိုးရှင်းကီ (Shoriaji Kempo - ကိုယ်
အဖွဲ့ချုပ်၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမြင်
နိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၊ မြန်
ဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ မြ
အဖွဲ့ချုပ်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ
မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလှေလှော်
ဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊

ပြည်ထောင်စုဖလား
ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်း

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဖေဖော်ဝါရီ ၂၈ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည့် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့

မော်တော်ယာဉ်စက်မှုအတ
မော်တော်ယာဉ်ဆိုင်ရာ စက်မှု

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး မကွေး စက်မှုနယ်မြေရှိ မော်တော်ယာဉ် စက်မှုအတတ်သင်ကျောင်း(မကွေး) သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအေ ဝါရီ ၁၅ ရ သွားရောက်၍ ၌ ခေတ္တကျော ဆရာ ဆရာမ

ခန္ဓာကိုယ်၌ မူးယစ်ဆေးဝါးလျှို့ဝှက်သယ
လားရှိုးမြို့ မန်ဆူကားဝင်းအတွင်း၌ ဖမ်း

လားရှိုး ဖေဖော်ဝါရီ ၂၂

လားရှိုးမြို့၌ မူးယစ်ဆေးဝါးတားဆီးရေးလုပ် သည့် လားရှိုးမူးယစ်(အထူး)အဖွဲ့သည် ဖေဖော်ဝါ ပိုင်းတွင် ကြိုတင်သတင်းရရှိချက်အရ လားရှိုးမြို့ မန်ဆူ ကြယ်တံခွန်ကားဂိတ်တွင် မသင်္ကာသူ အမျိုးသမီးနှ ခဲ့သည်။

အဆိုပါ အမျိုးသမီးနှစ်ဦးအား မူးယစ်(ခေါ်ဆောင်၍ အသိသက်သေများနှင့်အတူ မူးယစ် ရာ မရန်ဆိုက်လန့်ခန္ဓာကိုယ်၌ ဝတ်ဆင်ထားသေ 88 နှင့် 1 စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ် ၁၉၅ ပြားပါဝင်သော အထုပ်ရှစ်ထုပ်(အလေးချိန် ၁ တန်ဖိုးငွေကျပ်အားဖြင့် ၃၁ သိန်း နှစ်သောင်း လျှို့ဝှက်သယ်ဆောင်လာသော အပြာရောင်ပလတ် ဖြင့် ထည့်ထားသော ပန်းရောင်စိတ်ကြွရူးသွပ် (အလေးချိန် ၁၇၅ ဒသမ ၅ ဂရမ်) တန်ဖိုးငွေကျပ် တို့ကို ဖမ်းဆီးရမိခဲ့သည်။

ယခုကဲ့သို့ စိတ်ကြွဆေးပြားများ ခန္ဓာကိုယ်၌ လျှ လာသော ကွတ်ခိုင်မြို့နယ် (၆)ရပ်ကွက်တွင် နေထိုင် နှင့် မဂူရွှင်ရင်းတို့အား လားရှိုးမြို့ အမှတ်(၁)ရဲ ၃၁/၂၀၁၃၊ မူးစိတ်ပုဒ်မ ၁၅/၁၅(က)အရ ထားကြောင်း သိရသည်။

❑ ကျောဖုံးမှ

ကျန်ရှိသည့် အားကစားနည်းများကို ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်တို့၌ နေရာများခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း၊ အားကစားနည်းအလိုက် အားကစားသမား ၁၄၀၀ ခန့်ကို စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိပြီး ဆန်ခါတင်အားကစားသမား ၇၀၀ ကျော်ဖြင့် အင်ပြည့်အားပြည့်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကာယကြံ့ခိုင်မှုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံပီတန်း (Petanque ရိုးရာ ကျောက်ဒိုးပစ်) အဖွဲ့ချုပ်၊ မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်တောင်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရှိုးရှင်းဂျီ (Shoriaji Kempo - ကိုယ်ခံပညာ) အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံနပန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမြင်းစီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ အလေးမအဖွဲ့ချုပ်၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၊ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်၊ မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၊ မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမသန်စွမ်းသူများအားကစားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ အားကစားကလောင်ရှင်များအဖွဲ့ချုပ်တို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အားကစားနည်းအလိုက် အားကစားသမားများအား စခန်းသွင်းလေ့ကျင့်နေမှု၊ ပြည်တွင်းပြည်ပပြိုင်ပွဲများ၊ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေမှု၊ အားကစားနည်းအလိုက် အောင်မြင်မှုရရှိရေး ရည်မှန်းဆောင်ရွက်နေမှုနှင့် ဖြည့်ဆည်းပေးရန်လိုအပ်သည်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက လိုအပ်သည်များကို စီမံဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဒုတိယသမ္မတက မြားပစ်၊ ပြေးခုန်ပစ်၊ လှေလှော်၊ မြင်းစီး၊ သေနတ်ပစ်၊ ဘောလုံး၊ ဖူဆယ်ဘောလုံး၊ ရွက်လှေနှင့် ကရာတေးဒိုအဖွဲ့ချုပ်များသို့ ငွေကျပ် ၁၁၅၉ ဒသမ ၁၆၅ သန်း တန်ဖိုးရှိ အားကစားပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက ဒုတိယသမ္မတ ဦးညဏ်ထွန်းက (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကြီးသည် အနှစ် (၄၀) ကျော်မှ မြန်မာ့မြေပေါ်တွင် ပြန်လည်ကျင်းပနိုင်သည့် ပြိုင်ပွဲကြီးဖြစ်ကြောင်း၊ အခက်အခဲများ၊ စိန်ခေါ်မှုများရှိမည်ဖြစ်သော်လည်း နိုင်ငံတော်၏ ဂုဏ်ဒြပ်ကို အဆင့်မြှင့်တင်ပေးနိုင်မည့် အခွင့်အလမ်းကောင်းအဖြစ် ခံယူ၍ ပြိုင်ပွဲကြီးအောင်မြင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် နိဂုံးချုပ်အမှာစကား ပြောကြားသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးဌာနအသီးသီးမှဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးနိုင်ရေး ညှိနှိုင်းစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၂

ဖေဖော်ဝါရီ ၂၈ ရက်တွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပမည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ တက်ရောက်ကြည့်ရှုအားပေးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးကော်မတီ ဥက္ကဋ္ဌ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ဖွင့်ပွဲအခမ်းအနားတွင် ဧည့်ပရိသတ်များ နေရာယူကြည့်ရှုနိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့တက်ရောက်လာသူများက ဆွေးနွေးတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)၌ မော်တော်ယာဉ်ဆိုင်ရာ စက်မှုဘာသာရပ်များသင်ကြားပေးနေ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မကွေးတိုင်းဒေသကြီး မကွေးစက်မှုနယ်မြေရှိ မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)သို့ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် ဖေဖော်ဝါရီ ၁၅ ရက် ညနေပိုင်းတွင် သွားရောက်၍ Auditorium ခန်းမ၌ ခေတ္တကျောင်းအုပ်ကြီးနှင့် နည်းပြဆရာ ဆရာမများအား တွေ့ဆုံပြီး သင်တန်းသားများ စာတွေ့လက်တွေ့ သင်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ရုံးခန်းများ၊ အိပ်ဆောင်များ၊ စားရိပ်သာနှင့် ကျောင်းဝင်းအတွင်း စိမ်းလန်းစိုပြည်သာယာရေး ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

မော်တော်ယာဉ် စက်မှုအတတ်သင်ကျောင်း(မကွေး)ကို ကိုရီးယားသမ္မတနိုင်ငံ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) မှ နည်းပညာအကူအညီ အထောက်အပံ့ဖြင့် အရည်အချင်းပြည့်ဝသော ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးပြီး ပြည်တွင်းကျွမ်းကျင်လုပ်သားများ လိုအပ်ချက်ကို တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့ပြီး တစ်နှစ်လျှင် သင်တန်းသား ၁၅၀ လက်ခံ၍ မော်တော်ယာဉ်ဆိုင်ရာ စက်မှုဘာသာရပ်ငါးမျိုးကို သင်ကြားပို့ချပေးလျက်ရှိသည်။

စက်မှုဝန်ကြီးဌာန အနေဖြင့် ဂျာမနီနည်းပညာဖြင့် စက်မှုသင်တန်းကျောင်း(ဆင်တဲ)၊ တရုတ်နည်းပညာဖြင့် စက်မှုသင်တန်းကျောင်း(မန္တလေး)၊ အိန္ဒိယနည်းပညာဖြင့် စက်မှုသင်တန်းကျောင်း(ပခုက္ကူ)၊ ကိုရီးယားနည်းပညာဖြင့် စက်မှုသင်တန်းကျောင်း(သာဂရ)နှင့် မော်တော်ယာဉ်စက်မှုအတတ်သင်ကျောင်း(မကွေး)တို့ကို တည်ထောင်ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး နိုင်ငံတော်၏ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် စက်မှုကျွမ်းကျင်သူ အမြောက်အမြားကို စနစ်တကျ လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ခန္ဓာကိုယ်၌ မူးယစ်ဆေးဝါးလျှို့ဝှက်သယ်ဆောင်သူအား လားရှိုးမြို့ မန်ဆူကားဝင်းအတွင်း၌ ဖမ်းဆီးရမိ

လားရှိုး ဖေဖော်ဝါရီ ၂၂

လားရှိုးမြို့၌ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်း ဆောင်ရွက်နေသည့် လားရှိုးမူးယစ်(အထူး)အဖွဲ့သည် ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် ကြိုတင်သတင်းရရှိချက်အရ လားရှိုးမြို့ မန်ဆူကားဝင်းအတွင်းရှိ ကြယ်တံခွန်ကားဂိတ်တွင် မသင်္ကာသူ အမျိုးသမီးနှစ်ဦးအား စစ်ဆေးခဲ့သည်။

အဆိုပါ အမျိုးသမီးနှစ်ဦးအား မူးယစ်(အထူး)ရဲစခန်းသို့ ခေါ်ဆောင်၍ အသိသက်သေများနှင့်အတူ မူးယစ်ရဲမေများက ရှာဖွေရာ မရန်ဆိုက်လန့်ခန္ဓာကိုယ်၌ ဝတ်ဆင်ထားသော အင်္ကျီအတွင်းမှ 88 နှင့် 1 စာတန်း တစ်ဖက်စီပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅ ပြားပါဝင်သော အထုပ်ရှစ်ထုပ်(အလေးချိန် ၁၄၀ ဒသမ ၄ ဂရမ်) တန်ဖိုးငွေကျပ်အားဖြင့် ၃၁ သိန်း နှစ်သောင်း၊ မဂူရှင်ရင်းထံမှ လျှို့ဝှက်သယ်ဆောင်လာသော အပြာရောင်ပလတ်စတစ်ကပ်ခွာအိတ်ဖြင့် ထည့်ထားသော ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ (အလေးချိန် ၁၇၅ ဒသမ ၅ ဂရမ်) တန်ဖိုးငွေကျပ်အားဖြင့် ၃၉ သိန်းတို့ကို ဖမ်းဆီးရမိခဲ့သည်။

ယခုကဲ့သို့ စိတ်ကြွဆေးပြားများ ခန္ဓာကိုယ်၌ လျှို့ဝှက်သယ်ဆောင်လာသော ကွတ်ခိုင်မြို့နယ် (၆)ရပ်ကွက်တွင် နေထိုင်သူ မရန်ဆိုက်လန့်နှင့် မဂူရှင်ရင်းတို့အား လားရှိုးမြို့ အမှတ်(၁)ရဲစခန်းမှ မယ(ပ) ၃၁/၂၀၂၃၊ မူးစိတ်ပုဒ်မ ၁၅/၁၅(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

မူးယစ်ကိုပစ်
ပန်းတိုင်သစ်
စိတ်သစ် လူသစ်
ဘဝသစ်

ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲ
အားကစားနည်းအလိုက် ပြိုင်ပွဲကျင်းပမည့် နေ့ရက်နှင့် နေရာများ

စဉ်	အားကစားနည်း	ပြိုင်ပွဲကာလ		ကျင်းပမည့်နေရာ
		မှ	ထိ	
	ဖွင့်ပွဲအခမ်းအနား	၂၈-၂-၂၀၂၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်
၁	ပြေးခုန်ပစ်	၃-၃-၂၀၂၃	၇-၃-၂၀၂၃	။
၂	ကြက်တောင်	၂၃-၂-၂၀၂၃	၂၇-၂-၂၀၂၃	TC-1 ကြက်တောင်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၃	ဘတ်စကက်ဘော	၁-၃-၂၀၂၃	၆-၃-၂၀၂၃	TC-1 ဘတ်စကက်ဘောလေ့ကျင့်ရေးကွင်း၊ ဇမ္ဗူသီရိမြို့နယ်
၄	ဘိလိယက်/စနူကာ	၂၃-၂-၂၀၂၃	၂-၃-၂၀၂၃	TC-2 ဘိလိယက်လေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၅	ကာယကြံ့ခိုင်မှု	၁၂-၂-၂၀၂၃	-	MCC (ရန်ကုန်)၊ သင်္ဃန်းကျွန်းမြို့နယ်
၆	လက်ဝှေ့	၂၄-၂-၂၀၂၃	၁-၃-၂၀၂၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၇	စစ်တုရင်	၂၆-၂-၂၀၂၃	၂-၃-၂၀၂၃	Gold Camp (စားရိပ်သာ)၊ ဇမ္ဗူသီရိမြို့နယ်
၈	စက်ဘီး (Cross Country)	၁-၃-၂၀၂၃	၆-၃-၂၀၂၃	Mount Pleasant စက်ဘီးကွင်း၊ (ဥတ္တရသီရိမြို့နယ်)
	စက်ဘီး(Down Hill)	။	။	။
	စက်ဘီး(BMX)	။	။	။
	စက်ဘီး(Road Race)	။	။	TC-1 စက်ဘီးလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ် (တာထွက်) ပင်လောင်းလမ်း၊ တောင်ကျကျေးရွာနှင့် လိန်းလီတံတား(ပန်းဝင်)
၉	ဘောလုံး(ကျား/မ)	၂၂-၂-၂၀၂၃	၇-၃-၂၀၂၃	ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ ဇမ္ဗူသီရိမြို့နယ် ပေါင်းလောင်းကွင်း၊ ပျဉ်းမနားမြို့နယ် လေ့ကျင့်ရေးကွင်း(၁)၊ (၂)၊ ဇမ္ဗူသီရိမြို့နယ်
၁၀	ဖူဆယ်(ကျား/မ)	၂၂-၂-၂၀၂၃	၆-၃-၂၀၂၃	TC-1 ဖူဆယ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၁	ဂျူဒို	၂၅-၂-၂၀၂၃	၂၇-၂-၂၀၂၃	TC-2 ဂျူဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၁၂	ကရာတေးဒို	၄-၃-၂၀၂၃	၆-၃-၂၀၂၃	TC-2 ကရာတေးဒိုလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၁၃	ပိုက်ကျော်ခြင်း	၂၅-၂-၂၀၂၃	၅-၃-၂၀၂၃	TC-1 ပိုက်ကျော်ခြင်းလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၄	စားပွဲတင် တင်းနစ်	၂၃-၂-၂၀၂၃	၂၇-၂-၂၀၂၃	TC-1 စားပွဲတင် တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၅	တိုက်ကွမ်ဒို	၁-၃-၂၀၂၃	၃-၃-၂၀၂၃	TC-1 တိုက်ကွမ်ဒိုလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၆	တင်းနစ်	၂၃-၂-၂၀၂၃	၂၈-၂-၂၀၂၃	TC-1 တင်းနစ်လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၇	ပန်ကြပ်ဆီလတ်	၂-၃-၂၀၂၃	၆-၃-၂၀၂၃	TC-2 သိုင်းလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၁၈	ရိုးရာလက်ဝှေ့(မွေ)	၃-၃-၂၀၂၃	၅-၃-၂၀၂၃	TC-1 လက်ဝှေ့လေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၁၉	ဘော်လီဘော	၂၇-၂-၂၀၂၃	၇-၃-၂၀၂၃	TC-1 ဘော်လီဘောလေ့ကျင့်ရေးရုံ၊ ဇမ္ဗူသီရိမြို့နယ်
၂၀	အလေးမ	၁-၃-၂၀၂၃	၃-၃-၂၀၂၃	ပေါင်းလောင်းအားကစားရုံ၊ ပျဉ်းမနားမြို့နယ်
၂၁	ဝူရှူး	၁-၃-၂၀၂၃	၃-၃-၂၀၂၃	TC-2 ဝူရှူးလေ့ကျင့်ရေးရုံ၊ လယ်ဝေးမြို့နယ်
၂၂	နပန်း	၄-၃-၂၀၂၃	၇-၃-၂၀၂၃	ပေါင်းလောင်းအားကစားရုံ(ပျဉ်းမနား)
	ပိတ်ပွဲအခမ်းအနား	၇-၃-၂၀၂၃	-	ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ဇမ္ဗူသီရိမြို့နယ်

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၂၃-၂-၂၀၂၃ (ကြာသပတေးနေ့)

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော်
၈း၀၅ SEA Games လှုံ့ဆော်ရေး ဇာတ်လမ်းတို "ရွှေရောင်အတိတ်"(သူထူးစံ၊ အိချောပို၊ အိစိကွေး) (ဒါရိုက်တာ-ဝင်းထွန်းထွန်း)
၈း၃၀ ကဗျာပန်းဥယျာဉ်
၈း၅၀ တေးဂီတအစီအစဉ်
၁၁း၂၅ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁း၅၅ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁း၄၅ "သူရွှေးသီရာ တေးကဗျာ" (မျိုးမြင့်လေး)
၂း၄၀ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၄း၃၀ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (ဓာတုဗေဒ ဘာသာရပ်)
၅း၀၀ (၃၂)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဆီသို့ "လေဟုန်ကိုခွင်း မာန်ကိုသွင်း၍ ရဲဝံ့တည်ကြည်မြားပစ်မည်"
၈း၀၀ ပြည်တွင်းသတင်း
-နိုင်ငံတကာသတင်းများ
-မိုးလေဝသအခြေအနေ
-ပျော်ရွှင်စေသောနေ့ရက်များ "ကြောင်နှင့်ကြွက်"(အပိုင်း-၉) (မြင့်မြတ်၊ သက်မွန်မြင့်) (ဒါရိုက်တာ-စိုးကျော်ဆန်း)

သနားစရာ ဘယ်သူ...

ကို ကို သက်

အိမ်နီးချင်းဖြစ်သူ ဦးကျော် မနေ့ကဆုံးသည်။ လူချင်းသိပ်အရင်းနှီးကြီးမဟုတ်သော်လည်း ယနေ့ သူ့နာရေးသို့ လိုက်ပို့ဖြစ်သည်။ လူကြီးလူကောင်းတစ်ဦး၊ နေဥစ္စာကြွယ်ဝသူတစ်ဦးဖြစ်၍ သူ၏နာရေးသည် စည်ကားပါသည်။

ဦးကျော်၏အသက်မှာ (၅၀)ကို လက်ချိုးရေလို့ရသော အရေအတွက် အနည်းငယ်သာ စွန်းသေးသည်မို့ တော်တော်ငယ်သေးသည်ဟု ဆိုလို့ရသည်။ သေဆုံးရခြင်းမှာ အသည်းရောဂါဟု သူ၏မိသားစုထံမှ သိခဲ့ရသည်။

ဦးကျော်က ခေတ်ကောင်းကိုမီခဲ့သည်။ စီမံကိန်းများတွင် တာဝန်ထမ်းဆောင်ခွင့်ရခဲ့သည်။ အပေါင်းအသင်းများသူ၊ အသိုက်အဝန်းကောင်းသူမို့ ကားကြီး၊ ကားငယ် အသွယ်သွယ်ဖြင့် လိုက်ပို့ကြသဖြင့် အိမ်မှ စီစဉ်ထားသည့် ကားများတွင် လိုက်မည့်သူပင်မရှိ။

နာရေးလိုက်ပို့စဉ်က သံဝေဂတစ်ခုရနိုင်ဖို့သာ ရည်ရွယ်ရင်းရှိခဲ့သော်လည်း တစ်ခြားသော သံဝေဂများကိုပါ ရခဲ့သည်။ လောကတွင် ဆိတ်ကွယ်ရာ ဘာမျှမရှိ ဆိုသည်ကို မှတ်မှတ်ရရဖြစ်လိုက်မိသည်။

ကျွန်တော် လိုက်ပို့သည့် မီနီဘတ်စ်ကားတွင် ဦးကျော်၏ ဇနီးဘက်မှ တူတော်သူတစ်ဦးနှင့် သူငယ်ချင်း တစ်စုတို့သာ လိုက်ပါခဲ့ကြသည်။ ကားစီးနေစဉ် လမ်းတွင်သူတို့ အချင်းချင်းပြောနေသည့် စကားများမှာ နာရေးတွင် ဝေငှသောတရားစာအုပ်တစ်အုပ်ကို ဖတ်ရှုနေရင်းမှ ကျွန်တော့်နားထဲသို့ ဝင်လာသည်။

"ကိုထွေး၊ မင်းတို့ဒေါ်လေးကော အိုကေရဲ့လား"

"အိုကေတယ်၊ ဒေါ်လေးက လွန်ခဲ့တဲ့နှစ်နှစ်လောက်ကတည်းက လေဖြတ်နေတော့ ဦးလေးနဲ့ ဒီလိုပဲနေကြတယ်ထင်တယ်"

"ငါတို့ ဒီကောင့်ဦးလေးနဲ့ ပက်ပင်းတိုးတာ၊ အဘိုးကြီးက လုံးဝမရိပ်မိတာနဲ့ ကံကောင်းသွားတာ၊ ကောင်မလေးကလည်း တော်သလားမမေးနဲ့၊ အဘိုးကြီးက လုံးဝကြွေမှုကြွေ"

"ဒါကြောင့် အဘိုးကြီး ကျေသွားတာပေါ့"

"ဟား၊ ဟား၊ ဟား"

"ဟေ့ကောင်တွေ နာရေးလိုက်ပို့တာနော်၊ ဟီလာတိုက်မနေနဲ့အုံး"

ဒီအထိတော့ ကျွန်တော် ဘာမှနားမလည်လိုက်သေး။ ပြီးမှ ကျွန်တော့်ရှေ့တန်းခုံမှ တစ်ယောက်က သူ့ဘေးရှိ သူငယ်ချင်းကို သူတို့အကြောင်းတွေ ရှင်းပြတော့မှ ကျွန်တော့် ဇာတ်ရည်လည်တော့သည်။

"ကိုထွေးဦးလေးက စီမံကိန်းသွားရင်း နယ်ဘက်က ချာတိတ်မလေးတစ်ယောက်ကို ပြီးခဲ့တဲ့ နှစ်နှစ်ကျော်လောက်က ခေါ်လာတယ်လေ။ တိုက်ခန်းလေးတစ်လုံးနဲ့ ထားတာပေါ့။ ကီပင်ပေါ့ကွာ။ သူက တစ်ပတ် တစ်ရက်ကြာသပတေးနေ့တိုင်း သွားတယ်။

ငါသိသလောက်တော့ ကောင်မလေးလည်း အနေကြာလာတော့ လမ်းထဲ၊ ရပ်ကွက်ထဲမှာ ရည်းစားလေးဘာလေးထားတယ်၊ သူလည်း တစ်ပတ်မှ ပုံမှန်တစ်ရက်တည်း အဘိုးကြီးကလာတာဆိုတော့ ကျန်တဲ့ရက်မှာ စိတ်သက်သာရာရှာမှာပေါ့။ အဲဒီကနေ ကိုလတ်တို့အုပ်စုနဲ့ ကောင်မလေးက ငြိတာပဲ"

"ဘယ်လိုကြီးလဲ ရည်းစားထားတယ်ဆိုရင်လည်း ကိုလတ်ဆိုလည်း ကိုလတ်၊ ဇော်ကြီးဆိုလည်း ဇော်ကြီး၊ တစ်ယောက်နဲ့ပဲ ငြိရမှာပေါ့။ တစ်အုပ်စုလုံးနဲ့ဆိုတာက"

"ငါကလည်း နည်းနည်းဖြတ်ပြောလိုက်မိတာ၊ အဲဒီကောင်မလေးက ပထမတော့ လမ်းထဲကငွေရှိတဲ့၊ ရုပ်လေးဘာလေးရှိတဲ့သူနဲ့ အတွဲရှာတဲ့အဆင့်ပဲ။ ကြိုက်ရင်လိုက်တဲ့အဆင့်ကွာ၊ ဟို. . . သဘောပေါက်လား။ အဲနောက်ပိုင်းတော့ အဲလိုမဟုတ်တော့ပြန်ဘူး၊ ဟိုကွာခေါ်ရင်လိုက်တဲ့ အဆင့်ဖြစ်သွားတယ်။ ရုပ်ကလေးကလည်း တော်တော်မဆိုးဘူး၊ တောကလာတဲ့ပုံတော့ မပေါက်တော့ဘူး။ မြို့ပေါ်ရောက်ပြီး အလှအပတွေလည်း ပြင်တတ်လာပြီး လှတယ်ဆိုတဲ့အဆင့် ဖြစ်သွားတယ်။

"အဲဒီမှာ ကိုလတ်တို့အုပ်စုက ငါထင်တယ်၊ သုံးလေးကြိမ်လောက် ခေါ်ဖူးတယ်ပြောတယ်၊ ပထမတော့ ကောင်မလေးက သိုသိုသိပ်သိပ်လေးပဲ လှုပ်ရှားတာ၊ နောက်တော့ ကြာသပတေးနေ့ အဘိုးကြီးမလာခင်အထိကို သွားလာနေတော့တာပဲ။ ခုနက မင်းကြားလိုက်တယ်မဟုတ်လား၊ တစ်ရက် ဒီကောင်တွေ ခေါ်သွားပြီး လိုက်ပြန်ပို့တော့ အဘိုးကြီးရဲ့ကားက အိမ်ရှေ့မှာရောက်ပြီး အိမ်ထဲမှာ ထိုင်တောင်စောင့်နေပြီတဲ့။

"ဒါနဲ့ပဲ မလှမ်းမကမ်းမှာ ချပေးခဲ့ပြီး ဒီကောင်တွေ လစ်လာတာလို့ပြောတယ်၊ နောက်တစ်ကြိမ် ထပ်တွေ့တော့ ကောင်မလေးက ဆံပင်သွားညှပ်ရင်း လူစောင့်နေရလို့ ကြာသွားတယ်၊ ဘာညာနဲ့ လိမ့်လိုက်တာ၊ အဘိုးကြီးက မယုံသင်္ကာတောင် လုံးဝမဖြစ်ဖူးတဲ့ကွ"

"နောက်တော့ကော"

"ဒါပဲလေ၊ ကီပင်ထားတဲ့ကောင်မလေးက ကိုယ်သွားတဲ့ ရက်တောင်မရှောင်၊ ခေါ်ရင်လိုက်ပြီး ယောကျ်ားလေးတွေနဲ့ အသွားအလာများတော့ မင်းပဲ စဉ်းစားကြည့်လေ၊ အကုသိုလ်ဝင်ပြီပေါ့"

"အဲဒီတော့ . . ."

"လေးလုံးပေါ့ကွာ"

"တကယ်၊ ငါကြားတာ အသည်းရောဂါဆို"

"မင်းကြီးဒေါ်ထဲမှပဲ၊ ဒီရောဂါမျိုးဝန်ခံတာ ဘယ်မှာတွေ့ဖူးလို့လဲ၊ မင်းကလည်း"

"ဩော်. . . ."

ကျွန်တော့်ရှေ့မှ ချာတိတ်လေးက 'ဩော်'ဟု ရေရွတ်လိုက်သလို ကျွန်တော်လည်း အတော်အံ့အားသင့်သွားမိသည်။

"အဲဒီကောင်မလေးကကော"

"အခု ဆေးရုံတက်နေတယ်၊ သူလည်း လေးလုံးပေါ့"

"ကိုလတ်တို့ကော"

"အဲဒီကောင်တွေကတော့ ဘာပဲပြောပြော ခေတ်လူငယ်တွေလေ။ သူတို့က အကာအကွယ်နဲ့မို့ ကံကောင်းသွားတယ်၊ ဒါကလည်း ဒီကောင်တွေနဲ့ ကောင်မလေးဖြစ်ခဲ့တာက ဟိုလွန်ခဲ့တဲ့ ခြောက်လကျော်လောက်ကဆိုတော့ ရောဂါရှိချင်မှလည်း ရှိမှာလေ။ ဒါကြောင့် ကံကောင်းသွားတာလည်း ဖြစ်နိုင်တယ်၊ စကြားကြားချင်းတုန်းက ဒီကောင်တွေ ဘယ်ရယ်နိုင်ပါ့မလဲ၊ မျက်နှာလေးငယ်ငယ်နဲ့၊ ငါက မသေချာ၊ မရေရာတာမကောင်းဘူး၊ ဆေးစစ်ကြည့်ဆိုပြီး တိုက်တွန်းတော့မှ ဆေးစစ်ကြည့်တော့ နက်ဂတစ်တဲ့။ ဒါကြောင့် ရယ်နိုင်သွားတာလေ၊ ငါက စောစောစီးစီး အိမ်ထောင်ကျပြီး ငါ့မိသားစုနဲ့ငါဖြစ်နေလို့ ဒီကောင်တွေ ကိစ္စလည်း အရင်က ငါမသိဘူး၊ ဒီကောင်တွေ ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်ပြီး ငါ့လာတိုင်ပင်မှ ငါလည်းသိတာ"

"အဘိုးကြီးကလည်း ဘာဖြစ်လို့ အကာအကွယ်မသုံးတာလည်း မသိဘူးကွာ နော်"

"ကီပင်ကို အကာအကွယ်နဲ့ နေမလားကွ၊ ခွေးကောင်ရ"

"အေး၊ ဆောရီး၊ ဒါနဲ့ သူတို့ အဒေါ်ရော"

"သူတို့အဒေါ်က လွန်ခဲ့တဲ့ နှစ်နှစ်လောက်က လေဖြတ်ထားတယ်လို့ပြောတယ် အင်းလေ၊ ဒါကြောင့်လည်း အဘိုးကြီး ကီပင်ထားဖြစ်သွားတာထင်တယ်ကွာ၊ သနားပါတယ်"

"ဘယ်သူ့ကိုလဲ၊ လေဖြတ်နေတဲ့ သူတို့အဒေါ်ကိုလား၊ လေးလုံးနဲ့ ဆုံးတဲ့ ဦးလေးကျော်ကိုလား၊ ကလေး မရတဲ့ သူတို့ဘဝကိုလား။ ဒါမှမဟုတ် ရုပ်ရည်သနားကမားတောသူ ကီပင်လေးကိုလား"

". . . . . ."

ကျွန်တော့်ရှေ့မှ ကောင်လေး၏အဖြေစကားကိုလည်း ကျွန်တော်မကြားပါ။ ကျွန်တော်ကိုယ်တိုင်လည်း ဘယ်သူ့ကို သနားရမည်မသိပါ။

အိမ်ပြန်ရောက်တဲ့အထိ ဆိတ်ကွယ်ရာ ဘယ်မျှမရှိပြီပဲဆိုသည့် အတွေးကိုလမ်းတစ်လျှောက် စဉ်းစားနေမိသဖြင့် ဦးကျော် ကောင်းရာသုဂတိလားဖို့ ဆုတောင်းပေးမိခဲ့သလား၊ ဘာလား ကျွန်တော် မမှတ်မိ။

ဘာပဲဖြစ်ဖြစ် သေသည့်အချိန်တွင် သူတစ်ပါးကဲ့ရဲ့သဂြိုဟ်ခြင်းမခံရဖို့၊ ဟားတိုက်အရယ်မခံရဖို့ကိုတော့ ကြိုးစားရမည်ဟု သံဝေဂနှင့်ယှဉ်သော စိတ်ကူးအတွေး ရလိုက်မိပါသည်။ ။

ရာသီဥတုကြောင့် စပျစ်ထွက်နှုန်းနည်း၍ စပျစ်စိုက်တောင်သူများ ဝင်ငွေလျော့

ရမည်းသင်း ဖေဖော်ဝါရီ ၂၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ရွာတန်းတိုက်နယ်အုပ်စု ၂၄ ရွာတွင် စပျစ်ကို အများအပြား စိုက်ပျိုးကြသည်။

ယခုနှစ်တွင် မိုးခေါင်၍ ရာသီဥတုဖောက်ပြန်ခြင်း၊ နှင်းခါးအကျများခြင်း၊ ရောဂါဒဏ်ကျရောက်ခြင်းတို့ကြောင့် စပျစ်စိုက်ခြံတောင်သူများ မျှော်လင့်သလောက် အသီး(စပျစ်)မရရှိဟု သိရသည်။ ယင်းဒေသတွင် စပျစ်ပင်မှ တစ်နှစ်လျှင် နှစ်ကြိမ် အသီးရယူသည်ဟု သိရသည်။ မိုးတွင်းတွင် ရရှိသော မိုးသီးမှာ ဈေးကွက်အရ ဈေးနည်းသည်။ ထို့ကြောင့် နွေရာသီတွင် သီးမည့် နွေသီးကိုသာ အားပြုကြသည်။

ယခုနှစ်တွင် စပျစ်ထွက်နှုန်း လျော့နည်းသကဲ့သို့ ဈေးကွက်မှာလည်း လျော့နည်းသည့်အတွက် စပျစ်စိုက်တောင်သူများ မျှော်လင့်သလောက် ဝင်ငွေမရဟု သိရသည်။

စပျစ်အမျိုးပေါင်းများစွာရှိရာ စိုက်ပျိုးရလွယ်ကူသော၊ ရာသီဥတုရောဂါပိုးမွှားဒဏ်ခံနိုင်သော အညို (No.3) မျိုးကိုသာ အစိုက်များကြသည်။ ပန်းရောင်သီးမှာ အညို(No.3) သီးထက် ဈေးပေါသည်။

ယင်းဒေသမှထွက်သော စပျစ်သီးများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များသို့ တင်ပို့ကြပြီး တောင်ကြီးမြို့၊ မူဆယ်မြို့နှင့် မော်လမြိုင်မြို့များမှလည်း စပျစ်ပွဲစားများ ပွဲရုံဖွင့်၍ လာရောက်ဝယ်ယူတင်ပို့ကြသည်။

"မနှစ်က ဒီအချိန် စပျစ်တစ်ပိဿာ နှစ်ထောင်ကျပ်ဝန်းကျင်ရောင်းရတယ်၊ အခုနှစ် တစ်ပိဿာ တစ်ထောင်ကျော်ဝန်းကျင်ပဲ ရောင်းရတော့ ဈေးကွက်ခေါက်ချိုးလောက်ကွာတာပေါ့ဗျာ၊ ပြီးတော့ ရာသီဥတုကြောင့် ထွက်နှုန်းကလည်း နည်းတော့ ဝင်ငွေလျော့တာပေါ့" ဟု ရန်အောင်တောင်ပိုင်းနေ စပျစ်စိုက်တောင်သူတစ်ဦးက ပြောသည်။

လှိုင်သန်းတင့်(ရမည်းသင်း)

ကုန်အမှတ်တံဆိပ်တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ကမ္ဘာအေးဗီလာ၊ လမ်းသွယ်(၁)၊ အမှတ် (C-6/54)ရှိ BARONS GROUP of Companies ဖြစ်သော BARONS MACHINERY & ENGINEERING COMPANY LIMITED နှင့် BARONS MACHINERY & ENGINEERING CONSTRUCTION COMPANY LIMITED သည်အောက်ဖော်ပြပါ လုပ်ငန်းအမှတ် တံဆိပ်များ၏ တစ်ဦးတည်းပိုင်ရှင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အသီးသီး မှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း ကြေညာပါသည်။

BME Barons Machinery & Engineering Construction Co., Ltd.

®၉၁၃၄/၂၀၁၂

BME Barons Machinery & Engineering Co., Ltd.

®၉၁၃၅/၂၀၁၂

BARONS MACHINERY & ENGINEERING CONSTRUCTION COMPANY LIMITED သည် အထက်ပါမှတ်ပုံတင်အမှတ် ၉၁၃၄/၂၀၁၂ လုပ်ငန်းတံဆိပ်အမည် အမှတ်အသားဖြင့် ဆောက်လုပ်ရေး လုပ်ငန်းအမျိုးမျိုးကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို တင်သွင်းခြင်းနှင့် ဝယ်ယူခြင်း၊ ဆောက်လုပ်ပြီး အဆောက်အအုံများကို အငှားချထားခြင်းစသည့် ဆောက်လုပ်ရေးလုပ်ငန်းများနှင့် ဆက်စပ်လုပ်ငန်းများကို လုပ်ကိုင်ရာ၌ အသုံးပြုသွားမည်ဖြစ်ပါသည်။

BARONS MACHINERY & ENGINEERING COMPANY LIMITED သည် အထက်ပါမှတ်ပုံတင်အမှတ် ၉၁၃၅/၂၀၁၂ လုပ်ငန်းတံဆိပ်အမည် အမှတ်အသားဖြင့် စက်ရုံသုံး ပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများနှင့် သုတ်ဆေးများ၊ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ကုန်ပစ္စည်းများ၊ ကိရိယာတန်ဆာပလာအမျိုးမျိုးတို့ကို ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်ရာ၌ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အထက်ပါလုပ်ငန်းတံဆိပ်အမည်အမှတ်အသားများ၏ တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကို ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပ၍ အသုံးမပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။ သတိပေးတားမြစ်ချက်ကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက BARONS MACHINERY & ENGINEERING COMPANY LIMITED နှင့် BARONS MACHINERY & ENGINEERING CONSTRUCTION COMPANY LIMITED တို့၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင့်သန္တာဦး **LL.B, Diploma in Business Law.**

Advocate (စဉ် -၈၃၂၆)

P&A Asia Legal Services Co.,Ltd.

No.52, Royal Yaw Min Gyi Condo, Yaw Min Gyi Street, Dagon Ts, Yangon.

Ph-098551314

ကုန်အမှတ်တံဆိပ်တစ်ဦးတည်းမူပိုင်ဖြစ်ကြောင်းအသိပေးကြေညာချက်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ ကမ္ဘာအေးဗီလာ၊ လမ်းသွယ်(၁)၊ အမှတ် (C-6/54)ရှိ BARONS GROUP of Companies ဖြစ်သော BARONS TELE- LINK SERVICES COMPANY LIMITED သည် အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ်များ၏တစ်ဦးတည်းပိုင်ရှင်အဖြစ် သုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံးတွင် အသီးသီးမှတ်ပုံတင်သွင်းထားပြီးဖြစ်ကြောင်း ကြေညာပါသည်။

BARONS

®၉၁၃၆/၂၀၁၂

BARONS tele-link services

®၉၁၃၇/၂၀၁၂

BARONS TELE- LINK SERVICES COMPANY LIMITED သည် အထက်ပါ လုပ်ငန်းတံဆိပ် အမည်အမှတ်အသားဖြင့် အေဂျင်စီလုပ်ငန်းအမျိုးမျိုး၊ ကျွမ်းကျင်မှုအတိုင်ပင်ခံများ၊ လုပ်ငန်းအတိုင်ပင်ခံများ၊ အုပ်ချုပ်မှုအတိုင်ပင်ခံလုပ်ငန်းများနှင့် အကြံပေးဝန်ဆောင်မှုလုပ်ငန်းများ၊ တိုင်းတာရေးနှင့်စစ်ဆေးရေးလုပ်ငန်းများ၊ ယာဉ်နှင့် စက်ကိရိယာအမျိုးမျိုးကြံခိုင်ရေးပြုလုပ်ခြင်း၊ မွမ်းမံခြင်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများ၊ လျှပ်စစ်နှင့် အီလက်ထရောနစ်ကုန် ပစ္စည်းများတပ်ဆင်ခြင်း၊ ပြုပြင်ခြင်းနှင့် မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ စသည့်ဝန်ဆောင်မှုလုပ်ငန်းအမျိုးမျိုးတို့ကို လုပ်ကိုင်ရာ၌ အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အထက်ပါ လုပ်ငန်းတံဆိပ် အမည်အမှတ်အသား၏ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ တစ်ခုလုံးကို ဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား တုပ၍ အသုံးမပြုလုပ်ကြရန် သတိပေးတားမြစ်ပါသည်။ သတိပေး တားမြစ်ချက်ကိုလိုက်နာ ဆောင်ရွက်ခြင်းမရှိပါက BARONS TELE- LINK SERVICES COMPANY LIMITED ၏ အကျိုးစီးပွားထိခိုက်နစ်နာ ဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင့်သန္တာဦး **LL.B, Diploma in Business Law.**

Advocate (စဉ် -၈၃၂၆)

P&A Asia Legal Services Co.,Ltd.

No.52, Royal Yaw Min Gyi Condo, Yaw Min Gyi Street, Dagon Ts, Yangon.

Ph-098551314

ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးနှင့် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင် ရဲတပ်ဖွဲ့မှူးများ၊ ၁၀ မြို့နယ်မှ ရဲတပ်ဖွဲ့မှူးများ၊ စခန်းမှူးများ၊ လုပ်ငန်းတာဝန်ခံများ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ ၁၃ ရက် နံနက် ၁၀ နာရီတွင် မော်လမြိုင်မြို့ရှိ ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး ရဲဇာနည် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ခရိုင်နှင့်မြို့နယ် ရဲတပ်ဖွဲ့မှူးများနှင့် စခန်းမှူးများက ၂၀၁၂ခုနှစ် တစ်နှစ်တာနှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီလအတွင်း အရေးယူဆောင်ရွက်ခဲ့သော အမှုများ၊ ဖမ်းဆီးအရေးယူခဲ့သော ဒုစရိုက်မှုနှင့် မူးယစ်ဆေးဝါးအမှုများ၊ ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို တင်ပြကြသည်။

ထို့နောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးက မြို့နယ် ၁၀ မြို့နယ်အတွင်း လောင်းကစားမှုများ ပပျောက်ရေး၊ ဒုစရိုက်မှုများ လျော့နည်းရေး၊ မှုခင်းကြိုတင်ကာကွယ်တားဆီးရေး၊ လိုင်စင်မဲ့ကားများ ဖမ်းဆီးရေးတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာနယ်မြေအသီးသီးရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။

(သတင်းစဉ်)

အထည်ချုပ်စက်ရုံ ကြို/ပို့ယာဉ် တိမ်းမှောက်၊ ၂၉ ဦးဒဏ်ရာရ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

မထသ(ဗဟို)အောက်တွင် ပြေးဆွဲလျက်ရှိသော မထသမြို့တွင်း၊ အနောက်ပိုင်းခရိုင်၊ သန်မြန်သူ၊ တောင်ပိုင်းခရိုင် စသည့်ယာဉ်လိုင်းများတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၁၅ ရက်အတွင်း ယာဉ်မတော်တဆမှု ရှစ်ကြိမ် ဖြစ်ပွားခဲ့ရာ ခြောက်ဦးသေဆုံးပြီး ၇၁ ဦး ဒဏ်ရာရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်များထဲမှ ဖေဖော်ဝါရီ ၇ ရက် ညပိုင်းတွင် သန်မြန်သူ ယာဉ်လိုင်းစီမံမှုအောက်ရှိ အမှတ် (၈၅) ယာဉ်လိုင်းမှ ယာဉ်အမှတ် ၆က/. . . သည် ဂိတ်ပိတ်သိမ်းပြီးကြို/ ပို့ဆွဲရန် ရွှေပြည်သာမြို့နယ် ကမ္ဘာ(၁) အထည်ချုပ်စက်ရုံမှ ဝန်ထမ်းများ တင်ဆောင်မောင်းနှင်လာစဉ် ခမောက်စျေးအလွန် ရွှေပြည်သာရုပ်ရှင်ရုံရှေ့ အရောက်၌ မျက်နှာချင်းဆိုင်မှ ဆိုင်ကယ်က ယာဉ်ရှေ့တည့်တည့်သို့ မောင်းနှင်လာသဖြင့် လမ်းညာဘက်သို့ ရှောင်လိုက်ရာ တစ်ဖက်သို့ တိမ်းမှောက်ခဲ့သည်။ တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါကျား တစ်ဦး၊ မ ၂၈ ဦး စုစုပေါင်း ၂၉ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

(မော်မော်)

လမ်းဘေးကျူးကျော်ဆိုင်များကြောင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဗိုလ်အောင်ကျော်လမ်းမကြီးပေါ်ရှိ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အမှတ်(၃၆) မျက်နှာစာရှေ့လမ်းမကြီးပေါ်ရှိ စည်ပင်သာယာပိုင်မြေသားပေါ်တွင် လမ်းဘေးကျူးကျော်ဆိုင်များသည် နေ့၊ ည ခင်းကျင်းရောင်းချနေသဖြင့် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်နေပြီး ကျောင်းလွှတ်ချိန်၌ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများအတွက် နေ့စဉ်နှင့်အမျှ စိတ်ပျက်ဖွယ်ကြုံတွေ့နေရသဖြင့် တာဝန်ရှိသူများက အမြန်ဆုံးရှင်းလင်းဆောင်ရွက်ပေးစေချင်ကြောင်း သိရသည်။

(မင်းထက်ပိုင်)

ဗုဒ္ဓဘာသာယဉ်ကျေးမှု နည်းပြဆရာဖြစ်သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ဗုဒ္ဓဘာသာဝင်များအတွက် အလိုအပ်ဆုံးနှင့် အရေးအကြီးဆုံးအလုပ်ဖြစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှု သင်တန်းများဖွင့်လှစ်ရာ၌ တစ်နိုင်ငံလုံးအတိုင်းအတာအရ အထောက်အကူပြုစေရန် ရည်ရွယ်၍ ရန်ကင်းမြို့နယ် ရန်ကင်းလမ်းသွယ်(၁) အရိယမဂ္ဂင်ရိပ်သာတွင် ဖေဖော်ဝါရီ ၂၀ မှ ၂၄ ရက်ထိဖွင့်လှစ်ပေးသည့် ဗုဒ္ဓဘာသာယဉ်ကျေးမှု နည်းပြဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်က အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျောင်းတိုက်ဆရာတော် ဦးသုမနက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းမိန့်ကြားပြီး သင်တန်းနည်းပြများက ယခုသင်တန်းတက်ရောက်သူများက ဆင့်ပွားပြန်လည်ပို့ချပေးနိုင်ရန် ရည်ရွယ်ကြောင်းနှင့် ယခုသင်တန်းသို့ ရဟန်း၊သီလရှင်၊ လူပုဂ္ဂိုလ် ၁၂၀ တက်ရောက်ကြကြောင်း သိရသည်။

(၃၅)

ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက်

မြန်မာနိုင်ငံသို့ ဆောင်းခိုငှက်များ နှစ်စဉ် လာရောက်လေ့ရှိပါသည်။ ဆောင်းခိုငှက်များသည် ကြက်ငှက်တုပ်ကွေးရောဂါပိုး သယ်ဆောင်လာတတ်ခြင်းနှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ရောဂါကျရောက်ဖြစ်ပွားမှု ရှိနေခြင်းတို့ကြောင့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် အောက်ပါအချက်များကို လိုက်နာ၊ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

(က) ဆောင်းခိုငှက်များနှင့် အိမ်မွေးကြက်၊ ဘဲ၊ ငုံးများ ဆက်စပ်ထိတွေ့မှု မရှိစေရေး ဂရုပြုဆောင်ရွက်ရန်။

(ခ) ကြက်၊ ဘဲ၊ ငုံးစသည့် ကြက်ငှက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံရေးကို အထူးဂရုပြုဆောင်ရွက်ရန်။

(ဂ) ကြက်ငှက်မွေးမြူရေးခြံများတွင် ပိုးသတ်သန့်စင်ခြင်းလုပ်ငန်းကို စနစ်တကျဆောင်ရွက်ရန်နှင့် ခြံပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် မွေးမြူရေးခြံသုံး ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ရန်။

(ဃ) ကြက်ခြံအတွင်းသို့ဝင်ပါက နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊ ကြက်ငှက်များကို ကိုင်တွယ်ပြီးတိုင်း၊ ကြက်ခြံမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်း၊ တစ်ကိုယ်ရေ သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်။

(င) ကြက်ငှက်အသား၊ ဥ စသည်တို့ကို သေချာစွာ ချက်ပြုတ်ပြီးမှ စားသုံးရန်။

(စ) ကြက်ငှက်များ ရုတ်တရက်သေဆုံးကြောင်း သိရှိရပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်သို့ ချက်ချင်းသတင်းပို့ရန်။

(ဆ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ကြေညာချက်အမှတ် ၁/၂၀၁၃

၁။ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် ကုမ္ပဏီများမှတ်ပုံတင်ခြင်းအား အောက်ပါအတိုင်း လုပ်ငန်း အမျိုးအစား (၈)မျိုး ခွဲခြားမှတ်ပုံတင်ပေးလျက်ရှိပါသည်-

(က) ရောင်းဝယ်ရေးလုပ်ငန်း
(ခ) ဝန်ဆောင်မှုလုပ်ငန်း
(ဂ) စက်မှုလက်မှုနှင့် ထုတ်လုပ်မှုလုပ်ငန်း
(ဃ) ဟိုတယ်လုပ်ငန်း
(င) ခရီးသွားလုပ်ငန်း
(စ) ကျောက်မျက်လုပ်ငန်း
(ဆ) ဆောက်လုပ်ရေးလုပ်ငန်း
(ဇ) ဘဏ်လုပ်ငန်း

၂။ ကုမ္ပဏီများ၏ သက်တမ်းကိုလည်း ယခင်က တစ်ကြိမ်လျှင် (၂)နှစ် သတ်မှတ်၍ သတ်မှတ်သက်တမ်းကာလ စေ့ ရောက်တိုင်း ထပ်မံသက်တမ်းတိုးစေခဲ့ရာမှ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၃-၁၁-၂၀၁၁ ရက်စွဲပါ စာအမှတ်၊ ၅၂၃/၃၁၂-သက်တမ်းတိုး/အဖရ (၂၀၁၁)အရ ကုမ္ပဏီများ၏သက်တမ်းကို (၂)နှစ်မှ (၃)နှစ်သို့ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။

၃။ နိုင်ငံတော်အစိုးရအနေဖြင့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပိုမိုလွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး၊ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရာတွင် အပိုကုန်ကျစရိတ်များ လျော့နည်းသက်သာစေရေးနှင့် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီများမှတ်ပုံတင်ခြင်းနှင့် ပတ်သက်၍ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်မှစတင်၍ အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။

(က) ကုမ္ပဏီများအား မှတ်ပုံတင်ရာတွင် လုပ်ငန်းအမျိုးအစားခွဲခြားမှတ်ပုံတင်ခြင်းမပြုဘဲ သင်းဖွဲ့မှတ်တမ်းတွင် မိမိတို့လုပ်ကိုင်ဆောင်ရွက်မည့်လုပ်ငန်းများကို တိကျစွာ ထည့်သွင်းဖော်ပြ၍ မှတ်ပုံတင်ခွင့်ပြုမည်ဖြစ်ပါသည်။ ဘဏ်လုပ်ငန်းနှင့်ပတ်သက်၍မူ မြန်မာနိုင်ငံငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေပုဒ်မ ၃(က)နှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ အခန်း ၁၀-က၊ ပုဒ်မ ၂၇၇ နှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရန် ဖြစ်ပါသည်။

(ခ) ကုမ္ပဏီများ၏ သက်တမ်းကိုလည်း လက်ရှိသတ်မှတ်ထားသည့် (၃)နှစ်မှ(၅)နှစ်သို့ တိုးမြှင့်သတ်မှတ်လိုက်ပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

ကျေးဇူးဆပ်ပါမည်

ကွန်မ ဒေါ်စောကျင်[၁၂/စခန(နိုင်)၀၂၆၅၇၈]၏ Passport စာအုပ် (A-378864) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။ ဖုန်း-၆၈၀၆၉၉၊ ၆၈၇၃၇၆

ကျေးဇူးဆပ်

ဦးဝင်းခိုင်(ဘ)ဦးခင်မောင်[၁၂/တမန(နိုင်)၀၀၀၉၄၆]ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M-222132)၏စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၅၁၃၆၆၀၆

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

ယာဉ်မောင်း-၅(လစာနှုန်းကျပ် ၄၁၀၀၀-၁၀၀၀-၄၆၀၀၀)
ရာထူးနေရာအတွက် လူတွေ့၊ လက်တွေ့ စစ်ဆေးမည့်ရက်ကြေညာခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ကြေးမုံသတင်းစာတိုက်၊ နယူးလိုက်အော့ဖ်မြန်မာသတင်းစာတိုက်၊ နေပြည်တော်သတင်းစာတိုက်များရှိ သတင်းစာပို့မော်တော်ယာဉ်များနှင့် ရုံးလုပ်ငန်းသုံးမော်တော်ယာဉ်များ မောင်းနှင်ရန် ယာဉ်မောင်း-၅ (လစာနှုန်း ကျပ် ၄၁၀၀၀-၁၀၀၀-၄၆၀၀၀) ရာထူးနေရာများအတွက် လျှောက်ထားသူများအား ၂၈-၂-၂၀၁၃ ရက်တွင် နေပြည်တော်၌ လူတွေ့၊ လက်တွေ့စစ်ဆေးမည်ဖြစ်၍ ၂၇-၂-၂၀၁၃ ရက် နံနက်တွင် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊နေပြည်တော်သို့ အောက်ဖော်ပြပါအထောက်အထားများ တစ်ပါတည်းယူဆောင်လာ၍ သတင်းပို့ကြရန် အသိပေးအကြောင်းကြားပါသည်။

(၁) ယာဉ်မောင်းလိုင်စင်မူရင်း
(၂) နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

Thousand Islands Travels & Tours
MTE MYANMAR TOUR EAST TRAVELS & TOURS
ပျော်ပျော်ပါးပါး သင်္ကြန်ခရီးစဉ်များ

ဗန်ကောက် - ဖူးခက်	12 April	840,000 Ks	ဟောင်ကောင် - မကာအို	12 April	1400,000 Ks
ဗန်ကောက် - ပတ္တယား	13 April	520,000 Ks	ကိုရီးယား	13 April	1850,000 Ks
စင်ကာပူ-မလေးရှား	12 April	1100,000 Ks	အိန္ဒိယ (သံဝေဇနီယလေးဌာန)	12 April	1150,000 Ks
ဘာလီကျွန်း - စင်ကာပူ	12 April	1350,000 Ks	မြဝတီ - ရွှေလီ	12 April	300,000 Ks
ကမ္ဘောဒီးယား - ဗီယက်နမ်	13 April	1100,000 Ks	ဂျပန်	12/13 April	2800,000 Ks

** ကမ္ဘာ့အဆင့်မီ Star Cruise ဇိမ်ခံသင်္ဘောခရီးစဉ် **
ဝယ်ယူနိုင်သောနေရာများ
Myanmar Tour East Travels & Tours
Ph : 381 334, 392 697, 09 51 38402, 09 731 12217, 09 431 26270.
Thousand Islands Travels & Tours
Ph : 011 220 834, 09 51 17891, 09 4210 47022, 09 45000 1676.
February လအတွင်းကြိုတင်စာရင်းပေးသူများအား ၁၀,၀၀၀ ကျပ် လျှော့ပေးပါမည်။

MHR သင်တန်းကျောင်း (၁၅)နှစ် ပြည့်အထိမ်းအမှတ်
Promoting Youth Employment
မြန်မာလူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းပိုမိုရရှိစေရန်အတွက် (၂၃/၂၄၊ ၀၂၊ ၂၀၁၃) ရက်နေ့ Myanmar Info Tech Job Fair ၌ အလုပ်ရှာနည်း၊ အလုပ်လျှောက်နည်း၊ အင်တာဗျူးဖြေနည်း၊ ဆောင်ရန်ရှောင်ရန်များ၊ အလုပ်အကိုင် အမျိုးအစားများ၊ အလုပ်အကိုင်ပြောင်းရွှေ့ခြင်းနှင့် ဘဝရှေ့ရေးတက်လမ်းဆိုင်ရာလမ်းညွှန်ချက်များကို စာရွက်စာတမ်း/စာအုပ်/E book Soft Copy များဖြင့် ပညာဒါနဖြန့်ဝေမည်ဖြစ်ပြီး၊ ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် (၁၀း၀၀) မှ (၁၂း၀၀) နာရီတွင် Better Skills, Better Jobs, Better Lives ခေါင်းစဉ်ဖြင့် ဆရာဦးအေးကျော်(MHR) မှဟောပြောမည် ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရေခဲမုန့်၊ Snack၊ ဖျော်ရည်၊ သစ်သီးယို၊ မုန့်မှတ်သင်တန်း
ဂျယ်လီ ၊ ငါးမုန့် ၊ ဆော့စ် ၊ ဆပ်ပြာသင်တန်းနှင့် အစေအေးကုန်ကြမ်းဆိုင်
EAC
1 (25-2-13) မှ (2-3-13) 3 (4-3-13) မှ (9-3-13)
2 (28-2-13) မှ (5-3-13) 4 (11-3-13) မှ (16-3-13)
Dimsum
76, 0973071901, 095385522
02-31505 01-215072, 09421745522

35000 14-2-13
60000
60000
Hotel Package
0973198239, 0943033237, 0973163538

အနုပညာ

အက်ရှင်မင်းသားကြီး အာနိုး၏ ဇာတ်ကားသစ် တောင်ကိုရီးယားတွင် စတင်ရုံတင်ပြသ

နာမည်ကျော် အက်ရှင်မင်းသားကြီး အာနိုးရှဝါဇန်နက်ဂါက ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူးအဖြစ် ခုနစ်နှစ်ကြာ တာဝန်ထမ်းဆောင်နေစဉ်အတွင်း ပထမဆုံး ရိုက်ကူးခဲ့သည့် The Last Stand အမည်ရှိ အက်ရှင်ဇာတ်ကားကို ယူနီဗာဆယ် ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ခဲ့ပြီး ယင်းဇာတ်ကားသည် အမေရိကန်နိုင်ငံတစ်ခုထဲ၌ သာမက ကမ္ဘာတစ်ဝန်းလုံးသို့ အောင်မြင်ကျော်ကြား ရေပန်းစားစေရန်အတွက် အစွမ်းကုန်ကြိုးစားထားကြောင်း ဗုဒ္ဓဟူးနေ့က တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့၌ ကျင်းပသည့် ယင်းဇာတ်ကား၏ ပရီမီးယားရှင်းပွဲ၌ ပြောကြားခဲ့သည်။

အဆိုပါ The Last Stand ဇာတ်ကားကို တောင်ကိုရီးယားဒါရိုက်တာ ကင်မ်ဂျီဝန်းက ရိုက်ကူးပုံဖော်ပေးခဲ့ပြီး ယင်းဇာတ်ကားကို တောင်ကိုရီးယားနိုင်ငံ၌ ကြာသပတေးနေ့က စတင်ပြသပေးခဲ့ကြောင်း သိရသည်။

အသက် (၆၅)နှစ် အရွယ်ရှိ မင်းသားအာနိုးက လွန်ခဲ့သည့် နှစ်အနည်းငယ်က ထွက်ရှိသည့် Terminator 3 ဇာတ်ကားထွက်ရှိပြီး နောက်ပိုင်း ခေါင်းဆောင်မင်းသားအဖြစ် ပြန်လည်ပါဝင်ရိုက်ကူးထားသော အဆိုပါ The Last Stand ဇာတ်ကားတွင် အာနိုးက အရီဇိုးနားပြည်နယ်၏ တာဝန်ခံအရာရှိတစ်ဦး အနေဖြင့် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

တောင်ကိုရီးယား ဒါရိုက်တာ ကင်မ်ဂျီဝန်းနှင့် အက်ရှင်မင်းသားကြီး အာနိုးရှဝါဇန်နက်ဂါ။

အိုလံပစ်ဖွင့်ပွဲရိုက်ကူးရခြင်းဟာ ရုပ်ရှင်ရိုက်ကူးခြင်းလောက် ဖိအားမရှိပါဘူးဟု ဆိုလာသူ အော်စကာဆုရှင်ဒါရိုက်တာဒန်နီဗွိုင်လီ

အော်စကာဆုရှင် ဒါရိုက်တာ ဒန်နီဗွိုင်လီ။

အိုလံပစ်ကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားများကို တာဝန်ယူရိုက်ကူးလာခဲ့သူ အော်စကာဆုရှင် ဒါရိုက်တာ ဒန်နီဗွိုင်လီက 'အိုလံပစ်ဖွင့်ပွဲကို ရိုက်ရတာ ရုပ်ရှင်ကားတစ်ကား ရိုက်ရတာထက် အများကြီး ပိုလွယ်ပါတယ်" ဟု ဆိုသည်။

"အဲဒီပွဲတွေကို ရိုက်ကူးရတဲ့အခါ ဖိအားတွေ ရှိသလားလို့ လူတော်တော်များများက ကျွန်တော့်ကို မေးကြတယ်၊ အဲဒီရိုက်ကူးမှုတွေနဲ့ ပတ်သက်လို့ ကျွန်တော့်မှာ ဘာဖိအားမှ မရှိပါဘူး၊ လူတွေအများကြီးပါဝင်တဲ့ အရမ်းကြီးမားတဲ့ပွဲကြီးဆိုပေမယ့် စိတ်ကို တည်တည်ငြိမ်ငြိမ် ထားရပါတယ်၊ အဲဒီပွဲကြီးမှာ ဗြိတိန်ရဲ့ အကျော်အမော် ပညာရှင်တွေ ဒေးဗစ်ဘက်ခမ်းတို့လို အားကစားသမားတွေနဲ့ လေထီးခုန်တာတို့လို မြောက်မြားစွာသော လှုပ်ရှားမှုတွေပါဝင်ပါတယ်"ဟု ဒန်နီက ပြောကြားခဲ့သည်။

ဆက်လက်ပြီး ဒန်နီက ကျွန်တော် ရိုက်ကူးတင်ဆက်လိုက်တဲ့ ၃ နာရီကျော်ကြာတဲ့ အဲဒီအခမ်းအနားကြီးကို ကြည့်ရှုသူပရိသတ်အပေါင်းက တစ်ဘီလီယံခန့်ရှိပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာ ဖိအားမရှိပါဘူး။ သို့သော် ရုပ်ရှင်ကားတွေနဲ့ စတိတ်ရှိုးတွေရိုက်ပြီဆိုရင်တော့ အအိပ်ပျက် အစားပျက် ဖြစ်လောက်အောင်ကို ဖိအားတွေ များပါတယ်" ဟု Whatsonstage.Com ဆုပေးပွဲအခမ်းအနားတွင် ပြောကြားသွားခဲ့သည်။

(၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲကျင်းပမည့် Dolby ပြဇာတ်ရုံ၌ အဆင့်မြင့်အသံစနစ်များကို ပထမဆုံး အသုံးပြုမည်

ဖေဖော်ဝါရီ ၂၄ ရက်တွင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့၌ ကျင်းပမည့် (၈၅)ကြိမ်မြောက် အော်စကာဆုပေးပွဲအခမ်းအနားကို ပထမဆုံးအကြိမ်အနေဖြင့် အဆင့်မြင့်ပတ်လည် အသံထွက်စနစ်များဖြင့် တင်ဆက်သွားမည်ဖြစ်ကြောင်း အဆိုပါ အော်စကာဆုပေးပွဲ ကျင်းပမည့် Dolby ပြဇာတ်ရုံ၏အမှုဆောင် ဒုတိယဥက္ကဋ္ဌ ရမ်ဇီဟိုင်းဒန်မတ်စ်က ပြောကြားခဲ့သည်။

ယင်းပြဇာတ်ရုံကြီးသည် ပြီးခဲ့သည့် ဇွန်လမှစတင်ကာ Kodak ပြဇာတ်ရုံမှ Dolby ပြဇာတ်ရုံအဖြစ်သို့ ပြောင်းလဲခဲ့ပြီး ယခုအခါ အော်စကာဆုပေးပွဲ ကျင်းပရန်အတွက် ဆောင်းဘောက်စ် ၁၆၄ လုံး၊ အသံချဲ့စက် ၂၀၀ လုံး၊ Server များ၊ ပရိုဂျက်တာများ၊ ရုပ်မြင်ဖန်သားပြင်များစွာတို့ကို တိုးချဲ့တပ်ဆင်ပေးထားမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါ အော်စကာဆုပေးပွဲကြီး၌ အသုံးပြုမည့် ၅ ဒသမ ၁ ဒစ်ဂျစ်တယ် အသံစနစ်များသည် ပွဲတက်ရောက်လာသူ ပရိသတ် သုံးထောင့်လေးရာကို သာမကဘဲ ပွဲမတက်ရောက်နိုင်သည့် ၁ ဒသမ ၂ ဘီလီယံသော ပရိသတ်များကိုလည်း ကျေနပ်မှုအပြည့်အဝရရှိစေမည့် နည်းပညာသစ်များကို အသုံးပြုမည်ဖြစ် ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် နည်းပညာသစ် များအသုံးချရုံသာမကဘဲ အခမ်းအနားအပြင်အဆင်ပိုင်းတွင်လည်း ထူးခြားစွာပြင်ဆင်ထားပြီး ဆုရရှိသူများ၊ ဆန်ခါတင်ဆုရှင်များအတွက် သီးသန့်နားနေနိုင်မည့် သီးသန့်ဆောင်များလည်း စီစဉ်ပေးထားကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

တောင်ပုလုကျောက်ဆင်တောရ ဗုဒ္ဓပူဇနိယပူဇော်ပွဲ

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ ဝမ်းတွင်းမြို့နယ်၊ ပင်းတလဲအုပ်စု၊ တောင်ပုလု ကျောက်ဆင်တောရ သတိပဋ္ဌာန်ရိပ်သာဝင်းအတွင်း ကျင်းပမည့် တောင်ပုလုကျောက်ဆင်ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ပင့်သံဃာအပါး(၁၀၀)အား ဆွမ်းလောင်းလှူပွဲနှင့် သံဃာတော်များ ဩဝါဒပါတိမောက်ပြခြင်း၊ ပရိသတ်များကို စတုဒိသာမုန့်များကျွေးမွေးဧည့်ခံခြင်းကို (၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်နေ့) ၂၅-၂-၂၀၁၃ ရက်(တနင်္လာနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် တောင်ပုလုကျောက်ဆင်တောရသတိပဋ္ဌာန်ရိပ်သာသို့ ကြွရောက်ကြပါရန် ဒါယကာ၊ ဒါယိကာမများနှင့် ဧည့်ပရိသတ်များကို လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျောက်ဆင်တောရ ဂေါပကအဖွဲ့

သန်းဌေးနှင့်ရောင်းရင်းများ ကျိုက်ထီးရိုး ချောင်းသာ } နေ့စဉ်
(Mar - 1/8/15/22/23/25)
ထွက်မည့်ရက် - Mar : 1/8/15/22/25/29, Apr : 5/11/12/17/26
Ph : 241863, 380141, 09-43043109

နှလုံးလှမဂ္ဂဇင်း အမှတ်စဉ် (၂၁)
အမှားနှင့် အမှန်၊ ပယ်ရန်နှင့် ယူရန်၊ အမွှနှင့် မွှ
ပြတ်ပြတ်သားသား သိမြင်လိုက်ရစဉ်. . . မွေပညာရှင်တစ်ပါး၊
ကဗျာဆရာအများ၏ စေတနာနှင့် ပညာ
ထွက်ပါပြီ။
မုံရွာနေဇာ ၏
ကဗျာထဲက ထေရဝါဒ

ဆရာဦးထွန်းကိုကိုလတ် B.E (Mechanical) နှင့်
ဆရာမဒေါ်ခင်မြတ်မင်း B.Sc (Hons:) ,M.Sc (Engineering Phys:) CET (V) ဦးစီးသော
မြတ်အားမာန် ပညာရိပ်မွန်
အဆင့်မြင့်စာသင်ဝိုင်းနှင့် အဆင့်မြင့်ဘော်ဒါ
"ပညာရေးတွင် ထူးချွန်ထက်မြက်စေရုံမျှမက စာရိတ္တနှင့် စည်းကမ်းပိုင်းတွင်လည်း လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးသောနေရာဖြစ်သောကြောင့် စည်းကမ်းအလွန်ကြီးပါသည်။"
သင်တန်းတည်နေရာ
စာသင်ဝိုင်း အမှတ်(၇)၊ ပထမထပ်၊ မြို့သစ်(၂)လမ်း၊ ကျောက်မြောင်း၊ တာမွေ။
ကျောင်းသားဆောင် အမှတ်(၃၃/B)၊ ဘူတာရုံလမ်း၊ ဘောက်ထော်၊ ရန်ကင်း။
ကျောင်းသူဆောင် အမှတ်(၆/A)၊ မိုးကောင်းလမ်း၊ ဘောက်ထော်၊ ရန်ကင်း။
၀၉-၅၁၇၅၆၅၅၊ ၀၉-၅၀၇၇၉၆၂၊ ၀၉-၄၃၀၃၉၀၂၄၊ ၀၉-၇၃၂၂၈၀၄၅၊ ၀၁-၅၄၁၁၉၀၊ ၀၁-၅၄၅၃၇၀
၂၀၁၃ - ၂၀၁၄ ပညာသင်နှစ်
၈-တန်း/၉-တန်း/၁၀-တန်း
ကျောင်းအပ်လက်ခံပြီ။

ဆေးသိပ္ပံ Tutor ဖွင့်ပြီ
ဦးဟန်သာ အင်္ဂလိပ်စာ since1984
Tel : 095146452
ဆရာဝန်များ အတွက်
MSc Entrance ဝင်ခွင့်
PhD/Tutor ဝင်ခွင့်

ကန့်ကွက်နိုင်ပါသည်နှင့် အများသိသာစေရန်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မကြီးကြီးလမ်း၊ အမှတ်(၂၀/၂၂) (၆-လွှာ-စီ)ဟုခေါ်တွင်သော တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချနိုင်သည်ဟု ဝန်ခံကတိပြုသူ ဒေါ်သီတာတင်(ခ)ဖြူဖြူလင်း[၇/ဒဂုန(နိုင်)၀၈၆၃၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်အိအိစံ(LL.B) အထက်တန်းရှေ့နေ

ဦးထွန်းနိုင်အောင်(LL.B, C.B.L) အထက်တန်းရှေ့နေ(စဥ်-၁၀၂၈၂)

အိမ်ခြံမြေအကျိုးဆောင်နှင့် ဥပဒေအကြံပေးအတိုင်ပင်ခံ အခန်း(၅၀၂)၊ တိုက်(၃)၊ ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၀၉၅၁၂၅၆၀၂၊ ၀၉၇၃၀၈၈၁၈၄၊ ၀၉၇၃၀၈၈၅၉၆

ရွှေထူးလွင် ဘုရားဖူးပို့ဆောင်ရေး
ပေါ်တော်မူ (မွန်ရှု) ကျောက်ဆည်တိုက် Mar-11/12/15/19/22/23/24/25
Ph : 09450044494, 09450044496, 377921

NEW WAY 095403844, 0973217877
+ အလောင်းတော်ကဿပ (သီးသန့်)
+ ရွှေစက်တော်နှင့်အထက်ဘုရားဖူး
+ မန္တလေး၊ စစ်ကိုင်း၊ ပြင်ဦးလွင်
+ ပုပ္ပါး၊ ပုဂံ (နွယ်တော်လေးဆု)
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)

စိန်ဝင်းနှင့်ရောင်းရင်းများ
စိန်ဝင်းနှင့်ရောင်းရင်းဘုရားဖူးအဖွဲ့မှ
မန်းရွှေစက်တော်ဘုရားပွဲတော်သို့(၁-၃-၂၀၁၃) မှနေ့စဉ်
249871, 255553, 389811, 09-5137245

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၇ ဘီ)၊ မြေကွက်အမှတ်(၄၈) ဒုတိယပိုလ်မှူးကြီးတင်ငွေ(ကြည်း-၁၆၄၈၅) အမည်ဖြင့် ရရှိထားသော မြေချပါမစ် မူရင်းသည် ပျောက်ဆုံးသွားပါ၍ ပါမစ်မိတ္တူ မှန် ပြုလုပ်ပေးပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက မူလထုတ်ပေးထားသော မြေချပါမစ်အား ပယ်ဖျက်၍ မြေချပါမစ်(မိတ္တူမှန်)ထုတ်ပေးမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

သွေးသည်အသက်

သတိုးမင်း
ချောင်းသာ/ငွေဆောင်
Ph:09 73143249
09 73252241

GOLDEN STAR
ကျိုက်ထီးရိုး
ချောင်းသာ
ငွေဆောင်
Ph:209200,430480,544383

အာရှနဂါး
ချောင်းသာ/ငွေဆောင်
နံနက်/ည
Ph : 703790,09-861-9008
707062,09-861-7770

အားကစား

ယူရိုပါလိဂ် (၁၆)သင်းအဆင့် ရှုံး/ထွက် ပွဲစဉ် စပါးနှင့် အင်တာမီလန် ထိပ်တိုက်တွေ့

နိုင်လင်း ကြည်

တော့တင်ဟမ်ဟော့စပါးအသင်းသည် ယူရိုပါလိဂ် (၃၂)သင်းအဆင့် ရှုံး/ထွက်ပွဲစဉ် ဒုတိယအကျော့ပြိုင်ပွဲတွင် လိုင်ယွန်အသင်းကို ဒမ်ဘီလီ၏ သွင်းဂိုးတစ်ဂိုးဖြင့် သရေကစားကာ နှစ်ကျော့ပေါင်းရလဒ် သုံးဂိုး- နှစ်ဂိုးဖြင့် ယူရိုပါလိဂ် (၁၆)သင်းအဆင့်သို့ တက်ရောက်ခဲ့ပြီဖြစ်သည်။

စပါးအသင်းသည် ဝိုက်ဟတ်လိန်းတွင် ယှဉ်ပြိုင်ကစားခဲ့ရသော ယူရိုပါလိဂ်(၃၂)သင်းအဆင့် ပထမအကျော့တွင် ဂါရတ်ဘေးလ်၏ သွင်းဂိုးနှစ်ဂိုးဖြင့် လိုင်ယွန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒုတိယအကျော့ လိုင်ယွန်အိမ်ကွင်း၌ မိနစ် ၉၀ တွင် ဒမ်ဘီလီသွင်းယူခဲ့သည့် တစ်လုံးတည်းသောဂိုးဖြင့် သရေပွဲ ဖြစ်စေခဲ့ပြီး နှစ်ကျော့ပေါင်းရလဒ်ဖြင့် ယူရိုပါလိဂ် (၁၆)သင်းအဆင့်သို့ တက်လာခဲ့ခြင်းဖြစ်သည်။

ယူရိုပါလိဂ် (၁၆)သင်းအဆင့်ပြိုင်ပွဲတွင် စပါးအသင်းသည် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းနှင့် ပထမအကျော့ပွဲစဉ်အဖြစ် မတ် ၇ ရက်တွင် စပါးအသင်း၏ အိမ်ကွင်းဝိုက်ဟတ်လိန်း၌ စတင်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

\- - - - - - - - -

ယူရိုပါလိဂ်ပွဲစဉ်၌ စပါတာပရတ်ကို နိုင်ခဲ့သည့် ချယ်လ်ဆီး (၁၆)သင်းအဆင့်၌ စတုအာ့ဘူခါရတ်အသင်းနှင့် ရင်ဆိုင်ရ

ယူရိုပါလိဂ် (၃၂)အသင်းအဆင့်ဒုတိယအကျော့ပွဲစဉ်များကိုဖေဖော်ဝါရီ ၂၂ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ စတမ်းဖို့ဒ်ဘရစ်ချ်၌ စပါတာပရတ်ကို အိမ်ရှင်အဖြစ်လက်ခံကစားခဲ့ရသော ချယ်လ်ဆီးအသင်းသည် နှစ်ကျော့ပေါင်းရလဒ် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ ယူရိုပါလိဂ် (၁၆)သင်းအဆင့်သို့ တက်ရောက်လာပြီဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် စပါတာပရတ်အိမ်ကွင်းသို့သွားရောက်ကစားရသော ယူရိုပါလိဂ်(၃၂)သင်းအဆင့် ပထမအကျော့တွင် ဘရာဇီးတိုက်စစ်မှူး အော်စကာ၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ယခု ဒုတိယအကျော့တွင်လည်း စတမ်းဖို့ဒ်ဘရစ်ချ်၌ အိမ်ရှင်အဖြစ် ဧည့်ခံကစားခဲ့ရာ မိနစ် ၉၀ တွင် တိုက်စစ်မှူး ဟာဇက်၏ သွင်းဂိုးဖြင့် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

သို့ရာတွင် ချယ်လ်ဆီးအသင်းသည် နှစ်ကျော့ပေါင်းရလဒ်ဖြင့် ယူရိုပါလိဂ် (၁၆)သင်းအဆင့်ပြိုင်ပွဲတွင် စတုအာ့ဘူခါရတ်၏ အိမ်ကွင်းသို့ မတ် ၇ ရက်တွင် သွားရောက်ကစားရမည်ဖြစ်သည်။

ပရီမီယာလိဂ် ရင်ခုန်သံ – ၂၈

လာမယ့်ဖေဖော်ဝါရီလ ၂၃၊ ၂၄၊ ၂၆ ရက်တွေမှာ ပရီမီယာလိဂ်ပွဲစဉ် ၂၇ ကို ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ် ၂၇ အနက်က လီဗာပူးနဲ့ဆွမ်ဆီးတို့ရဲ့ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်က ကြိုတင်ကျင်းပခဲ့ပြီးဖြစ်တာကြောင့် ကိုးပွဲတည်းသာ ကျင်းပသွား မှာဖြစ်ကာ အဆိုပါပွဲတွေအနက်က ဖေဖော်ဝါရီ ၂၃ ရက်မှာ ကျင်းပမယ့်ပွဲတွေကို ဦးစွာ တင်ပြပေးလိုက်ပါတယ်။

ဖူလ်ဟမ်Vs စတုတ် ည ၇း၁၅ (၂၃-၂-၁၃)
[ပထမအကျော့ရလဒ်]
(၂၄-၁၁-၁၂) *စတုတ် ၁-၀ ဖူလ်ဟမ်*

ဖူလ်ဟမ်ရဲ့ခြေက အားပျော့မှုတွေများနေတယ်။ အထူးသဖြင့် တိုက်စစ်က ဂိုးသွင်းခြေမငြိမ်ဘူး။ နောက်ဆုံးငါးပွဲမှာ တစ်ပွဲတည်းနိုင်တယ်။ ဒါပေမယ့် တန်းမဆင်းရဖို့ အိမ်ကွင်းမှာ ညှစ်အားထည့်လာမှာပါ။ စတုတ်ကလည်း အသင်းလိုက် ခြေစွမ်းမာကျောပေမယ့် တိုက်စစ်ကဂိုးသွင်းခြေမငြိမ်ဘူး။

ဝက်စ်ဘရွန်း Vs ဆန်းဒါးလန်း ည ၉း၃၀ (၂၃-၂-၁၃)
[ပထမအကျော့ရလဒ်]
(၂၄-၁၁-၁၂) *ဆန်းဒါးလန်း ၂-၄ ဝက်စ်ဘရွန်း*

ဆန်းဒါးလန်းက နောက်ဆုံးသုံးပွဲဆက် အနိုင်မရဘူး။ တန်းမဆင်းရဖို့ ရုန်းကန်နေတာမှန်ပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေမငြိမ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေပုံမှန်မရှိဘူး။ ဝက်စ်ဘရွန်းက ခြေစွမ်းအနည်းငယ် ကျနေပေမယ့် အိမ်ကွင်းခြေကောင်းမွန်မှုရှိတယ်။

နော့ဝှစ်ချ် Vs အဲဗာတန် ည ၉း၃၀ (၂၃-၂-၁၃)
[ပထမအကျော့ရလဒ်]
(၂၄-၁၁-၁၂) *အဲဗာတန် ၁-၁ နော့ဝှစ်ချ်*

နော့ဝှစ်ချ်က တန်းမဆင်းရဖို့ ရုန်းကန်နေရသလို နောက်ဆုံး ငါးပွဲမှာ တစ်ပွဲသာရှုံးခဲ့တာကိုကြည့်ရင် အမှတ်ရရှိအောင် ကစားနိုင်တာ သတိပြုရမယ်။ အထူးသဖြင့် အိမ်ကွင်းရုန်းအားပိုကောင်းတယ်။ အဲဗာတန်က အသင်းလိုက် ခြေစွမ်းမဆိုးပေမယ့် တိုက်စစ်ပိုင်းစွမ်းဆောင်ရည်က တည်ငြိမ်မှုရှိဖို့ ရုန်းကန်နေရတယ်။

ရီးဒင်း Vs ဝီဂန် ည ၉း၃၀(၂၃-၂-၁၃)
[ပထမအကျော့ရလဒ်]
(၂၄-၁၁-၁၂) *ဝီဂန် ၃-၂ ရီးဒင်း*

စိတ်ဝင်စားဖို့ကောင်းတဲ့ပွဲပါ။ ဒီနှစ်သင်းစလုံးဟာ တန်းမဆင်းရဖို့အားစိုက်နေချိန်ဖြစ်တာကြောင့် အချင်းချင်းဆုံတဲ့ပွဲစဉ်မှာ အနိုင်ရရှိဖို့ အားစိုက်လာမှာသေချာပါတယ်။ လက်ရှိ ခြေစွမ်းပိုင်းအရဆိုရင် နောက်ဆုံးငါးပွဲမှာ အရှုံးတစ်ပွဲသာရှိခဲ့တဲ့ ရီးဒင်းရဲ့ခြေက နောက်ဆုံးသုံးပွဲဆက်အနိုင်မရခဲ့တဲ့ ဝီဂန်ရဲ့ ခြေထက် ပိုမိုပြီး တည်ငြိမ်မှုရှိပါတယ်။ ဒ့ါအပြင် ကွင်းကလည်း ရီးဒင်းရဲ့ ကွင်းဖြစ်နေတာကြောင့် ရီးဒင်းအခက်အခဲနည်းမယ်။

အာဆင်နယ် Vs ဗီလာ ည ၉း၃၀ (၂၃-၂-၁၃)
[ပထမအကျော့ရလဒ်]
(၂၅-၁၁-၁၂) *ဗီလာ ၀ - ၀ အာဆင်နယ်*

အက်ဖ်အေဖလားက ထွက်ခဲ့ရမှုကြောင့် အာဆင်နယ်တို့ ပရီမီယာလိဂ်မှာ ချန်ပီယံလိဂ်ဝင်ခွင့်ရရှိဖို့ကို ပိုမိုအာရုံစိုက်လာဖို့ရှိနေတယ်။ ဒါပေမယ့် အာဆင်နယ်ဟာ ချန်ပီယံလိဂ်ကစားခဲ့ရမှုကြောင့် ပွဲပန်းလာနိုင်တာကို သတိပြုရမှာဖြစ်သလို ဗီလာကလည်း တန်းမဆင်းရဖို့ကြိုးစားခံကစားသွားမှာသေချာတယ်။ အာဆင်နယ်အခက်အခဲရှိနိုင်တယ်။

ကျူပီအာ Vs မန်ယူ ည ၉း၃၀ (၂၃-၂-၁၃)
[ပထမအကျော့ရလဒ်]
(၂၄-၁၁-၁၂) *မန်ယူ ၃-၁ ကျူပီအာ*

မထင်မှတ်ဘဲ အကြိတ်အနယ်ရှိမယ့် ပွဲဖြစ်လာနိုင်တယ်။ အထူးသဖြင့် ဒုတိယနေရာက မန်စီးတီးနဲ့ တတိယ နေရာက ချယ်လ်ဆီးတို့ဆုံတွေ့နေချိန်မှာ မန်ယူအနေနဲ့ အမှတ်ပြတ်ရယူထားနိုင်ရေး အားစိုက်လာမှာ သေချာတယ်။ ကျူပီအာကလည်း တန်းမဆင်းရဖို့ ရုန်းကန်နေရတာကြောင့် အမှတ်ရရှိရေး အိမ်ကွင်းမှာ အကောင်းဆုံးခံကစားသွားမှာ သေချာတယ်။ လက်ရှိခြေစွမ်း ကစားသမားတွေရဲ့ အရည်အသွေးပိုင်းတွေမှာ မန်ယူက ကျူပီအာထက် အားသာမှုအပြည့်ရှိနေတာမှန်ပေမယ့် မန်ယူ မထင်မှတ်ဘဲ ရုန်းကန်ရနိုင်တယ်။

(ဆက်လက်ဖော်ပြပါမည်။)

ရှိုင်းမင်းမင်း

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးကျော်ကျော်၊ မှတ်ပုံတင်အမှတ်[၁၂/တမန(နိုင်)၀၄၃၉၂၈] မော်တော်ယာဉ်သွင်းကုန်ပါမစ်နှင့်သွင်းကုန်အခွန်စာရွက်(မူရင်း)ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဦးကျော်ကျော်** ဖုန်း-၀၉-၄၉၂၅၃၅၇၇

“အိပ်မက်တွေနောက်ကိုလိုက်ပြီး အကောင်းဆုံး လုပ်လိုက်ပါ”

သူဟာ ကမ္ဘာမှာရေပန်းစားနေတဲ့ smartphone brand တွေထဲကတစ်ခုဖြစ်တဲ့ HTC Company ရဲ့ CEOတစ်ယောက်ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ သူနေခဲ့စဉ်ကတည်းကရှိခဲ့တဲ့ အိပ်မက်တစ်ခုကနေစပြီး ဒါတွေအားလုံးအစပြုခဲ့တာပါ။ ဦးဝင်းသန်း ခေါ် Mr. Peter Chou ဟု လူသိများတဲ့သူဟာ မြန်မာနိုင်ငံဆီသို့ HTC ကို ခေါ်ဆောင်လာခဲ့ပါပြီ။ အခုအခါမှာ မြန်မာပြည်သူ လူထုအတွက် ကမ္ဘာ့အကြီးမားဆုံး အခွင့်အလမ်းတွေပွင့်နေပြီဖြစ်ပါတယ်။ ကျွန်တော်ရဲ့အိပ်မက်က အဆင့်အမြင့်ဆုံးနည်းပညာတွေနဲ့အခွင့်အရေးတွေ ချိတ်ဆက်နိုင်ဖို့မြန်မာပြည်သူပြည်သားတွေကိုကူညီချင်တာပါ။ ဒီနည်းနဲ့ သူတို့ဘာသာသူတို့လည်း အိပ်မက်တွေကို အကောင်အထည်ဖော်လို့ရနိုင်ပါပြီလို့ Mr. Peter Chou က ပြောကြားခဲ့ပါတယ်။

မြန်မာနိုင်ငံမှာဘယ်လိုကြီးပြင်းခဲ့တာပါလဲ။ အောင်မြင်မှုအတွက်အတွေးလမ်းစကိုဘယ်လိုရှာတွေ့သွားခဲ့တာပါလဲ။

Peter Chou: ကျွန်တော်မန္တလေးတိုင်းမှာ ကြီးပြင်းလာတာပါ။ ကျောင်းကိုလည်း အဲဒီကနေပဲ တက်ခဲ့ပါတယ်။ ငယ်ငယ်လေး ကတည်းက အိမ်သုံးလျှပ်စစ်ပစ္စည်းတွေကို အရမ်းစိတ်ဝင်စားခဲ့တာ။ ကျွန်တော်အဲဒါတွေကိုဖွင့်ကြည့်တယ်၊ သူတို့ကို ဘယ်လိုလုပ်ထားတယ်၊ သူတို့ ဘယ်လိုအလုပ်လုပ်နေလဲ ဆိုတာသိချင်လို့ တစ်စစီဖြုတ်ကြည့်တယ်။ အဲဒီအချိန်ကတည်းက ကျွန်တော့်အဓိကစည်းမှန်းချက်လမ်းကြောင်းဟာ Engineering ပဲလို့ နားလည်သွားခဲ့တယ်၊ ကျွန်တော်ဒီတစ်ခုတည်းကိုပဲ အမြဲတမ်းတစိုက်မတ်မတ်နဲ့ ကြိုးစားခဲ့ပါတယ်။

အခုတင့်လုပ်ကားလို မဟုတ်ပဲမြန်မာနိုင်ငံက အားလုံးအတွက် တံခါးတွေ ဖွင့်ထားနေပါပြီ။ ဒီအပေါ်မှာ Mr. Peter Chou အနေနဲ့ ဘယ်လိုမျိုးခံစားမိပါသလဲ။

Peter Chou: ကျွန်တော်တို့အားလုံး စောင့်မျှော်နေတဲ့ အရာဟာ နောက်ဆုံးတော့လည်း ဖြစ်လာပါပြီ။ ဒါဟာ မြန်မာ့သမိုင်းမှာ အရေးကြီးတဲ့အခန်းရဲ့ နိဒါန်းအစပါပဲ။ မြန်မာနိုင်ငံသားအားလုံးအတွက် ဂုဏ်ယူစရာအကောင်းဆုံး အချိန်အခါလည်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့တော့ မြန်မာနိုင်ငံဟာ အောင်မြင်မှုတွေ ခွန်အားသစ်တွေနဲ့ အနာဂါတ်ဆီ သို့ ချီတက်ရာမှာ အတိုင်းအတာတစ်ခုကို ရောက်နေပြီလို့ခံစားမိပါတယ်။ မြန်မာနိုင်ငံက ကမ္ဘာကိုတံခါးဖွင့်ပေးရုံနဲ့တင် ကမ္ဘာကလည်း မြန်မာနိုင်ငံအတွက် တံခါးဖွင့်ပေးမှာပါ။ ကမ္ဘာ့ခေါင်းဆောင်များကအစ ကမ္ဘာ brand တွေအဆုံး လူတိုင်းက မြန်မာနိုင်ငံရဲ့တိုးတက်မှုတွေအပေါ်မှာ စိတ်ဝင်စားနေကြတာပါ။

မြန်မာနိုင်ငံမှာ Mobile နည်းပညာပိုပြီး တိုးတက်လာအောင် ဘယ်လိုမျိုး အထောက်အကူပြုနိုင်ပါသလဲ။

Peter Chou: မြန်မာနိုင်ငံရဲ့တိုးတက်မှုတွေကို မြန်ဆန်လာဖို့ဆိုရင်တော့ အဓိကတွန်းအား ပေးနိုင်မယ့်အရာ နှစ်ခုရှိပါတယ်။ ပထမတစ်ခုကComputing ပိုင်းဖြစ်ပြီး နောက်တစ်ခုကတော့ Internet ပဲ ဖြစ်ပါတယ်။ လျင်မြန်မှုနှင့် ခွန်အားကောင်းပြည့်ဝမှုကို ပေးနိုင်မယ့် HTC smartphone တွေမှာ ဒီအရာနှစ်ခုလုံးကို တစ်ပေါင်းတည်း ထည့်သွင်းပေးထားပြီး လူတိုင်းရဲ့ အိတ်ကပ်ထဲရောက်လာစေမှာပါ။

တခြား smartphone တွေကိုအသုံးပြုရတာနဲ့ HTC smartphone အသုံးပြုရတာ ဘယ်လိုကွာခြားပါသလဲ။

Peter Chou: HTC smartphone တွေဟာ ကမ္ဘာ့အဆင့်မြင့်ဆုံးနည်းပညာများဖြစ်တဲ့ ကင်မရာရဲ့ဒီဇိုင်း အရည်အသွေး အသံထွက်ပေါ်မှုအကောင်းဆုံးနဲ့ ဆွဲဆောင်မှုရှိတဲ့ ဒီဇိုင်းပုံစံတို့ကြောင့်လူသိများပါတယ်။ ဒါပေမယ့်လည်း ကျွန်တော် အပြည့်အဝ ကျေနပ်အားရမှုတော့မရှိသေးပါဘူး။ မြန်မာနိုင်ငံရဲ့ လိုအပ်ချက်ဟာ တခြားနိုင်ငံတွေနဲ့ မတူဘူးဆိုတာ ကျွန်တော်သိပါတယ်။ ဒါကြောင့်လည်း HTC ရဲ့ “ဗမာလို” စတိုင်လ်နဲ့ ကျွန်တော်တို့မြန်မာဘာသာနဲ့ အကောင်းဆုံး လုပ်ဆောင်နိုင်တဲ့ smartphone တွေကိုပေးဖို့ ခြေလှမ်းတစ်လှမ်း စတင်လှမ်းခဲ့ပါပြီ။

အစကတည်းကကမ္ဘာ့ပထမဦးဆုံးသောမြန်မာဘာသာစကားကီးဘုတ်ကိုဖန်တီးဖို့ ကျွန်တော်ကိုယ်တိုင် HTC နည်းပညာဆိုင်ရာပညာရှင်များ၊ ဒီဇိုင်းပညာရှင်များနှင့်အတူ ကြိုးစားခဲ့ပါတယ်။ ဒီကနေမြန်မာဘာသာစကားကျွမ်းကျင်တဲ့ ပညာရှင်များရဲ့ အကြံဉာဏ်များကိုလည်း ရယူခဲ့ပြီး ပြည့်စုံမှန်ကန်တဲ့ ဘာသာစကား စနစ်တစ်ခုဖြစ်အောင်ဖန်တီးခဲ့တာပါ။ ဒီစနစ်ဟာ ရိုက်လိုက်တဲ့အတိုင်း မှန်ကန်တဲ့မြန်မာစာလုံးတွေကို ဖော်ပြပေးနိုင်ပါတယ်။ webpage များအစနေနှင့်လည်း မှန်ကန် အောင်ဖော်ပြပေးပါတယ်။ ဒါ့အပြင်ဘယ်သူမဆိုHTC smartphone ကိုကိုင်ပြီး စတင်အသုံးပြုရတာလည်း ရိုးရှင်းလွယ်ကူ ပါတယ်။

HTC နဲ့အတူ အခုမြန်မာနိုင်ငံသားများရဲ့ လိုအပ်ချက်အတွက် ဖန်တီးထားတဲ့ smartphone အမျိုးမျိုးရှိလာပါပြီ။ သူတို့လည်း အကောင်းဆုံး အိုင်ဒီယာတွေကို တစ်ကမ္ဘာလုံးဆီအရောက်ဆက်သွယ်နိုင်ပြီး ဘယ်နေရာမှာမဆိုစီးပွားရေး အခွင့်အလမ်းတွေကိုလည်း ချိတ်ဆက်နိုင်ပြီဖြစ်ပါတယ်။ အဓမ်းနားဆုံး အိပ်မက်တွေမက်နိုင်ပါပြီ။ ပြီးတော့ HTC နဲ့အတူ မြန်မာနိုင်ငံသားတွေဟာ တကယ်တမ်းမိမိရဲ့အရည်အသွေးအစွမ်းအစတွေရှိတယ်ဆိုတာကို ကမ္ဘာကိုပြသနိုင်ပါပြီ။

KMD တွင် ရရှိနိုင်ပါပြီ။

htc
quietly brilliant

အထက်မြန်မာပြည်သတင်း

နေပြည်တော် တပ်ကုန်းမြို့နယ်တွင် အင်တာနက် (3G Networks) ရပြီ



တပ်ကုန်း ဖေဖော်ဝါရီ ၂၂

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ 3G Networks တပ်ဆင်ပေး၍ ဖေဖော်ဝါရီ ၁၅ ရက်မှ စတင်အသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။**(ဓါတ်ပုံ)**

ယခင်က တပ်ကုန်းမြို့နယ်တွင် 2.75G Networks သာ အသုံးပြုခွင့်ရခဲ့ပြီး ယခုအခါ 3G Networks သုံးခွင့်ရသဖြင့် အင်တာနက်လိုင်းများ သုံးစွဲရာတွင် အဆင်ပြေပြီး Download ဆွဲရာတွင် မြန်ဆန်သဖြင့် ပြည်သူများဝမ်းမြောက်လျက်ရှိသည်။

မြန်မာ့ဆက်သွယ်ရေးမှ GSM တိုင်များကို တောင်ပို့သာကျေးရွာ၊ အောင်မြေရိပ်သာကျေးရွာ၊ ညောင်လွန့်ကျေးရွာနှင့် MRTV တို့တွင် တိုင်လေးတိုင်တိုးချဲ့တပ်ဆင်ခဲ့၍ ကျေးလက်နေပြည်သူများနှင့် ဝေးလံဒေသများတွင် တယ်လီဖုန်းပြောဆိုရာတွင်လည်း အဆင်ပြေပြီး ဆက်သွယ်မှုဧရိယာပြင်ပမှ ကင်းလွတ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

(တင့်ဇော်ထွန်း)

အိန္ဒိယ-မြန်မာ အိမ်တွင်းမှု အနုပညာပြပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၂၂

အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုတိုးတက်လာစေရန်နှင့် အနာဂတ်ကာလတွင် နှစ်နိုင်ငံကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ကျင်းပသော ပထမအကြိမ် အိန္ဒိယ-မြန်မာ အိမ်တွင်းမှု အနုပညာပြပွဲအား ဖေဖော်ဝါရီ ၂၀ ရက်က စတင်ကာ မန္တလေးမြို့အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

ပထမအကြိမ် အိန္ဒိယ-မြန်မာ အိမ်တွင်းမှုအနုပညာပြပွဲအား မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးဖုန်းဇော်ဟန်၊ မန္တလေးအခြေစိုက်အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ်ဒေါက်တာ မဒမ်မိုဟန်ဆင်းသီ၊ မဏိပူရလက်မှုအနုပညာဖွံ့ဖြိုးတိုးတက်ရေးကော်ပိုရေးရှင်း အမှုဆောင်ဒါရိုက်တာ နီလာမာနီဆင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နှစ်နိုင်ငံအပြန်အလှန်လက်ဆောင်ပစ္စည်းများ လဲလှယ်ပေးအပ်ကြသည်။

"အနုပညာမြို့တော်လို့ တင်စားခေါ်ဝေါ်ကြတဲ့ မန္တလေးမြို့မှာ ပထမဆုံးလာရောက်ပြသတာ ဖြစ်ပါတယ်။ လက်မှုပစ္စည်း အမျိုး ၃၀ ကျော် ပါဝင်ပြသထားပါတယ်။ အိန္ဒိယက အနုပညာရှင်တွေရဲ့ လက်ရာတွေကို သီးသန့်လာရောက်ပြသတာပဲ ဖြစ်ပါတယ်။ ဈေးကွက်လာရှာတာမျိုးမဟုတ်ပါဘူး။ အိန္ဒိယနိုင်ငံရဲ့ ရှားပါးလက်ရာတွေကိုလည်း ပြသထားပါတယ်" ဟု ပြပွဲတာဝန်ခံတစ်ဦးက ရှင်းလင်းပြောကြားသည်။

အိန္ဒိယနိုင်ငံတွင် တိမ်မြုပ်နေသည့် ဝါးအခြေခံပြုလုပ်ထားသည့် လက်မှုအနုပညာပစ္စည်းများ၊ အိန္ဒိယအဝတ်အထည်များ၊ အိမ်တွင်းမှုလက်မှုပစ္စည်းများဖြစ်သည့် ဦးထုပ်၊ တဘက်၊ လက်ကိုင်အိတ်၊ ရိုးရာဝတ်စုံများနှင့် အနုပညာမြောက် အမှတ်တရလက်ဆောင်ပစ္စည်းများကို ပြသထားသည်။**(အပေါ်ပုံ)**

အဆိုပါ အနုပညာပြပွဲအား အိန္ဒိယနိုင်ငံ မဏိပူရ အိမ်တွင်းမှုနှင့် လက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်း၏စီစဉ်မှုဖြင့် အနုပညာဦးစီးဌာနနှင့် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံး(မန္တလေး)တို့ ပူးပေါင်းကျင်းပခြင်းဖြစ်သည်။ ပြပွဲတွင် အိန္ဒိယနိုင်ငံအိမ်တွင်းမှုနှင့် လက်မှုအနုပညာပြခန်း ၂၁ ခန်းနှင့် မြန်မာနိုင်ငံမန္တလေးမြို့မှ အနုပညာပြခန်း ကိုးခန်း စုစုပေါင်း ပြခန်း ၃၀ ပြသထားသည်။ ပြပွဲအား နံနက် ၁၀ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပြသထားပြီး ဖေဖော်ဝါရီ ၂၄ ရက် နေ့ထိ ပြသသွားမည်ဖြစ်သည်။

(၀၀၂)

နေပြည်တော်တွင် ယာဉ်စစ်ဆေးမှု အရှိန်အဟုန်မြှင့်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၂

နေပြည်တော် ကောင်စီနယ်မြေ ပြည်ထောင်စုနယ်မြေတွင် ယာဉ်တိုက်မှုများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်လျက်ရှိရာ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများကျင်းပ၍ အသိပညာပေးခြင်း၊ ပရိုဂျက်တာ ပါဝါပွိုင့်များဖြင့် ယာဉ်တိုက်မှုဖြစ်စဉ်များကို ပြည်သူများ သိရှိစေရန်ပြသ၍ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဝေ၍ အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထိုသို့ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲများပြုလုပ်၍ အသိပညာလက်ဆင့်ကမ်းမှုများဆောင်ရွက်သကဲ့သို့ တစ်ဖက်မှလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှုမရှိသည့် ချိုးဖောက်ယာဉ်မောင်းများကို ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မထသမှ တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် သတ်မှတ်နေရာများ၌ ယာဉ်ရှောင်တခင် စစ်ဆေးမှုများလည်း ပြုလုပ်လျက်ရှိပေသည်။ ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်အောင်ကျော်စိုး ဦးစီးသော ယာဉ်ထိန်းအဖွဲ့သည် ဇမ္ဗူသီရိအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးချမ်းငြိမ်း၊ မထသ(မြို့တွင်း)မှ ဦးအောင်ကျော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အမှတ်(၄) ရဲစခန်းမှ တာဝန်ရှိသူများ ပါဝင်သော ဇမ္ဗူသီရိယာဉ်စစ်ဆေးရေးအဖွဲ့သည် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီထိ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ပျဉ်းမနား-တောင်ညိုကားလမ်းမကြီး၏ စည်ပင်ဧည့်ရိပ်သာရှေ့တွင် မော်တော်ဆိုင်ကယ်၊ မော်တော်ကား၊ ယာဉ်မောင်းများအား ရပ်တန့်စစ်ဆေးမှုများပြုလုပ်ပြီး အင်္ဂါရပ်နှင့်မညီသော ယာဉ်မောင်းများအား စစ်ဆေးအရေးယူမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သူဇာလှိုင်(မန်းတက္ကသိုလ်)

မြန်ပြည်တစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

အောင်မြေသာစံ၌ ရေပေးဝေ

မန္တလေး ဖေဖော်ဝါရီ ၂၂

မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီ ရေနှင့် သန့်ရှင်းမှုဌာနနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်း၍ မြို့နယ်အတွင်းစီမံကိန်းပိုက်လိုင်းရှိ ရေအားနည်းရပ်ကွက်များအား သောက်သုံးရေပေးဝေခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က အောင်မြေသာစံမြို့နယ် မင်းတဲအီကင်ရပ်ကွက် အကွက် ၁၁၁ တွင် ရေဂါလန် ၁၂၀၀ အားအခမဲ့ ပေးဝေခဲ့သည်။**(ယာပုံ)**

အဆိုပါ ရေပေးဝေခြင်းကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ရေဂါလန် ၄၈၀၀ ပေးဝေပြီး ဖေဖော်ဝါရီ ၁၉ ရက်တွင် ရေဂါလန် ၆၀၀၀ အားလည်းကောင်း ၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရေဂါလန် ၃၆၀၀ အားလည်းကောင်း ပေးဝေခဲ့ပြီး ရေလိုအပ်သော ရပ်ကွက်များသို့ ဆက်လက်ပေးဝေဖြန့်ဖြူးရန် အစီအစဉ်ရှိကြောင်း သိရသည်။ **(ကျော်ထူး)**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၉ယ၊ ၈၇၄၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးစန်းဦး၊ မှတ်ပုံတင်အမှတ် [၅/ရဘန(နိုင်)၁၆၂၄၂၃]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အ ထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို) ရွှေဘိုမြို့

ပျောက်ဆုံးကြောင်း

ကျွန်မ၏ ပတ်စပို့နံပါတ် M -၆၂၆၅၀၅ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

LEE KWE FING (ခ) ဒေါ်စိုးစိုးလှိုင်
ဖုန်း-၀၂ ၃၄၆၂၈

ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်ကွက်၊ အကွက်အမှတ် (၂၉၂)၊ ဦးပိုင်အမှတ် (၈)၊ ၃၇လမ်း၊ ၈၈×၈၉လမ်းကြား၊ ဒေါ်ဝင်းအမည်ပေါက် ဂရန်မြေကွက်အား ဦးတင်မြင့်ဆွေ နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/သပက(နိုင်)၀၀၁၄၀၆] ဒေါ်ခင်လေးလုံ နိုင်ငံသားစိစစ်ရေး ကတ်အမှတ် [၉/သပက(နိုင်) ၀၀၁၄၀၇]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ သက်တမ်း တိုး/အမည်ပြောင်း/ ဂရန်ပျောက် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၅)၊ ဦးပိုင်အမှတ် (၂၇)၊ ၇၀×၇၁လမ်းကြား၊ သာယာဝတီမင်းကြီးလမ်း၊ တပ်ကြပ်ကြီး မိဇာခေးအမည်ဖြင့် တောဂရန် အမှုတွဲအမှတ် ၅၉၆/၉၀-၉၁အရ ချထားပေးသောမြေကွက်အား ဦးဟိုကွမ်းဘာဒူး နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မကန(နိုင်)၀၆၁၀၉၉]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/အမည်ပြောင်း/ ဂရန်မိတ္တူအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (လ-၅)၊ ဦးပိုင်အမှတ် (၂၈)၊ ၇၀×၇၁လမ်းကြား၊ သာယာဝတီမင်းကြီးလမ်း၊ တပ်ကြပ်သန်းထွန်းအမည်ဖြင့် တောဂရန် အမှုတွဲအမှတ် ၁၆၈၄/၉၀-၉၁အရ ချထားပေးသောမြေကွက်အား ဦးဟိုကွမ်းဘာဒူး နိုင်ငံသားစိစစ်ရေးကတ်အမှတ် [၉/မကန(နိုင်)၀၆၁၀၉၉]ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ တောမှမြို့ပြောင်း/အမည်ပြောင်း/ ဂရန်မိတ္တူအမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေခြသေ့မင်းအမှတ်တံဆိပ်
အစာအိမ်လေနိုင်ဆေး

အစာမကြေ၊ လေထိုးလေအောင့်ခြင်း၊ အစားများပြီးအောင့်ခြင်း၊
အဆာခံလွန်း၍ အောင့်ခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း
ကွမ်းနှင့် လက်ဖက်ရည် အပြစားသုံး၍ လေနာရောဂါ စွဲကပ်နေသူများ

ရွှေခြသေ့မင်း ကိုဆောင်ထား။

ပင်ရင်း **ရွှေခြသေ့မင်း**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး။

အမှတ်(၃၁၄)၃၈-၈၄လမ်းထောင့်မန္တလေးမြို့ ။ ☎ ၀၂-၇၂၂၂၅၊ ၀၉-၂၀၀၂၃၈၉

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၃ယ/၁၅၈၈၄ Luojia 110 MC ယာဉ် လက်ဝယ်ရှိသူ ဦးသန်းထိုက် မှတ်ပုံတင်အမှတ် [၉/မဟမ(နိုင်)၀၂၂၉၆၄]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၈ယ/၂၈၈၃၅ ယာဉ်လက်ဝယ်ရှိသူအမည် ဒေါ်မေသက်နွယ် မှတ်ပုံတင်အမှတ် [၅/ရဘန(နိုင်) ၁၀၅၃ ၃၂]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရွှေဘို) ရွှေဘိုမြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅ယ/၂၇၃၇၂ Hensim 110 MC ယာဉ် လက်ဝယ်ရှိသူအမည် ဦးဝင်းမောင် မှတ်ပုံတင်အမှတ် [၉/မနမ(နိုင်)၀၈၈၈၁၄]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာသည့် ရက်မှ (၁၅)ရက်အတွင်း အောက်ဖော်ပြ ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ရွှေဟောင်းသမိုင်းဝင် ကျိုက်ခနုတ်စေတီတော်မြတ်ကြီး ထီးတော်တင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ဒလ ဖေဖော်ဝါရီ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ခနုတ်စံပြကျေးရွာရှိ ရွှေဟောင်းသမိုင်းဝင်ဆံတော်ရှင်ဆုတောင်းပြည့် ကျိုက်ခနုတ်စေတီတော်မြတ်ကြီး၏ ထီးတော်တင်ပွဲကို မတ် ၁၆ ရက် (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၅ ရက်)တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်ခနုတ်စေတီတော်မြတ်ကြီး၏ထီးတော်အား ကျိုက်ထီးဆောင်းစေတီတော်မှ မတ် ၃ ရက်တွင် စတင်ပင့်ဆောင်၍ မင်္ဂလာဒုံဥယျာဉ်တွင် တစ်ညတာကိန်းဝပ်စံပယ်ကာ မတ် ၂ ရက်တွင် ရွှေတိဂုံစေတီတော်သို့ ပင့်ဆောင်၍ သုံးရက်အပူဇော်ခံထားရှိမည် ဖြစ်သည်။**(အပေါ်ယာပုံ)**

ထိုမှတစ်ဆင့် တွံတေးမြို့၊ ကွမ်းခြံကုန်းမြို့၊ ကော့မှူးမြို့နှင့် ဒလမြို့နယ်များတွင် တစ်ရက်စီအပူဇော်ခံထားရှိမည်ဖြစ်သည်။ ယင်းနောက် ထီးတော်ကြီးအား ခနုတ်စံပြကျေးရွာအုပ်စုရှိ ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင် ခနုတ်စေတီတော်မြတ်ကြီးသို့ ပင့်ဆောင်ကာ ယခုဆောက်လုပ်လျက်ရှိသည့် သာသနာ့ဗိမာန်တော်ကြီးတွင် အပူဇော်ခံထားရှိမည်ဖြစ်သည်။

ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆုတောင်းပြည့်ကျိုက်ခနုတ်စေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူပွဲမတိုင်မီ မတ် ၁၂ ရက်တွင် ရဟန်းလောင်း ၁၀၈ ပါး ရဟန်းခံခြင်း၊ သာမဏေ၊ သီလရှင်ဝတ်ပွဲများ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပြီး မတ် ၁၃ ရက် (၁၃၇၄ ခုနှစ် တပေါင်းလဆန်း ၂ ရက်)မှ စတင်၍ မဟာမြတ်ပဋ္ဌာန်းပူဇော်ပွဲအား သုံးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည် ဖြစ်သည်။

ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင်ဆုတောင်းပြည့်ကျိုက်ခနုတ်စေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူပွဲကို မတ် ၁၄ ရက်တွင် မွန်ထီးတော်တင်လှူပူဇော်ခြင်း၊ မတ်၁၅ ရက်တွင် ရှမ်းထီးတော်တင်လှူပူဇော်ခြင်းများ ကျင်းပပြီးမတ် ၁၆ ရက်တွင် မြန်မာထီးတော်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့အား စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်မည်ဖြစ်၍ ရပ်နီးရပ်ဝေးမှ စေတနာရှင် အလှူရှင်များ လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း သိရသည်။

(မင်းရဲမာန်)

သုံးခွတွင် ပဲတီစိမ်းဈေးကွက် အနည်းငယ်တက်

သုံးခွ ဖေဖော်ဝါရီ ၂၂

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်ဈေးကွက်အတွင်းသို့ ပဲတီစိမ်းအသစ်များ ဝင်ရောက်လျက်ရှိရာ တစ်တင်း (ပိဿာ ၂၀)လျှင် ဖေဖော်ဝါရီ ၅ ရက်က ၂၅၅၀၀ ကျပ်၊ ဖေဖော်ဝါရီ ၁၀ ရက်က ၂၄၄၀၀ ကျပ်၊ ဖေဖော်ဝါရီ ၂၀ ရက်က ၂၅၀၀၀ ကျပ်ဖြစ်သောကြောင့် ဈေးနှုန်းအနည်းငယ် ပြောင်းလဲကြောင်း သိရသည်။

ပဲတီစိမ်းမှာ ဖေဖော်ဝါရီလကုန်နှင့် မတ်လတွင် ဖြိုင်ဖြိုင်ပေါ်မည်ဖြစ်ရာ ဈေးနှုန်းအနေအထားပြောင်းလဲနိုင်ကြောင်း သိရသည်။

ဆောင်းသီးနှံပဲတီစိမ်းစိုက်ပျိုးပုံနှင့် တစ်ဧကကုန်ကျစရိတ်ကို သရောတောကျေးရွာမှ ဦးဖိုးစု၏ပြောပြချက်အရသိရသည်။ ပဲတီစိမ်းကို မိုးစပါးရိတ်သိမ်းပြီး နိုဝင်ဘာလမှစ၍ စိုက်ပျိုးရကြောင်း၊ မြေကို လေးလွှာထွန်ရကြောင်း၊ ယခုနှစ်မှာ အချိန်အခါမဲ့မိုးကြောင့် စိုက်ပျိုးချိန်တစ်လနောက်ကြကြောင်း သိရသည်။ တစ်ဧကလျှင် လယ်ထွန်ယက်ခ လေးလွှာအတွက် ၄၀၀၀၀ ကျပ်ကုန်ကျကြောင်း၊ မျိုးပဲခမှာ ၂၇၀၀၀ ကျပ်၊ မြေဆီခ ၁၃၀၀၀ ကျပ်၊ ပိုးသတ်ဆေးနှင့် ပက်ဖျန်းခမှာ ၅၀၀၀၀ ကျပ်၊ ပဲတောင့်ခူးခမှာ ၂၀၀၀၀ ကျပ်၊ ပဲတောင့်ချွေခ ၂၀၀၀ ကျပ် စုစုပေါင်း ၁၅၂၀၀၀ ကျပ် ကုန်ကျကြောင်း သိရသည်။ မိမိလယ်မှပျမ်းမျှ တစ်ဧက ရှစ်တင်းမှ ၁၀ တင်းနှုန်း ထွက်မည်ဟု ခန့်မှန်းထားကြောင်း၊ ယခုပေါက်ဈေးနှင့် တစ်ဧက ၁၀ တင်းနှုန်း ထွက်လျှင် ၂၅၀၀၀၀ ကျပ်ရသဖြင့် တစ်သိန်းနီးပါး အမြတ်ကျန်ကြောင်း သိရသည်။ ပဲအထွက်များ၍ဈေးနှုန်းပိုပါက တောင်သူများ ပို၍တွက်ခြေကိုက်ကြောင်း သိရသည်။ တစ်နေရာနှင့်တစ်နေရာ အထွက်နှုန်းကွာခြားမှု ရှိနိုင်ပြီး လယ်ယာမြေ အမျိုးအစား၊ ရာသီဥတုအခြေနေ၊ ပြုစုပျိုးထောင်ပုံ နည်းစနစ်ကောင်းမွန်ပါက တစ်ဧက ၁၅ တင်းမှ တင်း ၂၀ အထိ ထွက်နိုင်ကြောင်း သိရသည်။

(ကိုကျော်ဆန်း-သုံးခွ)

ကျိုက်သလ္လံစေတီတော်၌ ဓာတ်လှေကားတစ်စင်း ထပ်မံတည်ဆောက်လျက်ရှိ၊ အလှူရှင်များလိုအပ်

မော်လမြိုင် ဖေဖော်ဝါရီ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သမိုင်းဝင်ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြသည့်ဘုရားဖူးများ အဆင်ပြေစွာ တက်ရောက် ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် အရှေ့ဘက်စောင်းတန်းတွင် ပေ ၁၀၀ ကျော်မြင့်သော ဓာတ်လှေကားတစ်စင်း ထပ်မံတည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ကျိုက်သလ္လံစေတီတော်မြတ်ကြီးသည် ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ သွားတော်ဓာတ်နှင့် ဆံတော်ရှင်အား ဌာပနာပြီး တည်ထားကိုးကွယ်ခဲ့သော သမိုင်းဝင်စေတီတော်မြတ်ကြီးတစ်ဆူဖြစ်သည့်အပြင် စေတီတော်ကြီးမှ ထူးခြားသည့်ရောင်ခြည်တော်များကွန့်မြူးသော တန်ခိုးကြီးစေတီတစ်ဆူဖြစ်ရာ ယခုအခါ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးဧည့်သည်များ ဘုရားရင်ပြင်ပေါ်သို့ အလွယ်တကူ တက်ရောက် ဖူးမြော်ကြည်ညိုနိုင်ရန် ရည်ရွယ်၍ ဘုရား၏အရှေ့ဘက်စောင်းတန်းတွင် ဓာတ်လှေကားတစ်စင်းကို အများပြည်သူ၏ ကုသိုလ်ကောင်းမှုဖြင့် ထပ်မံတည်ဆောက်လျက်ရှိကြောင်း၊ ၁၉၉၀ ခုနှစ်ကလည်း အနောက်ဘက်စောင်းတန်းတွင် ဓာတ်လှေကားတစ်စင်းတည်ဆောက်ထားရှိခဲ့ကြောင်းနှင့် ယခုအသစ်ထပ်မံ တည်ဆောက်လျက်ရှိသည့် ဓာတ်လှေကားအတွက် ငွေပဒေသာပင်များလှူဒါန်းလိုပါက ကျိုက်သလ္လံဝိသာခါဝတ်တော်ကြီး ဖုန်း ၀၅၇-၂၁၃၄၄၊ ၂၅၃၃၅၊ ၂၄၁၉၃၊ ၀၉-၅၃၂၂၃၀၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ထက်မင်းအောင်-HGP)

သင့်သွေးဖြင့် အသက်ကယ်ပါ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားစနစ်ဌာနလက်အောက်ရှိ ဓာတ်အားစနစ်ကာကွယ်ရေးနှင့် လျှပ်စစ်စမ်းသပ်ရေးဌာနများတွင် အသုံးပြုရန်အတွက် Testing Instrument များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက် - ၂၅-၂-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၄-၃-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၃၉၁၊ ၄၁၀၂၈၂

နှစ်ဦးသဘောတူလက်ထပ်ပြီးစီးခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နေ ဦးဖိုးဆောင်း-ဒေါ်ဌေးဌေးတို့၏သား မောင်ချမ်းအေးနှင့် ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးမြင့်ဌေး-ဒေါ်ခင်စန်းရီတို့၏ သမီး မသီရိအောင်တို့သည် ၁၅-၂-၂၀၁၃ ရက်(သောကြာနေ့)တွင် ပဲခူးတိုင်းဒေသကြီးတရားရုံး၌ နှစ်ဦးသဘောတူလက်ထပ်ပြီးစီးပါကြောင်း။

မောင်ချမ်းအေး-မသီရိအောင်

Boston Everyone can Speak English now!
English Language Academy
- Pre-School (Age/ 3-5)
- Young Learner (Age/ 6-15) ⇨ (Sat , Sun)
Opening in March
အမှတ်(၁၃)၊ ဗဟိုလမ်းကျောက်မြောင်း၊ တာမွေ။ ၀၁-၅၅၂၃၇

ဘဝခံတွင်းပျက်ဝေဒနာရှင်လူသားတစ်ဦးဖတ်ဖို့
"တစ်စစီပြန်ကောက်ခဲ့ရသော ဘေးမရှာ မျိုးမရသည့် နှလုံးသားအပိုင်းအစများ"
မောင်မောင်သိန်းလှိုင် [၁၆,၂၁၉၆၂-]
မျိုးဆက်သစ်စာပေ၊ ၀၉-၄၂၀၀၈၃၆၈၈၊ ၀၉-၄၂၈၂၂၂၉၆၂

ဒီကာရီ ဆက်သွယ်ရန်
ပယ်ဖျက်၊ ပျက်ပြယ်၊ အကျိုးသက်ရောက်မှု
ဦးထင်ဇော်
[ဥပဒေပညာ(ဦး)...၊ တရားရုံးချုပ်]
ဖိုးဝ ဥပဒေစာပေ၊ ဖုန်း-၀၉၇၃၁၅၆၇၃၃၊ ၆၆၃၀၄၉

အထူးကျေးဇူးတင်ရှိခြင်း

၃၁-၁-၂၀၁၃ ရက် နံနက် ရန်ကုန်-နေပြည်တော် အမြန်လမ်း (၁၁၆)မိုင်တွင် ကျွန်တော်စီးသော SURF ကားတွင် ချွတ်ယွင်းမှုအား စေတနာဖြင့် အသိပေးပြောကြားပေးခဲ့သော ကားဖြူလေးနဲ့ မိတ်ဆွေ(၂)ဦးအား အထူးကျေးဇူးတင်ရှိပါသည်။

ဖုန်း-၀၉-၅၀၆၈၈၈၈

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းမြေကွက်အမှတ်(၃-မာန်ပြေ)၊ မြေကွက်အမှတ်-၅၃၈(A)၊ ဧရိယာ ပေ(၄၀ × ၆၀)၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အားလုံး၏ လက်ရှိပိုင်ရှင် ဦးတင်ငွေ[၁၂/ပဘတ(နိုင်)၀၀၉၆၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်အေးအေးရင်[၁၂/ဗတထ(နိုင်)၀၂၂၉၈၀]က အပိုင်လွှဲပြောင်းဝယ်ယူရန် မြေကွက်ဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပါသည်။

သို့ဖြစ်ရာ ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ သက်ဆိုင်သူများမှ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများတင်ပြ၍ ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်ရက်မှ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-ဦးမြင့်လွင်(ဥပဒေတွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၈၉၃)
အမှတ်(၃၉)၊ မြေညီထပ်၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉၅၁၅၉၃၉၄

ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးခင်မောင်လေး[၁၂/မဂတ(နိုင်)၀၆၃၁၀၇]၏ နိုင်ငံကူးလက်မှတ် M ၆၂၀၁၁၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉၅၁၉၅၇၄၀

ခြံအမြန်ရောင်းမည်(ညှိနှိုင်းဈေး)

စိန်ရတီလမ်း၊ ရတနာကျွန်းရိပ်သာ၊ သုနန္ဒာလမ်း၊ မြောက်ဥက္ကလာပမြို့နယ် အကျယ်ပေ(၆၀ × ၈၀)၊ BL(၂)ထပ်၊ ပါဝါမီတာ၊ ရိုးရိုးမီတာ၊ ကားဂိုဒေါင်(BL-၂ ထပ်)၊ ရေ၊ မီး ဖုန်းပါ။

Ph:01-242340, 398316, 09-420027067

EXCELLENT အနုပညာသင်တန်းကျောင်း
Institute of Art & Music Academy
ရုပ်ရှင်သင်တန်းများ → ဒါရိုက်တာ၊ဇာတ်ညွှန်း၊ မော်ဒယ်၊ သရုပ်ဆောင်
ဂီတသင်တန်းများ → တေးရေးတေးဆို၊ကီးဘုတ်၊ Audio Music၊ တယော၊ ဂစ်တာ၊ Note၊ စန္ဒရား၊ စောင်း၊ Drum၊ ပန်းချီ
ရိုက်ကူးရေးသင်တန်းများ → ဓါတ်ပုံ၊ ဗီဒီယို၊ ရုပ်သံတည်းဖြတ်
အကသင်တန်းများ → Dancer၊ မြန်မာအကမျိုးစုံ
အပါတ်စဉ် (၅) မတ်လ (၁) ရက်နေ့ဖွင့်မည်။ ကျောင်းအပ်လက်ခံပြီ။
ကျောင်းသားများအတွက် နွေရာသီအထူးသင်တန်းများ ဖွင့်လှစ်ထားပါသည်။
(၆၆)၊ အင်းစိန်လမ်းမ၊ လှည်းတန်း၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့ကမာရွတ်၊ ရန်ကုန်၊ ၀၉၅၁၂၃၄၆၇၊ ၀၁၅၁၃၇၆၂

ဆရာဝန်များ ဦးစီးသည့်
Since 1996
စံပြဘော်ဒါ
၂၀၁၃ - ၁၄ အတွက်လက်ခံပြီ
ကန့်သတ်လူဦးရေဖြင့်ထိထိရောက်ရောက်သင်ကြားပေးသည်။
၇၇ (၄ဝါလမ်း)၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ၊
ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၁-၆၃၈၀၅၀၊ ၀၉-၄၂၀၀၈၆၆၅၁

အခန်းဆက်ဝတ္ထု

နှင်းငွေ့တစ်ထောင့် မိုးတစ်မှောင့်

တက္ကသိုလ် ဘုန်းနိုင်

(ယမန်နေ့မှအဆက်)

"ဟုတ်တယ် ခြေထောက်ကော ခြေအိတ်ကော ပေကုန်မှာပေ့ါ"

"အဲဒီလိုဆိုရင် ပိုဆိုးပြီ၊ အခု ရပ်နေတာက ဘုရားမြေ"

မာတုဂါမလေး၏ မျက်လုံးဝန်းဝန်းလေးများ ပြူးသွားသည်။ လျှာလေးလည်း တစ်လစ်ဖြစ်သွား၏။ ထို့နောက် လေသံပျော့ပျော့နှင့် မေး၏။

"ဘုရားမြေပေါ်မှာ မသိလို့ဖိနပ်စီးတာလည်း ငရဲကြီးတာပဲလား"

"ကြီးတာပေ့ါ၊ ဗိမ္ဗိသာရမင်းကြီးဆိုတာ ကြားဖူးလား"

မာတုဂါမလေးက ခေါင်းခါပြ၏။

"ဒါဖြင့် အဇာတသတ်ကော"

"နေဦး ဟိုဒင်း သူ့အဖေသူ ပြန်သတ်တဲ့လူ မဟုတ်လား"

"ဟုတ်တယ်၊ ဗိမ္ဗိသာရဆိုတာ အဇာတသတ်ရဲ့ အဖေပေ့ါ၊ အဲဒီ ရှင်ဘုရင်ကြီးဟာ အသတ်မခံရခင် ခြေဖဝါးကို ဓားနဲ့ခွဲပြီး ဆားအသိပ်လည်း ခံရသေးတယ်"

"အမယ်လေး ကြောက်စရာကြီး"

"အင်း . . . ကြောက်စရာကြီးပေ့ါ၊ အဲဒါ ဟိုဘဝက ဘုရားမြေပေါ် ဖိနပ်စီးခဲ့မိလို့တဲ့"

မာတုဂါမလေးသည် သူ့ဖိနပ်ကို သူပြန်ငုံ့ကြည့်၏။ ချွတ်တော့မယောင် ကုန်းကိုင်လိုက်ပြီးမှ ပြန်မော့ကြည့်၏။ မျက်နှာလေးက ငိုမဲ့မဲ့ ဖြစ်နေရှာ၏။

သည်လိုဆိုပြန်တော့ ရှင်ပညာသာမိ၏ ရင်တွင်းမှာ ကရုဏာ ပေါ်လာသည်။

"မသိလို့လုပ်မိတာက အပြစ်မကြီးပါဘူး၊ ဖိနပ်ချွတ်ပြီး ကန်တော့လိုက်၊ ကန်တော့ရင်အပြစ်တွေ အားလုံးကျေတယ်"

"တကယ်ပြောတာနော်"

"တို့ . . . ဘုရားသားတော်ဆိုတာမျိုးက ဘယ်တော့မှ လိမ်မပြောဘူး"

မာတုဂါမလေးသည် ခြေအိတ်နှင့် ဖိနပ်ကို လျင်မြန်စွာ ချွတ်သည်။ ပြီးတော့ စောစောက ရှင်ပညာသာမိ ထိုင်၍ ပုတီးစိပ်ခဲ့သော ဖျာကြမ်းလေးပေါ် ထိုင်၍ စေတီတော်ကို ဦးချသည်။ ဦးချပြီးမှ လှည့်မေး၏။

"ဘယ်လိုပြောရမှာလဲ"

"ဘာကိုလဲ"

"ဘုရားကို ဘာပြောရမှာလဲ"

"သြော် . . . ဒုက္ခပါပဲ၊ ဘုရားရှိခိုး မရ ဘူးလား"

မာတုဂါမလေးက ခေါင်းခါပြ၏။

"ကဲ . . . ဒါဖြင့် လိုက်ဆို . . . လိုက်ဆို"

ရှင်ပညာသာမိက တိုင်ပေးသည်။ မာတုဂါမလေးက လိုက်ဆိုသည်။

"ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ ဝစီကံ မနောကံတည်းဟူသော ကံသုံးပါးတို့တွင် တစ်ပါးပါးသော ကံဖြင့် ပြစ်မှားကျူးလွန်မိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှာ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ၊ ရတနာမြတ်သုံးပါးတို့ကို ပထမ၊ ဒုတိယ၊ တတိယ၊ တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ်မြောက်အောင် ရိုသေမြတ်နိုးလက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ဘုရား"

ရှိခိုးအပြီး၌ မာတုဂါမလေးသည် ထိုင်ရာမှ ထလိုက်၏။ မျက်နှာလေးက ပြုံးရွှင်ကြည်လင်နေ၏။

"အပြစ်တွေ အကုန်ကျေရောလား"

"အင်း . . . ကျေရော"

"သိပ်ကောင်းတာပဲ"

"ဘာသိပ်ကောင်းတာလဲ"

"အဲ . . . ကိုရင် ရှေ့က ပြောပေးတာလေ"

"ဒါ . . . ဘုရားရှိခိုးတိုင်း ရှေ့က ဆိုရတာပဲ၊ မရဘူးလား"

မာတုဂါမလေးက ဟင့်ခနဲ တစ်ချက်ရယ်ပြီး"အိမ်မှာဘုရားမှ မရှိခိုးတာ"ဟု ဆိုသည်။

"ကျောင်းမှာကော မသင်ပေးဘူးလား"

"ကျောင်းမှာက သီချင်းပဲ ဆိုရတာ"

"ဘယ်ကျောင်းနေလဲ"

"အင်းဂလစ်(ရှ်) မက်သော့ဒစ်(တ်)"

"အဲဒီကျောင်းက ဘယ်မှာရှိတာလဲ"

"ရန်ကုန်မှာ"

"ရန်ကုန်က လာလည်တာလား"

> " ဒီရေကျချိန် ဖြစ်သဖြင့် ဝေန်မြစ် တစ်လျှောက်မှာ လတာတို့ ပေါ်နေသည်။ ရေသူတံငါတို့ လတာစင်၌ ငန်းဝင်း ဆင်နေကြ၏။ ဝေန်မြစ်သည် သည်နေရာ မရောက်မီက ကွေ့ဝိုက်ပြီး သည်နေရာကို ရေဦးသန်သန် ထိုးလာဘိသည် "

"မဟုတ်ဘူး၊ အခုဒက်ဒီက ဒီပုသိမ်ကို ပြောင်းလာတာ၊ စင်သီယာလည်း လိုက်လာရတာပေ့ါ"

"ဘယ်သူ"

"စင်သီယာ၊ အဲဒါ နာမည်၊ စင်သီယာ့နာမည်"

"စင်သီယာ . . . "ရှင်ပညာသာမိသည် နာမည်လေးကို တိုးတိုးရွတ်ကြည့်၏။ သြော် . . . လူလေးလှသလို နာမည်လေးကလည်း လှသည်။ စင်သီယာတဲ့ . . . ။

"စင်သီယာဆိုတော့ လနတ်သမီးလေး၊ ဒီလို အဓိပ္ပာယ်ရတယ်၊ ဟုတ်တယ် မဟုတ်လား"

မျက်လုံးလှလှလေးများ ပြူးကျယ်သွားကြပြန်၏။

"ကိုရင်က အင်္ဂလိပ်စကား တတ်သလား"

"တစ်လုံးနှစ်လုံးတော့ ကို . . . အဲ . . . ကျုပ် တတ်ပါတယ်"

စင်သီယာက ကျေနပ်စွာပြုံးလိုက်ပြီး ဖိတ်ခေါ်၏။

"လာ . . . ကိုရင် ဟောဟိုနား သွားရပ်ကြည့်ရအောင်"

ပြောပြောဆိုဆိုနှင့် စင်သီယာက ရှေ့မှနေ၍ မြစ်ကမ်းနဖူးသို့ သွားသောကြောင့် ရှင်ပညာသာမိလည်း လိုက်ခဲ့၏။

ဒီရေကျချိန် ဖြစ်သဖြင့် ဝေန်မြစ်တစ်လျှောက်မှာ လတာတို့ ပေါ်နေသည်။ ရေသူတံငါတို့ လတာစပ်၌ ငန်းဝင်း ဆင်နေကြ၏။ဝေန်မြစ်သည် သည်နေရာမရောက်မီက ကွေ့ဝိုက်ပြီး သည်နေရာကို ရေဦးသန်သန်ထိုးလာဘိသည်။

စင်သီယာနှင့် ရှင်ပညာသာမိတို့ရပ်နေရာ မြစ်ကမ်းပါးက အတန်မြင့်သည်။ အောက်ခြေ၌ ကမ်းစပ်တွင် ရှေးက ရေတိုက်စားသဖြင့် ပြိုပျက်ခဲ့ရသောစေတီတို့မှ အုတ်ဟောင်းအုတ်ပျက်များကို မြင်ရသည်။ ရေပြင်မှာတော့ ဝဲကတော့တွေ ထိုးနေ၏။ ဗေဒါတစ်သိုက်သည် ဝဲမိ၍ ချာချာလည်နေကြ၏။

ညနေစောင်းခဲ့ပြီ ဖြစ်သောကြောင့် မြစ်တစ်ဖက်တစ်ချက် တောတန်းတို့ထက် နှင်းပြာပြာတို့ ဝေ့နေကြသည်။

ရှေ့ဘက်ကောင်းကင်ရောင်ကား ဆောင်းဝယ်တွေ့နေကျ အပြာဖျော့ဖျော့ထက် နှင်းမြူကမ္ဗလာပါးပါးလွှမ်းထားသည့် မီးခိုးမကျတကျ အရောင်တည်း။ တိမ်ဟူ၍ မျှင်မျှင်သွယ်သွယ် ဟိုတစ်တန်း သည်တစ်တန်းသာ ရှိသည်။ အနောက်ဘက် ကောင်းကင်တွင်သာ တိမ်တောင်တို့လည်းဆင်လာနေ၍ ရောင်မျိုးလည်းကြွယ်နေသည်။ ရောင်မျိုးကြွယ်သည်ဟု ဆိုပေမယ့် လိမ္မော်ရောင်ကသာ ကြီးစိုးနေသည်။ လိမ္မော်ရွှေရောင်သည် မြစ်ပြင်ကိုလည်း ဝင်းဝင်းလက်အောင် ထိုးထားသည်။ သြော် . . . စင်သီယာ၏ ကိုယ်ပေါ်ကိုလည်း လဲ့လဲ့ရွှန်းအောင် ကျရောက်နေသည်။

"မနက်တုန်းက မိုးရွာသေးတယ်"

စင်သီယာက မှတ်ချက်ချသည်ကို ရှင်ပညာသာမိက ဘာမျှပြန်မပြောဘဲ ငြိမ်နေ၏။

"ဟောဟိုတိမ်ကြီးတွေ တက်လာပြီးရင် မိုးထပ်ရွာဦးမလား မသိဘူး"

စင်သီယာက ခရမ်းရင့်ရောင် တိမ်တိုက်ကြီးတစ်ခုကို လက်ညှိုးထိုးပြပြီးဆို၏။

"အင်း . . . ရွာချင်ရွာမှာပဲ"

"ပုသိမ်မှာ ဒီလိုပဲ ဆောင်းတွင်းကြီး မိုးရွာသလား"

"ပုသိမ်မှာ မဟုတ်ပါဘူး၊ တခြားနေရာတွေမှာလည်း ဒီလိုပဲ ဆောင်းတွင်းကြီး မိုးရွာတဲ့အခါ ရွာပါတယ်"

"ဘယ်နေရာတွေ ရွာလို့လဲ"

"ဒီလိုတော့ အတိအကျ မပြောနိုင်ဘူးလေ၊ ကျုပ်ကလည်း တခြားနေရာတွေ သိမ်ရောက်ဖူးတာ မဟုတ်ဘူး"

"ဒါနဲ့ တခြားနေရာတွေမှာ ဆောင်းတွင်းကြီး မိုးရွာတယ်ဆို"

"အဲဒါက ကျုပ် စာတွေထဲမှာ ဖတ်ဖူးတာ"

"စာတွေထဲမှာ . . . အဲဒါက ဘာပြောတာလဲ"

"သြော် . . . ကဗျာတွေကို ပြောတာပါ"

"ကဗျာတွေထဲမှာ ဆောင်းတွင်းမိုးရွာတယ်လို့ ပါတယ်"

"ပါတယ် . . . ရှင်သူရဲဆိုတဲ့ စာဆိုကြီးက ဟောဒီလို စပ်ထားတယ်၊ သူ့မြေသူ့မိုး၊ လွှမ်းစိုးစိမ့်ကြောင်း၊ မငြိမ်တောင်းလျှင်၊ စစ်ညောင်းချီခါ၊ မင်းရေးရာကြောင့်၊ လွမ်းရှာတုံတုံ၊ ရွှေရင်ဆုံကို၊ မလှုံရဘဲ၊ တပ်သာထဲဝယ်၊ သူရဲမယ်သူ၊ သည်မှာဟူသို့၊ လှောက်ကူမိုးသက်၊ ဆောင်းနှင့်ဖက်သည်၊ မြစက်မချမ်းနိုင်တကား . . . တဲ့၊ ဒကာမလေး နားလည်လား"

စင်သီယာက တစ်စုံတစ်ရာ မကျေနပ်ဟန် မျက်နှာလေး စူပြ၏။

"ဒကာမလေးလို့ မခေါ်ပါနဲ့၊ နာမည်ပြောပြီးပြီ မဟုတ်လား"

"ကျုပ်တို့က ဒီလိုပဲ ခေါ်ရတယ်"

"အဲဒါ အဘွားကြီးတွေကိုခေါ်၊ စင်သီယာကို မခေါ်နဲ့"

"ကောင်းပါပြီလေ၊ စင်သီယာ နားလည်သလား"

"ဟင့်အင်း . . . ဒါပေမယ့် နားထောင်လို့ကောင်းတယ်၊ ကိုရင့်အသံက သိပ်ကောင်းတာပဲ"

"ရော . . . ခက်လှချည်ရဲ့၊ ကျုပ်က သီချင်းဆိုပြတာ မဟုတ်ဘူး၊ စာရွတ်ပြတာ"

"အင်းလေ . . . ဘာပဲဖြစ်ဖြစ် နားထောင်လို့ကောင်းလို့ ကောင်းတယ်ပြောတာ"

"ထားပါတော့လေ၊ အဲဒီစာထဲက လှောက်ကူမိုးသက်၊ ဆောင်းနှင့်ဖက်သည် ဆိုတာဟာ ဆောင်းကာလ မိုးကို ဖွဲ့တာ"

"ဘာပြုလို့ ဖွဲ့ရတာလဲ"

"လွမ်းလို့ ဖွဲ့တာပေ့ါ"

"ဆောင်းတွင်း မိုးရွာတာ လွမ်းလို့၊ ဟာဟ. . . ရယ်စရာကြီး"

ခက်ပေပြီ။ အင်း . . . ဘုရားရှိခိုးပင် မတတ်သူကို မိမိက ကဗျာရွတ်ပြမိသည်ကိုး။

ရှင်ပညာသာမိက စကားကိုလွှဲပြီး သိလိုရာကို စုံစမ်းသည်။

"စင်သီယာ . . . အဲ . . . ဒက်ဒီက ဒီကို ပြောင်းလာတယ်ဆိုတော့ အစိုးရအရာရှိပေ့ါ ဟုတ်လား"

"ဟုတ်တယ် ဒီစီ . . . ဟိုဒင်း . . . အရေးပိုင်"

"သြော် . . ."

ရှင်ပညာသာမိက အရေးပိုင်သမီး စင်သီယာကို အံ့သြစွာနှင့် ကြည့်သည်။ ဘာကြောင့်မသိ၊ စိတ်တွင်း၌ ညိုးငယ်ဝမ်းနည်းသကဲ့သို့လည်း ဖြစ်သွားမိသည်။

"ဒီမှာ ကိုရင်"

"ဟာ . . . အင် . . . "

"ဆရာတော်က ဗေဒင် သိပ်မှန်သလား၊ ဟုတ်လား"

"ဗေဒင်မဟုတ်ပါဘူး၊ အကြားအမြင်ရတာ"

"အဲဒါက ဘာပြောတာလဲ"

"သီလဖြူစင်ပြီး အကျင့်သိပ်ကောင်းတဲ့ ပုဂ္ဂိုလ်တွေဟာ သာမန်လူတွေ မမြင်နိုင်တာတွေ၊ မကြားနိုင်တာတွေကို မြင်နိုင်တယ်၊ ကြားနိုင်တယ်"

စင်သီယာက ပြုံးသည်။

"ကိုရင်ကော အဲဒီလို မြင်နိုင် ကြားနိုင်သလား"

"တောက်တီးတောက်တဲ့ ကျုပ် ဝမ်းလားနေပါဦးမယ်"

"ဒါပေမယ့် ခုနင်က ကိုရင်လည်း ပုတီးစိပ်နေတာပဲ မဟုတ်လား"

"ကျုပ်က အခုမှ စကျင့်ရတာ"

(ဆက်လက်ဖော်ပြပါမည်)

Via Myanmar Travels & Tours(Mar-23/Apr-12/May-23) ရက်နေ့တွင် ခရီးစဉ်ရှိပါသည်။
ပုဂံ-ရွှေယဉ်တော်လေးဆူ-ပုပ္ပါး-မှန်ကင်းခရီးစဉ် (၄ည/၅ရက်) (၁၂၀၀၀၀)ကျပ်
မန္တလေး-မင်းကွန်း-စစ်ကိုင်း-ဖြင်ဦးလွင်ခရီးစဉ် (၄ည/၅ရက်) (၁၃၀၀၀၀)ကျပ်
တောင်ကြီး-အင်းလေး-ပင်းတယ-ကလောခရီးစဉ် (၄ည/၅ရက်) (၁၃၀၀၀၀)ကျပ်
မော်လမြိုင်-ကျိုက်ထီး-ကျိုက်ခမီခရီးစဉ် (၃ည/၄ရက်) (၈၀၀၀၀)ကျပ်
ချောင်းသာခရီးစဉ်(နေ့စဉ်)၂ညအိပ်/၃ရက်)(၇၀၀၀၀)ကျပ်(ဟိုတယ်/အစားအသောက်/ကားခ)
ဖုန်း-၀၁-၅၁၄၅၀၁၊၀၉-၇၃၁၃၃၄၈။
5% off

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၈)ရပ်ကွက်၊ (၃၉)လမ်းအထက်၊ အမှတ်၂၃၂(မြေညီထပ်)တွင် ၂၁-၁၀-၂၀၁၂ရက်က မြန်မာနိုင်ငံပညာရေးဖောင်ဒေးရှင်းအဖွဲ့ကို ဖွဲ့စည်းခဲ့ပါသည်။ ယခုအခါ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနက နာမည်တူရှိနေပါ၍ ပြင်ဆင်ပြောင်းလဲရန်ညွှန်ကြားလာပါသည်။ သို့ဖြစ်ပါ၍ ယခင်မြန်မာနိုင်ငံပညာရေး ဖောင်ဒေးရှင်းနာမည်ကို အမျိုးသားပညာရေးဖောင်ဒေးရှင်း(မြန်မာ)နာမည်ဖြင့် ပြောင်းလဲမည်ဖြစ်၍ နာမည်တူအဖွဲ့ အစည်းများရှိပါက ခိုင်လုံသည့်အထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အမျိုးသားပညာရေးဖောင်ဒေးရှင်း(မြန်မာ)နာမည်ဖြင့် ပညာရေးဆိုင်ရာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ဝန်ထမ်းအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)
Aspect Management (Myanmar) Co.,Ltd
ရန်ကုန်၊ နေပြည်တော်နှင့် အခြားနယ်မြို့များအတွက်
၁။ လုံခြုံရေးဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် ကျား/မ(၃၀)ဦး
- ကျန်းမာသန်စွမ်းပြီးရောဂါကင်းဝေးရမည်။
- အကျင့်စာရိတ္တကောင်းမွန်ပြီး ပြစ်မှုကင်းရှင်းရမည်။
- စကားအပြောအဆိုပြေပြစ်ကောင်းမွန်ရမည်။
- အသက် ၂၀ မှ ၄၅ အတွင်း ဖြစ်ရမည်။
- လုပ်ငန်းအတွေ့အကြုံမရှိသူများလည်း လျှောက်ထားနိုင်သည်။
- စစ်မှုထမ်းဟောင်း၊ ရဲမှုထမ်းဟောင်းများ ဦးစားပေးပြီး အသက်လျှော့ပေါ့စဉ်းစားမည်။
- ညအိပ်ညနေအဆောင်နေမည့်သူများလည်း လျှောက်ထားနိုင်သည်။
- အရက်သေစာ သောက်စားသူများ လုံးဝလက်ခံစဉ်းစားမည်မဟုတ်ပါ။

အရည်အချင်းရှိသောဝန်ထမ်းများဖြစ်စေရန် နိုင်ငံတကာအဆင့်မီသော သင်တန်းများအဖြစ် စာတွေ့ လက်တွေ့များကို ကုမ္ပဏီမှ အခမဲ့သင်ကြားပို့ချပေးမည်။
စိတ်ပါဝင်စားသူများသည် အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှရင်း CV Form၊ ဓာတ်ပုံ(၂)ပုံ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့နှင့်အတူ လာရောက်လျှောက်ထားနိုင်သည်။
Aspect Management (Myanmar) Co.,Ltd
အမှတ်(39-A)၊ဖိုးစိန်လမ်း၊(Holiday Restaurant ဘေးလမ်းမှဝင်ရန်)၊ဗဟန်း၊ရန်ကုန်မြို့။
Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ (ဦးစောလှိုင်)-ဒေါ်စမ်းကြည်တို့၏သားလတ်

ကိုစိုးလင်း B.E(Electronics)

(Director) Regards Engineering Co.,Ltd.

နှင့်

မန္တလေးမြို့နှင့်ရန်ကုန်မြို့နေ

ဦးမောင်မောင်-ဒေါ်ခင်မာဌေး(လပြည့်အထည်ဆိုင်)တို့၏တစ်ဦးတည်းသောသမီး

မထိပ်ထားဦး B.A(Geography)

တို့၏ ၁၆-၂-၂၀၁၃ ရက်တွင် Sedona Hotel ၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် မင်္ဂလာဧည့်ခံပွဲတွင် မော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ဒေါ်လှဲ့လှဲ့အေး(ဒု-ခရိုင်တရားသူကြီး)၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးအေးဆွေ(Chief Engineer)နှင့်ဇနီး ဒေါ်ကြည်ကြည်မြိုင်၊ ဒေါက်တာသန်းထွဋ်အောင် (CEO) Eleven Media Group နှင့်ဇနီး ဒေါ်ယဉ်မော်ဦး၊ မေတ္တာဖြင့် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဒုတိယဗိုလ်မှူးကြီးဝင်းအောင်(ငြိမ်း)၊ မေတ္တာဖြင့် လက်ဝတ်ရတနာဆင်မြန်းပေးပါသော ဦးစိန်လှအောင်-ဒေါ်ခင်ဝင်း(ရွှေကုန်သည်)မိသားစု၊ ကိုလတ်-မကြင်ကြင်(ကြယ်စင်နန်းတော်စိန်ရတနာဆိုင်)၊ မေတ္တာဖြင့်သီဆိုဖျော်ဖြေပေးပါသော ညီမငယ် ချစ်သုဝေ၊ ဓာတ်ပုံ ကိုအောင်သီဟဦး-မမြတ်ရည်အောင် (မနောကြေးမုံမိသားစု)၊ မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟမိတ်ဆွေသူငယ်ချင်းများနှင့် မတက်ရောက်နိုင်သော်လည်း မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့များပေးပို့ကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းများအားလုံးနှင့် မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သူအားလုံးတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

ကိုစိုးလင်း-မထိပ်ထားဦး

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ သံသုမာလမ်းနေ
ဒေါ်ခင်အုန်းမြင့်(ပွင့်ဖြူစားသောက်ဆိုင်)၏တူသား
(ဦးဝင်းမော်)(Chief Engineer)-ဒေါ်မြမြဝင်း တို့၏သားကြီး၊
မောင်ပြည့်လင်းမော်၊ မအင်ကြင်းမော် တို့၏အစ်ကို

မောင်ပြည့်ဖြိုးမော် B.E(Mechanical)

Right Click Internet Cafe

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အောင်ဇေယျလမ်းနေ
ဦးအောင်သန်း(ခရိုင်စာရင်းစစ်အရာရှိ-ငြိမ်း)-(ဒေါ်မြမြစိုး)(မြို့နယ်စာရင်းစစ်အရာရှိ-ငြိမ်း)
တို့၏သမီးငယ်၊ မောင်ဟိန်းအောင်သန်း-မထိုက်ထိုက်မော်အောင် ၏ညီမ

မခင်ရတနာအောင် B.Sc(Physics), D.C.Sc

တို့သည် ၁၂-၂-၂၀၁၃ ရက်(အင်္ဂါနေ့)တွင် Western Park Royal Restaurant ၌ နှစ်ဖက်သော မိဘဆွေမျိုးမိတ်သင်္ဂဟများ၏ ရှေ့တွင်လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်ဖြိုးမော်-မခင်ရတနာအောင်

မြေညီတိုက်ခန်းရောင်းမည် တိုက်သစ်(ပွဲစားမလို)

ပေ(၁၂½× ၅၀)ခန့် စမ်းချောင်းမြို့နယ်၊ ပါကေးကွေ့ပြားခင်း/ကပ်၊ သံပန်းပြည့်၊ ဘိုထိုင်အိမ်သာ၊ အလူမီနီယံအိပ်ခန်း(၁)၊ ကိုယ်ပိုင်(ရေ၊ မီး)၊ မျက်နှာကြက် အဆင့်မြင့်ပြင်ပြီး သိန်း(၃၅၈)
ပိုင်ရှင်ဖုန်း-၀၉၇၃၁၅၆၄၉၄

စမ်းချောင်းအဆင့်မြင့်ခြံနှင့် တိုက်သစ်ရောင်းမည်

အာရှတော်ဝင်နှင့် ဆာကူရာဆေးရုံကြီးအနီး ဝင်ဆာလမ်းသွယ် ပေ(၅၄ × ၁၃၀) အကျယ်ရှိ ဆိတ်ငြိမ်ရပ်ကွက်
Ph:095074070, 0943074035, 01-2304509

MCPA Yangon

ရန်ကုန်တိုင်းဒေသကြီးကွန်ပျူတာပညာရှင်အသင်း
ICT-Lab လက်တွေ့စမ်းသပ်မည့်

"Web Development Foundation"

သင်တန်း ဖွင့်လှစ်မည်

နေ့ရက်	- ၄-၃-၂၀၁၃ မှ ၈-၅-၂၀၁၃ အထိ (တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး)
အချိန်	- နေ့လယ် ၃း၃၀ နာရီ မှ ၅း၃၀ နာရီ အထိ
နေရာ	- အဆောင်(၁)၊ MCPA Lab Room၊ MICT Park
ဆရာ	- ကိုဝိန်း @ ကိုဝေလင်းထွန်း(Myanmar Web Solution)
သင်တန်းကြေး	- ၁၂၀,၀၀၀ိ/ (တစ်သိန်းနှစ်သောင်းကျပ်တိတိ)
	MCPA Member - ၁၀၀,၀၀၀ိ/ (တစ်သိန်းကျပ်တိတိ)

လူဦးရေကန့်သတ်ထားပါသည်။ အသေးစိတ်စုံစမ်းရန်-
ဖုန်း- ၀၁-၆၅၂၂၇၆၊ ၀၉-၇၃၀၈၈၃၀၀

ဥပဒေအရေး သိလိုရာမေး

ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ) ဤစာအုပ်တွင် -
လိင်တူခြင်း ယူလို့ရလား? ယောကျ်ားဘဝက မိန်းမဘဝ လိင်ပြောင်းရင် တရားဝင်လက်ထပ်လို့ရလား? နိုင်ငံခြားသားနှင့် တရားဝင်လက်ထပ်လို့ရမရ? ဖန်ပြွန်သန္ဓေသားပြဿနာ ..... စသည် စသည် ...
အမြို့မြို့ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။ **ထွက်ပြီ**
မိသားစုတိုင်းဆောင်ထားသင့်သည့်စာအုပ်

လွင်စာပေ (ရန်ကုန်မြို့) ၀၉-၄၂၁၀၄၅၉၄၂၊ ၀၉-၆၁၅၉၃၉၄

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းကျေးရွာနေ
(ဦးစိန်ထွန်း)-ဒေါ်သန်းမြင့်(ဝိသာခါအထည်ဆိုင်နှင့် ပုလဲဓာတ်မြေဩဇာရောင်းဝယ်ရေး)တို့၏မြေးသား၊
ဦးဘုန်းကျော်(အထက်တန်းကျောင်းအုပ်ကြီး)-ဆရာမ ဒေါ်ခင်ပြုံး(လှိုင်းတာ)တို့၏တစ်ဦးတည်းသောသား

မောင်ထိုက်လင်းဦး

B.A(English), I.M.T CD-30

Field Supervisor(GRET-Delta)

နှင့်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကမကလူကျေးရွာနေ
(ဦးစံရင်မောင်-ဒေါ်အုံးသွယ်)၊ အုတ်ကျွတ်ကျေးရွာနေ (ဦးထွန်းဆိုင်-ဒေါ်ကျော့တင်)တို့၏မြေး၊
ဦးအေးမောင်သန်း-ဒေါ်ခင်စောဝင်းတို့၏သမီးကြီး၊ မောင်ဇင်ကိုကို (2nd Year G.T.C)၏အစ်မ

ဒေါက်တာအေးသန္တာ

B.D.S(Ygn), Diploma in Social Work(Y.U)

Product Executive (Zar & Zar Co.,Ltd.)

တို့၏ ၁၂-၂-၂၀၁၃ (အင်္ဂါနေ့)တွင် အုတ်ကျွတ်ကျေးရွာနေအိမ်၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲနှင့် ၁၆-၂-၂၀၁၃ ရက်(စနေနေ့)တွင် မြင်းကကုန်းကျေးရွာ ဓမ္မဂုဏ်ရည်မဟာစည်သာသနာ့ရိပ်သာ၌ ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတို့အား ကြွရောက်ချီးမြှင့်ပေးပါသော မိသားစုများ၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများ၊ အဘက်ဘက်မှဝိုင်းဝန်းကူညီပေးကြပါသော မိတ်ဆွေ၊ သူငယ်ချင်းအပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးဥပကာရ အထူးတင်ရှိပါကြောင်း။

နှစ်ဖက်သော မိဘဆွေမျိုးများနှင့် မောင်ထိုက်လင်းဦး-ဒေါက်တာအေးသန္တာ

ခေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အုန်းပင်လမ်း၊ အမှတ်(၈၈)နေ ဦးဇော်မင်း-ဒေါ်ရှုဝါ တို့၏တစ်ဦးတည်းသောသား

မောင်အုပ်စိုး(ခ)ဗိုလ်ဗိုလ်အောင်

Can Media Co.,Ltd.(Managing Director)

နှင့်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ထန်းနှစ်ပင်လမ်း၊ အမှတ်(၂၂)နေ (ဦးတင်အေး)-ဒေါ်ကြူကြူအောင် တို့၏သမီး

မကေသွယ်အောင်

(Demonstrator, TU Thanlyin)

တို့သည် ၁၄-၂-၂၀၁၃ ရက်(ကြာသပတေးနေ့) နံနက် ၉ နာရီတွင် Sedona Hotel ၌ နှစ်ဖက်မိဘဆွေမျိုးများ ရှေ့မှောက်တွင် ခေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အုပ်စိုး(ခ)ဗိုလ်ဗိုလ်အောင်-မကေသွယ်အောင်

FAME **GynuHerb®**
Natural medicine for diabetes
ဆီးချိုရောဂါ ကကွယ်ရန်နှင့်ကုသရန်
TMR 009054 (0814)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME **HerbalSleep®**
Herbal sedative
သဘာဝအိပ်ဆေး
TMR 011160 (1114)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မှတ်ပုံတင်နံပါတ် ကက/၁၃/၁၀/၀၁၂
မလိခဦးလှချစ်ကိုယ်တိုင်တည်ထောင်အုပ်ချုပ်သောစည်းကမ်း၊ စေတနာ၊ ပညာတို့တွင် စံပြ

ပညာပါရမီ ကိုယ်ပိုင်အထက်တန်းဆင့်ကျောင်း

(၉)တန်း၊ (၁၀)တန်းအဆင့်မြင့်ဘော်ဒါ

- ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးခြားစီထားရှိ၍ ကိုယ်ပိုင်ကျောင်းတွင် သင်ကြားရေးအထောက်အကူပြုပစ္စည်းများဖြင့်ကျောင်းသား၊ ကျောင်းသူသီးသန့်စီ စနစ်တကျ လေ့ကျင့်သင်ကြားပေးသည်။
- ဘော်ဒါဆောင်နှင့် ကိုယ်ပိုင်ကျောင်းသို့ မိဘ/အုပ်ထိန်းသူနှင့် ကျောင်းသား၊ ကျောင်းသူ ကိုယ်တိုင်လာရောက်စုံစမ်းပြီး၊ ယုံကြည်စိတ်ချ စိတ်တိုင်းကျမှ ကျောင်းအပ်နှံပါ။
- ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြိုတင်လက်ခံပါပြီ။
(လူဦးရေ ကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှသာ နေရာအတွက် စိတ်ချရပါမည်။)

မြေအမှတ် ၄၂(ခ)၊ နန်းဆီလမ်းနှင့် ပါရမီ လမ်းမကြီးထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁ - ၆၆၁၃၄၁၀၊ ၀၉ - ၅၁၃၅၅၀၀၁

ရောင်းရန်ရှိသည်

၁။ ပြည်လမ်းမတန်း(ဒဂုံမြို့နယ်) 64' x 120'
၂။ ပြည်လမ်းမတန်း (7½ မိုင်) 85' x 85' ပေါ်ရှိ ၂ ထပ်တိုက်၊
၃။ ရွှေတောင်ကြားလမ်းမတန်း 100' x 100' ပေါ်ရှိ ၂ ထပ်တိုက်သစ်၊
၄။ သံလွင်လမ်းမတန်း(ဝင်ဒါမီယာ) 75' x 150'
၅။ အင်းယားမြိုင်လမ်း 60' x 90' ပေါ်ရှိ ၂ထပ်တိုက်သစ်၊
၆။ အင်းယားမြိုင်လမ်းမတန်း 65' x 60'(မြေ)
၇။ သံလွင်လမ်းသွယ် 37' x 120'(မြေ)

ဖုန်း-၅၄၉၁၄၄၊ ၀၉-၅၀၂၂၁၅၉၊ ၀၉-၅၀၃၅၅၂၉၊ ၀၉၇၃၀၇၄၀၉၃

ဒီဇယ်၊ဓာတ်ဆီ
စက်ပြင်သင်တန်း
(နေ့ကိုင်မှုအခဲ)
ဖုန်း- ၄၈၀၆၃၅ ၊ ၉၄၄၉၂၄
၀၉ ၅၀၅၂၁၀၅

မြင်ဆင်ဖတ်ရှုပါရန်

အမွေဆက်ခံရန် သက်သေခံလက်မှတ်စာရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ ၃၇၃
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်(၄၃)
ကွယ်လွန်သူအစ်မဒေါ်တင်တင်ဦး ကျန်ရစ်သော ဘဏ်စုငွေကိစ္စ

ဒေါ်သန္တာခိုင်
အခန်းအမှတ်(၄၀၃)၊ တိုက်အမှတ်(၁၈)
မြနန္ဒာ(၅)လမ်း၊ မြနန္ဒာအိမ်ရာ
အမှတ်(၁၄)ရပ်ကွက်၊ လှိုင်မြို့နယ်။
ရန်ကုန်မြို့ **လျှောက်ထားသူ**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ မြနန္ဒာ(၅)လမ်း၊ မြနန္ဒာအိမ်ရာ၊ အခန်းအမှတ်(၄၀၃)၊ တိုက်အမှတ်(၁၈)နေ ဒေါ်သန္တာခိုင်က ကွယ်လွန်သူ အစ်မဒေါ်တင်တင်ဦး၏ ညီမဖြစ်သည်ဟူ၍ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်နေ ကွယ်လွန်သူ ဒေါ်တင်တင်ဦးမှ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို တောင်းခံရန်၊ အမွေဆက်ခံရန်၊ သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးတော်၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သွားသော ဒေါ်တင်တင်ဦးမှ ကျန်ရစ်သော ပစ္စည်းများအပေါ် ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးတော်သို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၆ ရက် (၁၃၇၄ ခုနှစ် တပို့တွဲလပြည့်ကျော် ၉ ရက်)တွင် လာရောက်ရမည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဒေါ်သန္တာခိုင်၏ လျှောက်ထားချက်ကို ကြားနာ၍ လက်မှတ်ရသင့်၊ မသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝီလ်မာထွန်းခင်
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ဆီးချို၊ သွေးချို ပျောက်စေလို

ဆီးချို၊သွေးချိုရောဂါကို အနောက်တိုင်းဆေးသိပ္ပံတွင် ပျောက်ကင်းအောင်ကုသနိုင်သောဆေး မရှိသေး။ ရှားစောင်းသဏ္ဍာန်ရည်နှင့် ရှားစောင်းသက်ဝင်ချဉ်ကျိတ်မှုန့်တို့ကို (သုံးသဘာဝ) နဲ့မြန်မာ ...
"ချက်ခြင်းသောက် ...."

သဘာဝသုခ

ဖြန့်ချိရေးဆိုင်- အမှတ်(၃၃)၊ မြလမ်း၊ ကျိုက္ကဆံရပ်ကွက်၊ တာမွေ၊ ရန်ကုန်မြို့။
TEL : 09-730 71133, 09-730 81817
ပင်ရင်း(ဆိုင်ခွဲ) - အမှတ် A-7၊ ဥသာလမ်း၊ ရွှေပြည်သာစက်မှုဇုန်၊ ... ၊ ရန်ကုန်မြို့။
TEL : 01-206206(Ext:)1007, 09-509 8512
မန္တလေး(ဆိုင်ခွဲ) - 'ဂမ်းဘော'ရောင်းဝယ်ရေး၊ အမှတ်(၂၀၂)၊ ၈၄လမ်း၊ ၃၃ x ၃၄လမ်းကြား၊ မန္တလေးမြို့။ TEL : 02-66178

အများသိစေရန်

နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ကျားသေအိုင်အုပ်စု၊ ဇီးကုန်းရွာအနီးရှိ ကွင်းအမှတ်-၁၄၁၀၊ (၀. ၂၅)ဧကရှိ မြေကွက်ကို လွန်ခဲ့သော ၅ နှစ်ခန့်က ဦးဇင်ဝင်းထွန်း [၉/ကဆန(နိုင်)၁၁၅၇၅၈]ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်ထွန်းက သိန်း(၂၀)ကျပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေကွက်ကို ဦးကြည်ထွန်းမှ အခြားသူသို့ လွှဲပြောင်းရောင်းချမည်ဖြစ်၍ ပိုင်ဆိုင်သည်ဟု အဆိုရှိသူများက ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အထက်ဖော်ပြပါ မြေကွက်သည် ကျွန်ုပ်၏မိတ်ဆွေ ဦးကြည်ထွန်းတစ်ဦးတည်းသာ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးညွန့်တင် LL.B	**ဒေါ်ထက်ထက်စိုး LL.B**
အထက်တန်းရှေ့နေ(၁၇၅၃၅)	**အထက်တန်းရှေ့နေ(၂၅၉၃၂)**
အောင်ဇေယျရပ်ကွက်	**အောင်ဇေယျရပ်ကွက်**
နေပြည်တော်၊ တပ်ကုန်းမြို့	**နေပြည်တော်၊ တပ်ကုန်းမြို့**
ဖုန်း-၀၉-၄၃၀၃၇၈၆၅	**ဖုန်း-၀၉-၄၃၁၃၉၇၇၆**

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သုဝဏ္ဏမြို့နယ်နေ(ဦးညိုဝင်း)-ဒေါ်စမ်းစမ်းယဉ် တို့၏သားကြီး၊ မဟာန်သီသီဝင်း၏အစ်ကို

မောင်ဇာနည်ဝင်း A.G.T.I, B.E (Civil)

Site Engineer, TOA Corporation (Singapore)

နှင့်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ဦးစိုးမင်းဦး - ဒေါ်မြယဉ် တို့၏သမီးကြီး

မသဇင်စိုးမင်းဦး B.A (Business Management)

Dip.MAc., LCCI, ACCA (PartII)

Administrative Accounts Executive, City-Tech Associates (Singapore)

တို့၏ ၇-၂-၂၀၁၃ (ကြာသပတေးနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ထိုးပေးပါသော ဒေါ်အေးသန်း (တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီး)အားလည်းကောင်း။ ၉-၂-၂၀၁၃(စနေနေ့)တွင် ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် ရန်ကုန်မြို့ *Yuzana Garden Hotel* တွင် ကျင်းပပြုလုပ်သော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ် ပန်းကုံးဆင်မြန်းချီးမြှင့်ပေးပါသော ဦးပြည်မိုး *(Executive Director, Myanmar Megasteel Industries Ltd)* နှင့် ဒေါ်မာမာခင် (*Silky Wear* ပိုးထည်တိုက်) တို့အားလည်းကောင်း မင်္ဂလာလက်ထပ်လက်စွပ် ဆင်မြန်းချီးမြှင့်ပေးပါသော ဦးစိုးပိုင် *(Executive Director, Novel Light Media Ltd)* နှင့် ဒေါ်မြမာဇံ *(Director, Market Direct Journal)* တို့အား လည်းကောင်း မင်္ဂလာပန်းကြဲပေးသော မဟာန်သီသီဝင်း မင်္ဂလာအောင်စံပယ်ပန်းကုံးကလပ်ကိုင်ဆောင်ပေးသော မသဲစုထွေး မင်္ဂလာလက်ထပ်လက်စွပ်က လပ်ကိုင်ဆောင်ပေးသော မခင်သန္တာစင် သတို့သမီးအတွက်လက်ဝတ်ရတနာများ လက်ကိုင်ပန်း၊ မိတ်ကပ်နှင့် ဆံပင်အလှပြင်ပေးသော ခင်စန်းဝင်း၊ တေးသံသာများနှင့် ဧည့်ခံဖျော်ဖြေပေးသော *Aces* တီးဝိုင်း၊ မင်္ဂလာဝတ်စုံ ချုပ်လုပ်ပေးသော ဒီဇိုင်နာပြည်စိုးအောင်၊ မင်္ဂလာအကြိုမှတ်တမ်း တင်ဓာတ်ပုံရိုက်ကူးပေးပါသော မိုးကိုဦး ဓါတ်ပုံနှင့် ဗီဒီယိုအဖွဲ့၊ မင်္ဂလာမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးဓါတ်ပုံနှင့် ဗီဒီယိုအဖွဲ့ *Yuzana Garden Hotel* မှ ဝန်ထမ်းများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အစမှအဆုံး မေတ္တာဖြင့်ကူညီ ပေးပါသော မိတ်ဆွေများ၊ မင်္ဂလာဧည့်ခံပွဲသို့ ကိုယ်တိုင် မကြွရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အထူးကျေးဇူးဥပကာရတင်ရှိပါကြောင်း မော်ကွန်းမှတ်တမ်းတင်အပ်ပါသည်။

ဇာနည်ဝင်း-သဇင်စိုးမင်းဦး

မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြခွာညိုအိမ်ရာနေ ဦးမောင်မောင်မြင့်-ဒေါ်စမ်းစမ်းထွေးတို့၏ သားငယ် Australia နိုင်ငံ၊ Perth မြို့နေ

မောင်အောင်လက်ျာ B.A(Myanmar)

Maintenance Officer

(Rio Tinto Iron Ore Mining, Australia)

နှင့်

Singapore နိုင်ငံ၊ Pasir Panjang Apartment နှင့် ရန်ကုန်မြို့၊ သုဝဏ္ဏ၊ နေအောင်လမ်း၊ အမှတ်(၂၀၄)နေ တရားရုံးချုပ်ရှေ့နေ(ဦးရဲမြင့်)-ဒေါ်မြင့်မြင့်သန်းတို့၏သမီးငယ်

မရည်မွန်သူ B.E(Electronics), YTU

M.Sc(Computer Control & Automation), NTU Singapore

Application Engineer, Elshin International Pte., Ltd.

Singapore

